
www.burmeseclassic.com



www.burmeseclassic.com

# စောညို

## သူတို့ ဘယ်သူတွေလဲ

စာမူခွင့်ပြုချက်အမှတ် - ၆၂၂/၂၀၀၄ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၉/၂၀၀၄ (၃)

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ၊
ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၃၃) စာတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

စီစဉ်သူ
မောင်ကျော်လှိုင်

စာတနာ

## သူတို့ဘယ်သူတွေလဲ

# စောညို

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## သူတို့ဘယ်သူတွေလဲ ဝတ္ထုဇာတ်လမ်းဦးတည်ရည်ရွယ်ချက်

ထိုဝတ္ထုဇာတ်လမ်းကို စာရေးသူသည် အောက်ပါရည်ရွယ်ချက်များ ထားရှိရေးခဲ့ပါ၏။

၁။ မိမိ၏ဝတ္တရားကို မိမိကျေပွန်စွာ ဆောင်ရွက်ရေး။
၂။ တရားဥပဒေကို တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ရေး။
၃။ တစွတ်ထိုး စိတ်ဓာတ်သည် ခိုင်မာသောစိတ်ဓာတ်မဟုတ်ဘဲ ထင်ရာမြင်ရာကို လုပ်တတ်သောစိတ်သဘောရှိ၍ အကျိုးတရားထက် အပျက်တရားကို ရှေ့ရှုစေကြောင်း။
၄။ အယူအဆဟူသည် တစ်ဖက်သတ် တစ်ယူသန်မဟုတ်ဘဲ နှစ်ဘက်သဘော ညီ၍ မရှိုမပင်ဝါဒသဘောကိုဆောင်သော အယူအဆရှိစေရန်။
၅။ စွဲလန်းခြင်းသည် ဥပါဒါန်စနစ်ကိုသာဆောင်၍ ဖျက်မှောက်အကျိုးကို တိမ်ကောကျိုးပျက်စေခြင်းဖြစ်ကြောင်း။

စာရေးသူ၏ အတွေး၊ အရေး၊ စိတ်ကူးမှုတို့ဖြင့် ပရိသတ်စာဖတ်သူများ စိတ်ဝင်စားစေရန် ဤဝတ္ထုဇာတ်လမ်းကို ဖွဲ့စည်းအပ်ပါသည်။

စောညီ၊

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# ဗေတ်လမ်းစဉ် ၁

လောကကြီးတွင် မမြင်ဖူး၊ မတွေ့ဖူးသောအရာတွေအများကြီးရှိသည်ဟု ဖေဖေက ဆိုခဲ့ဖူးသည်။

ငယ်စဉ်ကလေးဘဝက ဒါတွေကို အမှတ်မပြုမိခဲ့။ သတိလည်း မထားခဲ့ပါ။

အရွယ်ရောက်လို့ အသိဉာဏ်ပြည့်စုံလာသည့်အချိန်မှာ ဖေဖေ့စကားကို အမှတ်ရသည်။

ဟုတ်လည်း ဟုတ်၏။

မမြင်မတွေ့ရဘဲနှင့် ထူးဆန်းအံ့ဩစရာ ကြုံခဲ့ရသည်။

www.burmeseclassic.com



အဲဒါက… ကံကြမ္မာ။

ကံကြမ္မာသည် မမြင်မတွေ့ဖူးဘဲနှင့် မထင်မှတ်သောအဖြစ်တွေ၊ အပျက်တွေကို ထင်ဟပ်ဖြစ်ပေါ်စေသည်။

မထင်မှတ်ဘဲ ဘဝကို ကကျိုးကကြောင်ဖြစ်အောင်လူကို လှည့်စားတတ်သည်။

စနေကြုံခဲ့ရည်။ ဝမ်းသာရတော့လည်း ဝမ်းသာရသည်။ ကြေကွဲရသည့် အချိန်မှာလည်း ကြေကွဲရသည်။

ကံကြမ္မာသည် ဘဝ၏တရားသူကြီးဆိုတာ နားလည်ခဲ့ပြီပေါ့… ။

ယခုလည်း…

သူ မမြင်ရသောကံကြမ္မာလိုပင် မယုံကြည်နိုင်သော ထူးဆန်းသော အံ့ဩဖွယ်ရာတွေကို ကြုံခဲ့ဆုံခဲ့ရသည်။ အဲသည်အထဲမှာ ပါဝင်ခဲ့ရသည်။

ဒါတွေ၏ အစကား…

*****



"ဟိုမှာတွေ့လား… ကိုစနေထွန်း"

ခင်မောင်ဆွေ ညွှန်ပြသောနေရာက မြို့၏အရှေ့ဘက် တောင်တန်းကြီးပေါ်မှ ကြည့်လျှင် အရှေ့မြောက်ဘက်ယောက် သတ်မှတ်နိုင်၏။

မိမိတို့ရောက်ရှိနေသော ရွှေဘုန်းပွင့်ဘုရား၏ ရင်ပြင်တော်မှ မျှော်ကြည့်လျှင် အဲဒီနေရာမှာ မြူခိုးတွေဝေဆိုင်းနေသော တောင်တန်းတောင်လိပ်တွေပဲ မြင်နေရ၏။

"ဘယ်နေရာလဲဗျ… ကိုခင်မောင်ဆွေ… "

"ဟိုးမှာလေဗျာ… "

"ဟာ… ခင်ဗျားထိုးပြတဲ့ လက်ညှိုးကြီးကိုပဲ မြင်နေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလက်ညှိုးညွှန်ရာကို လိုက်ကြည့်ဗျာ... တောင်တွေ

တွေ့မယ်... အဲဒီတောင်တွေထဲမှာ ခပ်ရှည်ရှည်တောင်

တွေ့မယ်...အဲဒီတောင်က လူတစ်ယောက်ခါးကုန်းနေသလို

ပဲ... "

ကိုခင်မောင်ဆွေ၏ လက်ညှိုးတစ်ဆုံးကို စနေ

လိုက်ကြည့်၏။ တောင်တွေက အဝေးကြီး။ ပြီးတော့ ဆောင်းကုန်

စဆိုတော့ မြူနှင်းတွေ ဗိုဆိုင်းသည်။

မြူနှင်းတွေကြားမှ ရိပ်ရိပ်ပဲမြင်နေရသည်။

မိမိတို့ တောင်တန်း၏ အထက်ဘက်မှာ ဘုရား

သည်။ ရွှေဘုန်းပွင့်ဘုရား... ။ မြစိမ်းတောင်ဘုရားဖြစ်သည်။

ရွှေဘုန်းပွင့်ဘုရားကို ဖူးရင်းမှ တစ်နေရာကို

ကိုခင်မောင်ဆွေက စနေထွန်းကို ညွှန်ပြနေခြင်းဖြစ်သည်။

မှန်ပြောင်းရှိလျှင် အကောင်းသား။

ခုတော့... ဘုရားပေးသည့် မျက်လုံးတွေကိုပဲ အား

ထားနေရ၏။

ဒါပေမဲ့... စနေက လူငယ်။

မျက်လုံးအားလည်း ကောင်းသည်။ ဒုရဲအုပ်ဖြစ်

လာစဉ်က သည်မျက်လုံးတွေကိုပဲ အမှုမှာ အသုံးချခဲ့ရသည်။



"အား... တွေ့ပြီ... တွေ့ပြီ... "

"တွေ့ပလား... "

"ဟုတ်ပ... မြူတွေဖုံးနေတော့ အတော်အားစိုက်ကြည့်ယူ

ရတယ်... ထယ်မိုင်လောက်ရှိမယ်ထင်တယ်... ကိုခင်မောင်

ဆွေ... "

"မထင်နဲ့ဗျ... စကားစာဆိုကြားဖူးတယ်မဟုတ်လား...

အမြင်သာနီးလျက်နဲ့ ခရီးကဝေးလှတယ်ဆိုတာလေ... အဲ

ဒါ တောင်ရှိရာကို ပြောတာဗျ... ပြီးတော့ အသီးသေးတာ

က ညောင်... ခရီးဝေးတာက တောင်ဆိုတာလေ... ခင်ဗျား

စိတ်ထင် ဆယ်မိုင်ဆိုပေမယ့် တကယ့်ခရီးက မိုင်သုံးဆယ်

လောက်ရှိတာဗျ... "

"အဲဒီနေရာမှာ ရွှေထွက်တယ်တဲ့လားဗျာ... "

"တစ်ချိန်က အဲဒီနေရာကိုသွားပြီး လူတချို့ရွှေသွားတူးကြ

တာပါပဲ... ရွှေကြောမတွေ့ဘဲ သေကြောတွေ့လို့ ပြန်ပြေး

လာတဲ့သူတွေရှိတယ်... "

"ဘယ်လိုသေကြောတွေ့တာလဲ... "

"အာ... ကိုစနေထွန်းရာ... အဲဒီနေရာက တောနည်းနက်

တယ်...ငှက်ဖျားကလည်းရှိ...သားရဲတိရစ္ဆာန်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့… ပြီးတော့ မကောင်းဆိုးဝါးတွေလည်း ရှိကြတယ်ဗျ"

"ငှက်ဖျားတို့… သားရဲတိရစ္ဆာန်တို့ကတော့ ထားပါတော့… မကောင်းဆိုးဝါးဆိုတာ… ဘာလဲ"

မေးရင်းက စနေက ရင်ပြင်တော်မှာ ဘောင်ခတ်ထားသော အုတ်တံတိုင်းကို နောက်ပြန်မှီလိုက်၏။

ရွှေဘုန်းပွင့်တောင်မှာ မြို့၏အရှေ့တောင်ဘက်ဖြစ်သည်။ ရွှေဘုန်းပွင့်ဘုရားနှင့် မြစိမ့်တောင်ဘုရားကို မြို့ထဲမှကြည့်လျှင် တောင်ပေါ်မှာ ထင်းထင်းကြီးမြင်နိုင်သည်။

သည်ကနေ့တော့ သည်မြို့ကို အလည်ရောက်လာသော စနေထွန်းကို မြို့ခံလူကိုခင်မောင်ဆွေက လိုက်ပို့ခဲ့သည်။ ကိုခင်မောင်ဆွေက စနေအား မြို့နှင့်ဝေးကွာသည့်နေရာမှ တောင်တစ်တောင်အကြောင်းပြောဖူးသည်။

ထိုတောင်မြေတွင် ရွှေကြောရှိဟန်တူကြောင်း။

လူသုံးလေးယောက် ယင်းတောင်ဘက်သွားရင်း ဆေးမြစ်များတူးရာမှ ရွှေအချို့ကို တူးဖော်ရရှိကြောင်း၊ ယင်းရွှေမှာ မြေကြီးနှင့်ရောနေသော ရွှေမှုန်များမဟုတ်ဘဲ အတုံးအခဲအပိုင်းအစအချို့ဖြစ်ကြောင်း၊ အဲဒါတွေကိုရကာ ချမ်းသာသွားကြောင်းပြောဖူးသည်။



စနေက စိတ်မဝင်စားခဲ့ပါ။

ရွှေတွေ့တာ ဘာထူးဆန်းတာမှတ်လို့၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာလည်း ရွှေကျင်သည့်လူတွေရှိကြဖူးသည်။ ပြီးတော့ မန္တလေးနှင့် မနီးမဝေးမှာလည်း ရွှေကြောတွေ့သည်ဟု ပြောကြဖူးသည်။

ရွှေဆိုတာ မြေကြီးထဲက ထွက်တာဘာထူးလို့လဲ။

ဒါပေမယ့်… ယခု ကိုခင်မောင်ဆွေ ပြောသောစကားတွေက စိတ်ဝင်စားစရာတော့ ဖြစ်လာ၏။

"အဲဒီလူသုံးလေးယောက်က ရွှေရလာတယ်ဆိုတော့ မြို့ကလူတချို့က သွားတူးကြတာပေါ့ဗျာ… အဲဒီမှာ ရွှေတော့မတွေ့ဘူး… ငှက်ဖျားမိသေတဲ့လူနဲ့… ကျားကိုက်ကျားဆွဲလို့ သေတဲ့လူနဲ့… တချို့တော့ သရဲအချောက်ခံပြီး ရူးသွားတဲ့လူနဲ့ ပြန်ပြေးလာကြတယ်လို့ ကြားရတယ်…"

"သရဲချောက်တယ်… ဘာလဲဗျ… ကိုခင်မောင်ဆွေ… ခင်ဗျား ဒါတွေယုံသလား… ဒါတွေဟာ နိုင်ငံတကာ့ ပွဲတော်တွေမှာ တမ်းပုံပြင်တွေပါဗျာ… ခင်ဗျား ကလေးဆန်နေပြီနော်"

"သရဲတစ္ဆေဆိုတာ လောကကြီးမှာ မရှိပါဘူးဗျာ… ကျွန်တော် မယုံပါဘူး… ဒါပေမယ့် အချောက်ခံရတဲ့ လူကိုယ်

www.burmeseclassic.com



နှိုက်က ရူးတူးတူးဖြစ်လာပြီး သူပြောတာတွေကလည်း ဖြစ်နိုင်တယ်ဆိုတော့... ”

“အဲဒီလူ ဘယ်နှစ်ယောက်ရှိလဲ... ”

“ဒီမြို့မှာ သုံးယောက်ရှိတယ်... တစ်ယောက်ကတော့ ဒီမြို့က ပြောင်းသွားပြီ... တစ်ယောက်ကတော့ ရူးတုန်းပဲ... နောက်တစ်ယောက်ကတော့ ပယောဂဆရာတွေနဲ့ ကုလို့ ပုံမှန်ပြန်ဖြစ်လာတယ်ဗျာ... အဲဒီလူနဲ့ ကျွန်တော်တွေ့ပြီး မေးကြည့်ရာက သိလာတာပါ... ”

စနေ၏ မျက်နှာက စပ်ဖြည်းဖြည်းဖြစ်လာသည်။

“ခင်ဗျားလည်း ဘွဲ့ရ... ကျွန်တော်လည်း ဘွဲ့ရပဲ... ခေတ်စကားအရ ခေတ်ပညာတွေသင်ပြီး ဒါတွေကို ခင်ဗျားလက်ခံနေသလား... ကိုခင်မောင်ဆွေရာ... ”

စနေနှင့် ကိုခင်မောင်ဆွေမှာ ရန်ကုန်တက္ကသိုလ်မှာ အတူတူတက်ခဲ့ဖူးသည်။ မေဂျာချင်းလည်း တူသည်။ လူတွေကတော့ တစ်ယောက်နှင့်တစ်ယောက် သိဖူးခင်မင်ဖူးခဲ့သည်။

“ကျွန်တော်တို့ သင်တဲ့ ပညာရပ်တွေထဲမှာ သရဲတစ္ဆေမယုံရဘူးဆိုတဲ့ ပညာရပ်တွေ မပါပါဘူးဗျာ... သရဲတစ္ဆေအကြောင်းလည်း မပါပါဘူး... သရဲတစ္ဆေဆိုတာ လောကနဲ့



လူတွေပြောကြတဲ့ ပညာရပ်တစ်ခုပါ... ခေတ်ပညာခေတ်သစ်သင်ခန်းစာတွေကို ခံယူလာတဲ့ ကျွန်တော်တို့က တွေးခေါ်မြော်မြင်တဲ့အခါ ရှေးကျတဲ့အတွေးတွေကိုတော့ မြော်မြင်... မတွေးသင့်ဘူး... ”

“ခင်ဗျား ပြောတယ်ဟုတ်လား... ကျွန်တော်ကလည်း ဒီသရဲတစ္ဆေတွေကို လက်ခံပါတယ်လို့ ပြောနေတာမဟုတ်ပါဘူး... အဲဒီနေရာကို ရှေ့ရှိတယ်ဆိုပြီး သွားကြတယ်... ရှေ့မရဘဲ ကားယားဖြစ်လာတဲ့အကြောင်းတွေကို ပြောပြနေတာပါ... ”

သည်နေရာတွင်... တစ်ယောက်နှင့်တစ်ယောက် ချေအတင်ငြင်းခုန်နေဖို့ မလိုပါ... ။ အငြင်းပွားက မိတ်ပျက်နိုင်သည်။

စနေမှာက အငြင်းပွားလိုစိတ်လည်း မရှိ။

ထို့အတူ ကိုခင်မောင်ဆွေကလည်း အငြင်းပွားမှု ယ်ရှားလိုဟန်တူသည်။

“ခင်ဗျားကို အဲဒီလူနဲ့ တွေ့ပေးမယ်လေ... ဒီတောင်ကို ခါးကုန်းကြီးတောင်လို့ခေါ်တယ်... အဲဒီခါးကုန်းကြီးတောင်ရဲ့ ပတ်ဝန်းကျင်ဟာ တောနက်နက်ဖြစ်ပြီး လူသူမရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



လူသူအပေါက်အရောက်နည်းတယ်… အဲဒီကိုသွားရင် ကား သွားနိုင်တဲ့ မြေလမ်းဖြစ်ပြီး မိုင်နှစ်ဆယ်နီးပါးသွားနိုင် တယ်… အဲဒီအထိတော့ တစ်ရွာတစ်လေရှိတယ်လို့ ကျုပ်နဲ့ တွေ့ခဲ့တဲ့လူ ကိုရဲမြင့်က ပြောတာပဲ…”

“ခင်ဗျားရော သွားဖူးလား…”

“ဒီဘက်ကို မသွားဖူးပါဘူး… ဒီဘက်သွားလို့ လူသူကင်း ဝေးပြီး ဘာအကျိုးမှမရှိဘဲ… တစ်ခါတစ်လေသာ မြို့ပေါ် က လူတချို့ဒီဘက်မှာ ဆေးမြစ်သွားရှာကြတယ်…”

“ခင်ဗျား ကိုရဲမြင့်ဆိုတဲ့ လူနဲ့ ကျွန်တော်ကို တွေ့ပေးဗျာ”

စနေက စူးစမ်းချင်သော စိတ်ရှိသည်။

ကျောင်းသားဘဝနဲ့ ရဲဝန်ထမ်း ဖြစ်လာသည်အထိ စူးစမ်းချင်စိတ်က အမြတ်တွယ်လာသည်။

ရဲဝန်ထမ်းဘဝမှ သူထွက်လာသည့်တိုင်အောင်… အဲသည်စူးစမ်းချင်စိတ်က မပျောက်သေး။

တောင်ဘက်ကို သူမျှော်ကြည့်သည်။ တကယ် တော့ သူရင်သည် ရှင်းရှင်းလင်းလင်းမရှိပါ။

ရင်ထဲကိုဝင်ကြည့်မည်ဆိုက ထိုင်းမှိုင်းဆွေးမြည့် သော ကြေကွဲမှုတို့နှင့်သာ ပြည့်နေသည်။ ယင်းကြေကွဲမှု ဆိုနှင်



မှုတို့က သူ့နှလုံးသားကို သည်ကနေ့ထိ ဖုံးအုပ်ထားဆဲ။

အဲသည် ခံစားမှုတွေက နှစ်နှစ်ရှိခဲ့ပြီတည်း။

အနည်းငယ်တော့ အနည်ထိုင်စပြုလာသည်။ လွမ်း မောတမ်းတဆွေးမြည့်နေမည့်အစား စိတ်ဝင်စားစရာတစ်ခုခုကို လုပ်ကိုင်ထိတွေ့လိုက်ပါက ယင်းခံစားမှုတို့ ပြေပျောက်ကောင်းရဲ့ ဟု အောက်မေ့သည်။

ဒါကြောင့်… သူခရီးထွက်သည်။

ဖေဖေ၊ မေမေတို့ကလည်း သူ့ခံစားချက်ကို ထပ် ဂရုထပ်မှု မခံစားနိုင်သည့်တိုင်အောင်… မိမိတို့၏ သားတစ် ယောက်အပေါ်ထားရှိသည့် ခံစားချက်ကို နားလည်သဘောပေါက် ၏။

ဒါကြောင့်… စနေစိတ်ပြေရာပြေကြောင်း သွားပါ စေ… လုပ်ကိုင်ပါစေဆိုပြီး ခွင့်ပြုခဲ့သည်။

စနေသည် သူ့ဖခင်၏ ကုမ္ပဏီခွဲဖြစ်သော စက်ရုံ သို့သွားသည်။ စက်ရုံမှာ ကုမ္ပဏီကိစ္စဝင်လုပ်ပေးသည်။

ရဲဝန်ထမ်းဘဝမှ ထွက်လာခဲ့ပြီးနို့ စိတ်ပြေ လျော့ ပျောက် ကုမ္ပဏီမှာ သူဝင်လုပ်သည်။

စိတ်မပါပါ။

www.burmeseclassic.com

www.burmeseclassic.com



လေးလလောက်လုပ်ပြီး ထွက်လိုက်သည်။

သားစိတ်လေမှာစိုးကြိုတာမို့ ဖေဖေနှင့်မေမေက စနေအား မိန်းကလေးတစ်ယောက်နှင့် ဆက်ပေးပြီး လက်ထပ်သူစေချင်သည်။

ကောင်မလေးက ချောသည်။ ခေတ်မီသည်။

ဘွဲ့ရပညာတတ်လည်း ဖြစ်သည်။ သူ့မိဘတွေကသည်း ဆွေကြီးမျိုးကြီးတွေ...

လက်ထပ်လျှင်တောင် ဆီဒိုးနားတို့၊ ထရေးဒါးတို့နှင့်မှ ပြီးမည့်အဆင့်အတန်းတွေ... ။

ဖေဖေ၊ မေမေတို့က တတ်နိုင်ပါသည်။ သားကလေးစိတ်ချမ်းသာပြီးရောပေါ့... ။

မိန်းကလေးကလည်းချောသော၊ပညာတတ်သော၊ ဥစ္စာပြည့်စုံသော၊ သူရသတ္တိရှိပြီးသော၊ ငယ်ရွယ်စတိုင်ကျသော စနေ့ကို စိတ်ဝင်စားပါသည်။

သူမအမည်က သိမ့်ဘရဏီတဲ့လေ... ။

သို့တစေ... ။

စနေက သိမ့်ဘရဏီကို ရွှန်းလဲ့သံသာလောက် စိတ်မဝင်စားခဲ့ပါ။ ရွှန်းလဲ့သံသာလို မချစ်ခဲ့ပါ။



ကိုယ်မချစ်တဲ့ စိတ်မဝင်စားတဲ့ မိန်းကလေးတစ်ယောက်ကို ယူဖို့ဆိုတာ... နိုး... နိုး... နိုး... ။

ဖေဖေ၊ မေမေတို့ လက်လျှော့လိုက်၏။

တကယ်တော့ သိမ့်ဘရဏီသည်... ရွှန်းလဲ့သံသာထက်သာသော အရည်အချင်းတွေရှိပါသည်။

ပစ္စည်းဥစ္စာ ငွေကြေးအဆင့်နှင့် ဘွဲ့က သိမ့်ဘရဏီ၏ လူ့လောကမှာ ပိုင်ဆိုင်သောအရာတွေ... ။

ရွှန်းလဲ့သံသာက ဆယ်တန်းအောင်ကာ ရုံးဝန်ထမ်းတစ်ဦး၏ သမီး။

ကွန်ပျူတာသင်တန်းတစ်ခုကို ရွှန်းလဲ့ကတက်ပြီး ငွေရေးကြေးရေးအခြေအနေကြောင့် ဆက်မတက်နိုင်ချိန်မှာ စနေနှင့် တွေ့ရာမှ သိကျွမ်းခင်မင်ရင်းနှီးကာ စနေက... သူမအား ကွန်ပျူတာသင်ကြားမှု အပြီးအပိုင်တက်နိုင်ဖို့ ထောက်ပံ့နိုင်ခဲ့၏။ သည်စဉ်က စနေမှာ သင်တန်းကျောင်းဆင်းပြီးကာစ။

ရန်ကုန်ပတ်ဝန်းကျင်မှ မြို့တစ်မြို့မှာ အမှုထမ်းရသည်။ သူမော်တော်ဆိုင်ကယ်နှင့် တစ်ပတ်တစ်ခါဆိုသလို ရွှန်းလဲ့သံသာ ကိုလာတွေ့သည်။

ဖေဖေက အပေါင်းအသင်းကောင်းသည်။ ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်၊ ဖေဖေ့အလိုက်သိမှုတွေကြောင့် ဌာနဆိုင်ရာလူတချို့ အချို့မိတ်ဆွေတွေက ဖေဖေ့ကို ခင်မင်သည်။

သူတို့က စနေ့ကို ရန်ကုန်သို့ ပြောင်းရွှေ့မှုလုပ်နိုင်ရန် ဖေဖေ့ကို တိုက်တွန်းကြသည်။ ကူညီကြသည်။

ဖေဖေ့ကြောင့်ပဲ စနေ ရန်ကုန်သို့ပြောင်းလာသည်။ နယ်မြေတစ်ခု စခန်းတွင် အမှုထမ်းရသည်။

ရောက်ရောက်ချင်းဆိုသလို နယ်မြေငြိမ်ဝပ်ပိပြားရေးအတွက် စနေ့ကိုင်ရသည်။

စနေက ခပ်ကြမ်းကြမ်းသမား။

သူရောက်သော နယ်မြေအတွင်း ဖောက်ထွင်းမှုနှစ်ခု၊ ခါးပိုက်နှိုက်မှု တစ်မှုကို သူကိုယ်တိုင်ဖော်ထုတ်နိုင်ခဲ့၏။ သူ့နယ်မြေတွင် ရာဇဝတ်မှုမရှိဘဲ ကင်းရှင်းစေရမည်ဟူသော စိတ်ဆန္ဒနှင့် အားကြိုးမာန်တက်တော့ ဆောင်ရွက်သည်။

ရွှန်းလဲ့နှင့် သူကပိုနီးစပ်သည်။

ရွှန်းလဲ့ ကွန်ပျူတာတက်ရောက်မှု ပြီးဆုံးကာနီးတွင် အိမ်မှဖေဖေနှင့် မေမေက စနေ ရွှန်းလဲ့နှင့် ရည်ငံနေကြောင်းကို သိသွားသည်။

သူတို့က စနေ့ကို အိမ်သို့ခေါ်လာဖို့ ပြောသည်။



ချွေးမလောင်းကို ကြည့်ချင်ကြလို့ထင်ရဲ့။

"ဒါပဲနော်... သားကခေါ်လာပြီးရင် ရွှန်းလဲ့ကို ဖေဖေရော မေမေရော ဘာမှမပြောကြရဘူး... ရွှန်းလဲ့က လှတယ်... လိမ္မာတယ်... ရိုးတယ်... "

သူက ဖေဖေ၊ မေမေတို့သိအောင် ဂုဏ်ပုဒ်ကလေးတွေကိုတော့ ဖေါ်လိုက်သေးသည်။

အဲသည်နေ့ကို စနေမှတ်မိသည်။

တနင်္ဂနွေ...

သည်နေ့က သားအမိ၊ သားအဖတွေ ဆုံဆည်းတဲ့နေ့ မေမေက မနက်တွင် ဘုရားသွားသည်။ ဖေဖေပါ လိုက်သွားသည်။

အပြန်တွင် ဒံပေါက်ဝယ်လာသည်။

ဖေဖေနှင့် မေမေကိုးကွယ်သော မြယာကုန်းဘုန်းကြီးကျောင်းသို့ ဒံပေါက်ဆွမ်းသွားကပ်ကြသည်။

ဘုန်းကြီးဦးပဏ္ဍိတနှင့်တွေ့ဆုံကာ ကျောင်းထိုင်ဆရာတော်ကြီးအစား ဘုန်းကြီးဦးပဏ္ဍိတကပဲ လက်ခံရှင်ဆုမ္မ အနည်းငယ် ပြောဟောလိုက်သည်။

စနေမှာလည်း ဂျူတီလွတ်ချိန်မို့ စနေအား နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကို သည့်ထက်မကထမ်းရန် ပြောဟောလိုက်၏။

ထိုနေ့တွင် စနေက တောင်ဥက္ကလာပတွင် နေထို

သော ရွှန်းလဲ့သဲ့သာကို သွားခေါ်သည်။

ရွှန်းလဲ့သည် ဖရိုးစတိုင်ပဲဝတ်စားထား၏။

ပပလွှားလွှားဝတ်စားဆင်ယင်ခြင်းတော့ မရှိ

သူမသည် ခေတ်မိန်းကလေးပီပီ ခေတ်မီရုံပဲ ဝတ်ဆင်ထားသည်

အဲဒါကပဲ သူမနှင့်ကြည့်ကောင်း၏။

လှတာတော့ လှတာပဲ။

သူမကို မိဘတွေကတွေ့ကြတော့ မေမေ

ကောင်းချီးမွမ်းသည်။

"အလှမှာတော့ သားရွေးတာမှန်တယ်... အလိမ္မာမှာ

မသိသေးဘူး... ခုခေတ်မိန်းကလေးတွေဟာ လိမ္မာ

တော့ ခပ်ရှားရှားပဲ..."

"အလိမ္မာအိမ်ပါတဲ့ဟာမျိုးကို သားရွေးတာပါ မေမေ

ကျောက်ကောင်းတစ်ခဲ့ သမီးကောင်းသဖွယ်တော့

မှာပေါ့..."

ယုံကြည်ချက်အပြည့်နဲ့ ဆိုသည်။

ရွှန်းလဲ့တော်ပါသည်။



ဖေဖေ၊ မေမေတို့နှင့် လိုက်လျောညီထွေ ပြောဆို

နိုင်သည်။ ပြီးတော့ ဒီပေါက်စားပြီး ခြေကြောလက်ကြောတွေ

တတ်ပါသည်ဆိုသော မေမေ့ကိုပင် ခြေဆုပ်လက်နယ်ပြုလိုက်

သေး။

နောက်ဆုံး မေမေ့နှုတ်မှ ရင့်ကျူးလိုက်တာက...

သဘောတူပါတယ်... တဲ့။

စနေကိုလည်းငယ်ငယ်က အလိုလိုက်ခဲ့တော့ အထူး

အထွေပြောနေစရာမလို။

"ခင်ဗျား... ကိုရဲမြင့်နဲ့ တွေ့ချင်သေးသလား..."

တောင်ပေါ်မှ ကားနှင့်တောင်ဖေါက်လမ်းကြောင်း

လေးအတိုင်းကွေ့ပြီး အဆင်းတွင် မေးလိုက်သော ခင်မောင်

စကားကြောင့် အတိတ်ကိုတစ်ပိုင်းတစ်စတွေးမိသော စနေ့

တွေးရပ်သွားချေ၏။

"ဒီမကောင်းဆိုးဝါးဆိုတာတွေကိုလည်း ကျွန်တော်စိတ်မ

ဝင်စားပါဘူး... ကိုရဲမြင့်နဲ့လည်း မတွေ့ချင်ပါဘူး..."

"ကျွန်တော်က အယုံအကြည်ရှိတယ်လည်း မဟုတ်ပါဘူး

မယုံကြည်ဘူးလည်း မဟုတ်ဘူး... ဒါပေမယ့် ကျွန်တော့်

စကားနိုင်မာကြောင်းကိုတော့ သက်သေပြချင်တယ်... ကို

www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်နဲ့တွေ့ရင် သူဘာပြောမလဲဆိုတာ စောင့်ကြည့်ပေါ့"

ခင်မောင်ဆွေက အငြင်းပွားသည့်စကားတွင် သူ့စကားနိုင်မှာကြောင်းကိုတော့ ပြချင်နေပုံပဲ။

စနေကလည်း မခံချင်စိတ်ပေါက်သွားသည်။

"ကဲ ကိုရဲမြင့်နဲ့ တွေ့မယ်ဗျာ... သူ ဘာပြောမလဲဆိုတာ ကျွန်တော်ကြားချင်တယ်..."

စနေက ပြောချလိုက်သည်။

ကားဘီးတွေ ရွေ့လျားမှုက တောင်အောက်မှ အိမ်စုကလေးတွေကိုပင် ကျော်လာခဲ့ချေပြီ။

ကားမှာ စနေ၏စုပါဆလွန်းအဖြူရောင်ကားကလေးဖြစ်ပြီး သူကိုယ်တိုင်မောင်းသည်။ ဤကားနှင့် မြန်မာနိုင်ငံ ခရီးအတော်နှံ့နှံ့သွားခဲ့ဖူးပြီ။

ယခုတော့မူ...

မောတို့၏ နယ်မြေတည်ရာတွင်းသို့ ရောက်ခဲ့ချေပြီ။

သည်မြို့က ကိုခင်မောင်ဆွေဆီမှာ တည်း၏။ မြို့နာရီစင်ကြီးနားက တည်းခိုခန်းမှာ တည်းဖို့အစီအစဉ်ပြုလုပ်ခဲ့သော်လည်း မြို့မဈေးနားတွင် ကိုခင်မောင်ဆွေနှင့် သွားတွေ့၏။



သူ့ကို ခင်မောင်ဆွေက ဗိုလ်ချုပ်လမ်းရှိ သူ့အိမ်သို့ ခေါ်လာခဲ့သည်။

ဗိုလ်ချုပ်လမ်းရှိ ခင်မောင်ဆွေ၏အိမ်မှာ တိုက်ခန်းတစ်ခန်းဖြစ်သည်။ကျယ်သည်။ယခုခေတ် Room Type အမျိုးအစားဖြစ်ကာ အခန်းတွေနှင့် ဖွဲ့စည်းထားသည်။

ပြီးတော့ သူတို့နှစ်ယောက်က လင်ကိုယ်မယား နှစ်ယောက်တည်းရယ်။

သားသမီးမရှိ။

သူငယ်ချင်းနှင့် မတွေ့တာလည်းကြာပြီမို့ အဲဒီအိမ်မှာပဲ စနေတည်းဖြစ်သည်။

ရေထွက်ဦးလမ်းအတိုင်း လာကြသည်။

"လက်ဖက်ရည် သောက်ဦးမလား..."

ခင်မောင်ဆွေအမေးကြောင့် စနေက သူ့ရိုးလက်စ် လက်ပတ်နာရီကို ကြည့်သည်။

"ဆယ့်တစ်နာရီထိုးကာနီးပြီ... သူငယ်ချင်း... ထမင်းပဲစားရတော့မယ်... မသောက်တော့ဘူး..."

"ဒါဆိုရင်... ကိုရဲမြင့်ဆီကို ညနေပိုင်းလောက်သွားကြရအောင်... အိမ်ကိုပြန်ပြီးတော့ အနွဲ့အတွက် ထမင်းပို့လိုက်မယ်..."

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဈေးကြီးထဲတွင် စတိုးဆိုင်တစ်ဆိုင်ဖွင့်ထား၏။ လင်မယားနှစ်ယောက် တစ်ယောက်တစ်လှည့်ဆိုင်ထိုင်သော်လည်း ညှိုသည်ရောက်နေတာမို့ အန္တိ့က ခင်မောင်ဆွေကို လွှတ်လပ်ရေးပေးထား၏။

သူမိန်းမအန္တိ့အတွက် ... ခင်မောင်ဆွေက ဘိုင်စကယ်ယူကာ ထမင်းချိုင့်သွားပို့စဉ် စနေတစ်ယောက်တည်း ကျန်ခဲ့၏။

လမ်းမပေါ်တွင် တစ်ခါတစ်ရံဖြတ်သွားသော ကားတွေ၊ ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းသော လူတွေ၏သွားလာမှုတွေကို နှစ်ထပ်ခန်းမှ စနေကြည့်မိ၏။

ဟိုးအဝေးတွင် ဖြူလွှသော တောင်နံ့ရံတံတိုင်းတချို့ကို လှမ်းကြည့်၏။

ထိုသည်နောက် သူ့အတွက် သတ်မှတ်ထားသော အိပ်ခန်းသို့ ပြန်လာသည်။

တစ်ယောက်အိပ် ခုတင်တစ်လုံးတွင် ထူထဲသော အိပ်ရာခင်း၊ မွေ့ရာ၊ စောင်တွေရှိသည်။

ခြင်လုံသံစကာတွေထပ်ထားသဖြင့် ခြင်ဝင်မှာ မကြောက်ရ။



သူရောက်ခဲ့သော မြို့များတွင် မန္တလေးနှင့် ဖားအံသည် အင်မတန်ခြင်ကိုက်သော မြို့ဖြစ်သည်ကိုတော့ နားလည်ထားသည်။ သည်မြို့မှာတော့ ခြင်နည်းသည်။

တောင်ပေါ်ဒေသမို့ ဖြစ်ဟန်တူသည်။

ခြင်လုံသံစကာတပ်ထားသော ပြတင်းပေါက်တစ်ပေါက်ထားပေးထားသည်။

အိပ်ရာထက်တွင် စနေလှဲလိုက်သည်။

မျက်နှာကျက်ကို စူးစိုက်ကြည့်သည်။ မျက်နှာကျက်လေးက ညိုးညိုးငယ်ငယ်နှင့်။

"ရွှန်းလဲ့ရယ်... မင်း အဲဒီမျက်နှာကလေးကို အိပ်မက်ထဲမှာ အမြဲတမ်းတွေ့နေရတယ်... ကိုယ့်အသည်းတွေ ကွဲနေရတုန်းမှာ ဒီမျက်နှာကလေးကို ပြန်ပြန်မြင်ယောင်နေရတာကြာတော့ ကိုယ်မခံစားနိုင်တော့ဘူး... ရွှန်းလဲ့ရယ်..."

သူက ရင်တွင်းမှရင်မောဆို့နစ်စကားတွေ ဆိုမိ၏။

ချက်ချင်းဆိုသလို မျက်ရည်တွေဝဲလာသည်။ ကံကြမ္မာကိုပဲ စိတ်ဆိုးမိသည်။

"တောက်..."

သူ၏ ဆိုးဝါးသော ကံ၊ ရွှန်းလဲ့၏ ဆိုးဝါးသောကံတို့တွေးမိသလို မကျေမနပ်နှင့် တောက်ခေါက်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ လူးလဲထသည်။

ပြီးခဲ့သော အတိတ်ကို သူ မတွေးချင်သော်လည်း ထိုအတွေးတို့က အတွေးတစ္ဆေတို့ဖြင့် ပြန်ပြန်တစ္ဆေခြောက်နေ၏။

သူ ပြတင်းပေါက်နားသို့ သွားသည်။

အဝေးကိုမျှော်ကြည့်၏။ ဆောင်းတွင်းမို့ ကောင်းကင်ထက်တွင် မိုးသားတိမ်တိုက်တွေ ထူထူထပ်ထပ်မရှိသော်လည်း မြူလွှာတို့ ဖွဲ့စည်းမှုကြောင့် ထိုင်းမှိုင်းနေ၏။

သူ့ရင်သည် အမြဲထိုင်းမှိုင်းနေ၏။

လူတွေမရိပ်မိအောင် မျက်နှာကို ရွှင်ရွှင်လန်းလန်းထားသော်လည်း အတိတ်မှ အတွေးတွေဝင်လာပြီဆိုလျှင် သူ့မျက်နှာက ပြန်ညှိုးစမြဲ။

သူ့အကြောင်းကို ခင်မောင်ဆွေက မရိပ်မိ။

သူကလည်း မပြော။

ရင်တွင်းက ချန်လှပ်ထားခဲ့ပြီဖြစ်သော အတွေးဖြစ်စဉ်ကို ပြန်ဖွင့်ဟပြရလျှင် သူလည်းမသက်သာ။ နားထောင်ရသူလည်း သက်သာမည်မဟုတ်။

သူ့ခေါက်ထားသော ပိုက်ဆံအိတ်လေးအတွင်းမှ ပို့စကဒ်ဆိုက် ဓါတ်ပုံလေးကို ထုတ်ယူကြည့်မိ၏။



ဓါတ်ပုံထဲမှာတော့ ရွှန်းလဲ့က အမြဲပြုံးနေတာပါပဲ။

အပြုံး၏ ညှို့ငင်ဖမ်းဆီးခြင်းက သူ့ကို တရှိုက်မက်မက်ဖြစ်စေခဲ့၏။

ဓါတ်ပုံမှာ ကိုယ်တစ်ပိုင်းပုံဖြစ်သည်။

ရွှန်းလဲ့က ဦးထုပ်ပျော့ကလေး တစ်လုံးဆောင်းထား၏။ နေကာမျက်မှန်ကလေးကိုလည်း တပ်ထား၏။

ကိုယ်ကလေးစောင်းထားပေမယ့် လှပတင့်ရွှန်းသော မျက်နှာကလေးက ထင်းထင်းကလေးပေါ်နေသည်။

"ရွှန်းရယ်... တို့တွေ ခွဲကြရတာ ဒီဘဝမှာတော့ ဘယ်လိုမှ ပြန်ဆုံနိုင်တော့မှာ မဟုတ်ဘူး... ရွှန်းရယ်... ရွှန်းရှိရာကို တို့လိုက်လာချင်ပါတယ်... ဒါပေမဲ့ နောက်ဘဝဆိုတာ ဘယ်မှာရှာရမှန်းမသိတဲ့ မှန်းဆရခက်နေတဲ့ တမလွန်ဘဝမို့ ကိုယ်လိုက်လာရင် ရွှန်းနဲ့လွဲသွားမှာ စိုးရတယ်... ရွှန်းရယ်..."

ဓါတ်ပုံကလေးကိုကြည့်...

နှုတ်မှ တီးတိုးကလေးရွတ်ဆိုမိသည်။ ဓါတ်ပုံကလေးကို နမ်းမိသည်။ ရင်ထက်မှာ ဓါတ်ပုံကလေးကို ဖိကပ်ထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ကြာမှ... သက်ပြင်းတစ်ချက် ချလိုက်သည်။

ရီဝေဆွေးမြည့်သော မျက်ဝန်းတို့ဖြင့် ဓါတ်ပုံကို ကြည့်ကာ လေးတွဲ့စွာနှင့် ဓါတ်ပုံကို ပိုက်ဆံအိတ်ကလေးထဲ ပြန်ထည့်လိုက်၏။

သူ... ရွှန်းလဲ့သံသာနှင့် ခွဲခွာခဲ့ရသည်မှာ တစ်နှစ်နီးပါးလောက်တော့ ရှိပါပြီ။

သူ့ခံစားမှုကတော့ မနေ့တစ်နေ့ကလိုပဲ ထင်ရ၏။

သည်ခံစားမှုက သူ့တစ်သက်တာမှာ ပျောက်မှပျောက်ပါ့မလား... ။

လူခေါ်ခေါင်းလောင်းသံလေးသည် တိုက်ခန်းထဲမှာ လွှမ်းမိုးသွားသည်။

"ဟော... ကိုခင်မောင်ဆွေ ပြန်လာပြီပေါ့... "

သူက အိပ်ခန်းပြင်ကို ထွက်လာလိုက်သည်။ သူ့ခံစားချက်တို့ကို သိုသိပ်ပျောက်ကွယ်အောင်ပြုသည်။ ညှိုးနေသော မျက်နှာပျောက်ကွယ်၍ တည်ငြိမ်သောအသွင် ပြန်လွှမ်းမိုးလာ၏။

ညနေဘက်တွင် ကိုရဲမြင့်ဆိုသူ၏ အိမ်ကိုသွားသည်။



ကိုရဲမြင့်မှာ ပြည်တော်သာရပ်ကွက်တွင်နေသည်။

ပြည်တော်သာရပ်ကွက်ဆိုတာကလည်း မြို့၏နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ခေတ်ဟောင်းရပ်ကွက်ဟောင်းဖြစ်၏။

ခေတ်တွေကို ကျော်လွန်လာသော သမိုင်းမှတ်တိုင်ရပ်ကွက်ဖြစ်သည်။

မြို့အဝင်နှင့်လည်း နီးသည်။

ကိုရဲမြင့်ကို မတွေ့ဆုံရပါ။ ကိုရဲမြင့်၏ ဦးလေးဆိုသူက

"ရဲမြင့်တစ်ယောက် ခုတစ်လော စိတ်တွေမှုမမှန်ချင်ဘူးဖြစ်နေတယ် မောင်ခင်မောင်ဆွေရဲ့... ဒါကြောင့် ရန်ကုန်စိတ်ရောဂါအထူးကုဆေးရုံကြီးကို ပြရအောင်ဆိုပြီးတော့ သူ့အဖေနဲ့ အစ်မက ရန်ကုန်ကို ခေါ်သွားလေရဲ့... ဒီမနက်ကပဲ ထွက်သွားကြတာပဲကွာ... "

ကိုရဲမြင့်နှင့် မတွေ့လိုက်ရတာ နာတာပဲလို့... ခင်မောင်ဆွေက ယူဆသည်။ သူ့စကားအတွက် သက်သေခံဖြစ်ရာက ကိုရဲမြင့်ပဲရှိလေရဲ့။

ကိုရဲမြင့်အိမ်မှာ လုံးချင်းပျဉ်ထောင်အိမ်လေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့သည် ဗမာစစ်စစ်တော့ လုံးဝဟုတ်ဟန်မတူ။

ကိုရဲမြင့် ဦးလေးဆိုတာက အသားညိုညို၊ မျက်လုံးကျဉ်းကျဉ်း၊ မေးရိုးကားကား နှုတ်ခမ်းမွေးလက်တစ်ညှိုးလောက်ထားသည်။ ကြည့်ရတာပဲ ရှမ်းလား၊ ပအိုဝ်လား တစ်ခုခုတော့ တိုင်းရင်းသားသွေးပါပုံပဲ။

"ကိုရဲမြင့် အစကကောင်းနေတာပဲ ဘယ်လိုပြန်ဖြစ်လာတာလဲ..."

"ပယောဂဆရာဦးခွန်ထွန်းလူနဲ့ ပြတုန်းက ငိုတာတွေ... ရယ်တာတွေ... ပါးစပ်က တွေ့ကရာအော်ဟစ်တာတွေ ပျောက်သွားတယ်... လူကောင်းလိုပဲ ပြန်ဖြစ်လာတယ် တစ်လနှစ်လတော့ အကောင်းပဲ ငါ့တူရေ... ပြီးခဲ့တဲ့ တစ်ပါတ်ကျော်လောက်ကမှ သူ့ညည မအိပ်ဘူး...သူ့နားထဲမှာ သူ့နာမည်ကို လာခေါ်တာတွေ ကြားရတယ်တဲ့... သူ့ကိုလည်း လာခဲ့ လာခဲ့လို့ ခေါ်တယ်တဲ့... ပြီးတော့ ခါးကုန်းကြီးတောင်ဘက်ကို သွားချင်နေတယ်..."

သည်တော့ ခင်မောင်ဆွေက စနေ၏မျက်နှာကို လှမ်းကြည့်လိုက်၏။ စနေက ဆိတ်ဆိတ်ငြိမ်ငြိမ်ပဲ နားထောင်နေသည်။



သူတို့ကို ကိုရဲမြင့်၏ဦးလေးက ရေနွေးကြမ်းပဲပုပ်ဆောင်းကြော်နှင့် ဧည့်ခံသည်။

"အဲဒါဖြစ်တာ... ဘယ်အချိန်ကာလက စတာလဲ..."

စနေက ဝင်မေးသည်။ သူ့ကိုလူကြီးက သေချာကြည့်၏။ မော်ဒယ်ဆံပင်ကို ဖွာရရာဖြစ်အောက် ဖြီးထားပြီး ဒိုလိုနေကာမျက်မှန်၊ အသားဖြူဖြူဝင်းဝင်း၊ အရပ်မြင့်မြင့်၊ ကိုယ်ကျစ်ကျစ်နှင့် သန်မာပုံရသည်။

မျက်နှာက... ချောမွေ့တာ... မိန်းကလေးတစ်ယောက်မျက်နှာလို နုနယ်လျက် ဘဲဥပုံကျသွားသည်။

နှုတ်ခမ်းကလေးတွေက နီကာပြည့်နေပြီး ပါးသိုင်းမွှေးစိမ်းစိမ်းကလေးတွေက နားသယ်စပ်အောက်မှာ ရေးရေးကရှိနေတာကို ကြည့်ကောင်းသည်။

အတွင်းတွင် အပါးစားတီရှပ်ကို ခံကာ အပေါ်တွင်ဂျာကုတ်အကျီကို ဝတ်ထား၍ ရွှေဆွဲကြိုးတစ်ကုံးဆွဲကာ ဂျင်းအပြာစပီးရစ်ဘောင်းဘီဝတ်ထားသည့် စနေ့ကို စိတ်ဝင်တစားလူကြီးက လှမ်းကြည့်၏။

"လေးလေး... အဲဒါ ကျွန်တော့်သူငယ်ချင်းပဲ... သူ့နာမည်က စနေထွန်းပါ... ရန်ကုန်မှာနေတယ်... အရင်က အရာရှိ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ဖူးတယ်... အခုတော့ ဒီမြို့ကို လာလည်တာ..."

လူကြီးက ခင်မောင်ဆွေမိတ်ဆက်ပေးမှုကြော

ပြုံးပြ၏။ စနေက ပါးချိုင့်ကလေးနှစ်ဖက်ခွက်ဝင်သွားအောင် ပြ

ပြသည်။

လူမြင်လျှင် ချစ်ခင်ပါစေဟူသော ပါရမီဆိုကို စနေ

ရထားသည်မှာ သေချာသည်။ သူ့ဘဝတွင် သူ့ကိုစိတ်ကောင်း

သူတိုင်းက မြင်တာနှင့် ခင်မင်ကြ၏။

ယခုလည်း စနေ့အပြုံးကို ခင်မင်သွားသော လူ

က...

"အိမ်း... တွေ့ရတာ ဝမ်းသာပါတယ်ကွယ်... မောင်

ရဲမြင့်နဲ့ မသိဘူးဘူးပေါ့..."

"မသိပါဘူး... ခင်ဗျ..."

"တို့ရဲမြင့်ဖြစ်ပုံကို သူကမမြင်ဘူးတော့ မယုံဘူးတဲ့... 

လေးရယ်... အဲဒါပြောပြလိုက်စမ်းပါ..."

ဘေးမှ... ခင်မောင်ဆွေ၏စကားက တိုက်တွ

စကား... ။

"အေးကွာ... တို့လည်း မယုံပါဘူး... ရဲမြင့်ဆိုတာ တ

ထိုးကောင်... လုပ်ချင်ရင် စွတ်လုပ်လို့ ပြောမရဘူး—



လည်း စွတ်လုပ်လို့ ဖြစ်လာတာပဲ... ပြောရရင် ရှေးထုံး ရှေးဟောင်းစကားတွေ... ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွှယ်နဲ့ ဆိုတာလိုပေါ့ကွာ..."

"ဟုတ်တာပေါ့ လေးလေးရာ..."

"ခုခေတ် လူငယ်တွေက ခက်သကွ... သူတို့စိတ်ထင်ရာ သူတို့လုပ်လိုက်ကြတာပဲ... ရဲမြင့်လည်း ကြီးပွားချင်စိတ်... ချမ်းသာချင်စိတ်... တဇွတ်ထိုးလုပ်ချင်တဲ့ စိတ်တွေကြောင့် တို့တောင်မသိလိုက်ရဘဲ ခါးကုန်းကြီးတောင်ဘက်မှာ ရွှေကြောရှိတယ်ကြားတာနဲ့ သွားတော့တာပဲ... သူတို့သွားတာ အားလုံးခြောက်ယောက်ပဲ... ဒီရပ်ကွက်က... သုံးယောက် ဖောင်တော်ဦးရပ်ကွက်က သုံးယောက် ဒါက သူ့သတိပြန်ရလို့ ပြောတဲ့အပြောပါ..."

စနေက ဘာတစ်ခုမှ ဝင်မပြောတော့ပါ။

ကုလားထိုင်တွင် ငုံ့ထားသော ရေနွေးကြမ်းပန်းကန်လုံးထဲမှ ရေနွေးကို ယူသောက်ရင်း နားထောင်နေသည်။

"သူ့အပြောကတော့ သူတို့ခြောက်ယောက် အဲဒီတောင်ဘက်ကိုသွားပြီး ရွှေကြောရှိရာကို လိုက်ရှာပြီး ရွှေတွေကြတယ်တဲ့... သုံးလေးရက်ကြာတာ ဘာမှမတွေ့ဘူး...တော

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မကြာခဏ ခြောက်တယ်ပြောတာပဲလေ… ဒီအထဲတစ်ညမှာ ကျားလာဆွဲလို့ တစ်ယောက်သေသွားတယ် နောက်တစ်ယောက်က ဝက်ဝံကိုက်လို့ ဒဏ်ရာနဲ့သေတယ်… ”

“တောက အန္တရာယ်များတာပဲနော်… ”

“ဘယ်လိုနေရာ ဘယ်လိုရောက်သွားမှန်းမသိကြပါဘူး… မောင်ခင်မောင်ဦးဆွေရာ… တို့လည်း အဲဒီဘက်တွေကို တစ်ခါမှသွားဖူးတာ မဟုတ်ဘူး… တစ်ယောက်ကတော့ အဲဒီမှာ သစ်ထုတ်လုပ်ရေးစခန်းလုပ်မယ်ဆိုပြီး ကြိုးပိုင်းလုပ်ဖူးသေးတယ်… နောက်အဲဒီမှာ မထုတ်တော့ဘူး… သစ်တောင်းတွေ နည်းလို့တဲ့… လမ်းတော့ ဖောက်ထားဖူးတယ်… ရဲမြင့်တို့လည်း ချောက်ချားတယ်… တစ်ညမှာ တစ်ယောက်က ကယောင်ချောက်ချားတွေ ပြောတယ်… တစ်နေရာကို လက်ညှိုးထိုးပြပြီး သူ့ကိုသရဲတွေ ခေါ်နေပါတယ်လို့ အော်တယ်… အဲဒီနောက် တောထဲကို ထွက်ပြေးတယ်… ပျောက်သွားတယ် ပြန်မလာတော့ဘူး… ဒီရောက်တော့ အဲဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ရဲမြင့်တို့ အဖမ်းခံရသေးတယ်… နောက်မှ လွတ်လာကြတာ… ”



“ကိုရဲမြင့်က ဘယ်လိုဖြစ်တာလဲ… ”

စနေကလိုရင်းကို သိချင်သည်။ ပျောက်သွားသောလူသည် ရှာဖွေနေသော ရွှေကြောကို မတွေ့တာက တစ်ကြောင်း အစားမမှန် အအိပ်မမှန်ဖြစ်သည့်အပြင် ကျား၊ ဝက်ဝံတို့၏ ဒဏ်ကြောင့် စိတ်ချောက်ချားကာ ရူးသွပ်သွားခြင်းဖြစ်ရမည်ဟု ခန့်မှန်းလိုက်သည်။

ရဲမြင့်ကတော့ တစ်ညမှာ သူရေနွေးအိုးတည်နေတုန်း ကလေးနှစ်ယောက်ရောက်လာတယ်… ယောကျ်ားလေးနဲ့ မိန်းကလေးတဲ့… ခုနှစ်နှစ်အရွယ်ကလေးတွေပဲ… ဘယ်ကမှန်းတော့ မသိဘူး… သူတို့က ရဲမြင့်ကို ဦးလေး… ဦးလေး… ရွှေကြောတွေ့ချင်သလား… ကျွန်တော်တို့နဲ့ လိုက်ခဲ့လို့ ပြောတယ်… ရဲမြင့်ကလည်း ရွှေရူး ရူးနေတော့ အဲဒီကလေးတွေကို ဘယ်ကဘာကဆိုတာ မစစ်ဆေးမမေးမြန်းဘဲ ကလေးတွေခေါ်ရာနောက် လိုက်သွားတယ်… မှောင်စကလည်း ပျိုးနေပြီ… ကလေးနှစ်ယောက်က တစ်နေရာကို လက်ညှိုးထိုးပြီး အဲဒီနေရာမှာ ရွှေကြောပဲတဲ့ ပြောတယ်… ဒီနေရာက ချောက်ကြီးတစ်ခုရဲ့ နံဘေးပဲ… အဲဒီမှာ ချောက်ထဲက အော်သံဟစ်သံတွေ ကြားရတယ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရဲမြင့်က ချောက်အပေါ်က ကြည့်လိုက်တော့ ချောက်ထဲမှာ လူရိုးတွေ ပြည့်နေတာကို မြင်ရသတဲ့... အဲဒီမှာ သူ့စိတ်ချောက်ချားသွားပြီး သူ့နောက်ကို လှည့်လိုက်တော့ ကလေးနှစ်ယောက်ကို မတွေ့ရတော့ဘူး... အဲ့ဒီအတွင်း သူ့ရှေ့က မြေကြီးထဲက ကြောက်စရာအသံတွေ ထွက်လာတယ်... ဘေးပတ်ဝန်းကျင်မှာလည်း ရယ်မောသံတွေ ကြားရတယ်... ရယ်သံတွေက ယောကျ်ားမိန်းမ ရယ်သံတွေ... ပြီးတော့ ကယ်ပါယူပါ အသံတွေ ကြားရပြန်တော့... သူလည်း ကြောက်လန့်လာလာတုန်း... သူ့ရှေ့မြေကြီးထဲက လက်ကြီးတစ်ဖက် ထွက်လာပြီး... သူ့ကို လက်ယပ်ခေါ်တယ်... အဲ့ဒါနဲ့ ရဲမြင့်လည်း ကြောက်လန့်ပြီး ကယောင်ချောက်ချား ဖြစ်သွားတယ်... ”

လူကြီးရှေ့မို့ စနေက မပြုံးရဲသော်လည်း စိတ်ထဲမှ ပြုံးလိုက်သည်။ ပြီးတော့ စိတ်ထဲမှလည်း တို့လူတချို့တွေဟာ တစ္ဆေပုံပြင်၊ သရဲပုံပြင်တွေကို အတော်အပြော ဝါသနာပါပါကလားဟုလည်း တွေးလိုက်သေးသည်။

“အဲ့ဒါနဲ့ပဲ... ရဲမြင့်စိတ်တွေ ကယောင်ချောက်ချား ဖြစ်လာတာပေါ့... ”



ကြားဖြတ်မေးသော ခင်မောင်ဆွေကို လူကြီးက ခေါင်းညိတ်ပြ၏။

“သူ့ကို... လူနှစ်ယောက်က တွဲခေါ်လာကြတယ်... တော်တော်လေး ဒုက္ခဆင်းရဲဖြစ်ပြီးမှ... မြို့ကို ပြန်ရောက်လာကြတာပဲ... ကျန်ဟိုနှစ်ယောက်ကလည်း ငှက်ဖျားမိလာတယ်၊ ဒီရပ်ကွက်ထဲကပဲ... မောင်မောင်ညွှန့်နဲ့တိုးအောင်တဲ့... နှစ်ယောက်လုံး ဒီရောက်တော့... ငှက်ဖျားကပြင်းတော့ တစ်ယောက်က သေသွားတယ်... တစ်ယောက်ကတော့ ဦးနှောက်ထဲ ပိုးဝင်ပြီး... ရူးသွားတာပဲလေ...”

“ဟင်... တစ်ယောက်မှ အကောင်းမရှိတော့ပါလား... ”

“လောဘစိတ်ကြောင့်... ဒုက္ခရောက်ကုန်ပါတယ်ကွာ... ”

“ရွှေကြောတွေ့တယ်ဆိုတာက... ”

စနေက မေးပြီး လူကြီးကို ငေးကြည့်နေသည်။

“ရွှေကြောတွေ့တယ်ဆိုတာတော့... ငါက အခုထိ မယုံဘူး ငါ့တူရဲ့... တွေ့တယ်ဆိုတဲ့ လူတွေကလည်း... ဘာမှခိုင်ခိုင်မာမာ ပြောနိုင်တာမဟုတ်ဘူး... ကြားစကားတွေက ပိုများတာပါ... ဒါပေမဲ့ အဲ့ဒီလူသုံးယောက်ထဲမှ ရွှေတွေရလာတာ အမှန်ပဲ... ဒါပေမဲ့ ဒီရွှေတွေဟာ မှောင်ခိုရွှေတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ထင်တယ်... မှောင်နို့ရှေ့တွေဆိုတော့ လူသူမသိအောင် ရွှေကြောတွေ့လို့ ရွှေရတာလို့ လိမ်ပြောကြမှာပေါ့... ”

“အဲ့ဒီလူတွေရော... ”

“ကြာပြီ... ဒီမြို့က ပြောင်းသွားလိုက်ကြတာပဲ... ”

“ဒါဆို... လေးလေးပြောတာ ဖြစ်နိုင်တယ်... အဲ့ဒီလူတွေဟာ သူတို့အာသာသူတို့... မှောင်နို့ရှေ့တွေချလာပြီး... သူတို့ လုပ်တာ လူသိမှာစိုးလို့ လိမ်ပြောလိုက်ခဲ့တာ ဖြစ်မှာပဲ... ”

စနေက မှတ်ချက်ချသည်။

“ဦးရှမ်းကြီး... ဦးရှမ်းကြီး... ”

ခေါ်သံလေး တစ်ခုက အိမ်ရှေ့မှ ထွက်လာသည်။ စနေတွန်းတို့ လှည့်ကြည့်လိုက်ကြ၏။

အိမ်ရှေ့ကပြင်အောက်တွင် မိန်းကလေးတစ်ယောက်။

အနွေးထည်လေးဝတ်ကာ ရပ်နေသည်။ သူမမှာ လှလှပပကြီး မဟုတ်တောင် ကြည့်ရှုကောင်းပါသည်။

“ဟဲ့... နန်းနွဲ့ပါလား လာလေ... ”



“မတက်တော့ဘူး ဦးရှမ်းကြီး... ညီ့သည်တွေနဲ့... ကိုရဲမြင့်တို့ သွားကြပြီလား... ”

“ဒီမနက်ဘဲ သွားကြပြီဟ... ”

“ကျွန်မက... မနက်ဖြန်မှ သွားကြမယ် ထင်နေလို့... ကိုရဲမြင့်စားဖို့ ဆတ်သားခြောက်လာပေးမလို့... ”

“ပေးမနေပါနဲ့တော့ဟာ သွားကြပါပြီ... ”

“ဒါဆို... သွားမယ် ဦးရှမ်းကြီး... ”

နှုတ်ဆက်၍ ထွက်သွားရာ သူမနောက်ကို ခင်မောင်ဆွေက လိုက်ကြည့်သည်။

စနေကတော့ ဂရုတောင်မစိုက်။

ရှေ့လူကြီးကို မိန်းကလေး အခေါ်အရဆိုလျှင် ဦးရှမ်းကြီးလို့ပဲ သူ့စိတ်ထဲမှာ သတ်မှတ်ထားလိုက်၏။

ဦးရှမ်းကြီးအိမ်မှအပြန်တွင် စနေက ရယ်မောရင်း

“ခင်မောင်ဆွေ... ခင်ဗျားလူကြီးက တစ်ရွေ့ပုံပြင်တော့... အတော်အပြောကောင်းသားနော်... ”

“အေးပေါ့လေ... ခင်ဗျားက အပြောနဲ့ချည်း တိုးနေတော့ ဘယ်ယုံစရာ ရှိမလဲ... အေး... တကယ်လို့ သိချင်ရင်တော့ ကိုယ်တိုင် သွားကြည့်လိုက်ပေါ့... ”

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဆွေ အသံမှာ မခံချင်သံ။

စနေက ပြုံးလိုက်သည်။

ကိုခင်မောင်ဆွေသည် အတော်ညံ့သေးတဲ့လူ[illegible]

ထင်လိုက်၏။

အတွေးအခေါ် မရင့်ကျက်သေးပါလား။

အဲ့သည်နည်းတူ ခါးကုန်းကြီးတောင်ဘက်ကို သွာ[illegible]

စုံစမ်းဖို့ကိုတော့ စိတ်ထဲမှာ ဆုံးဖြတ်လိုက်သည်။

လူဆိုတာ အပြောနှင့် ယုံလိုက်လို့ကတော့ လူ[illegible]

ခေါ်မည်မထင်။

ကိုယ်တွေ့လေးကျမှပဲ။

*****



## ဇာတ်လမ်းစဉ် (၂)

သည်လိုညကြီးမျိုးမှာ သွားလို့မကောင်းပါ။

ကိုခင်မောင်ဆွေရော အနွံ့ကပါ တားမြစ်ကြသည်။

"ကျွန်တော်... အခုရှစ်နာရီ ထွက်မယ်... ဆယ့်နှစ်နာရီ လောက်ဆို ပြန်ရောက်လာမှာပဲ... အဲ့ဒီဘက်က ညဘက် သွားမှ ပိုကောင်းမယ်... "

"မအပ်မရာ ကိုစနေထွန်းရယ်... ဒါသွားကြည့်တော့ကော ဘာအကျိုးရှိမှာလဲ... "

"တစ္ဆေသရဲဆိုတာ ယုံတမ်းပုံပြင်တွေ လုပ်နေကြတာကို...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မခံချင်လွန်းလို့ပါ မန္တဲ့ရာ… မဟုတ်ဘူးဆိုတာ ကျွန်တော့်အသိနဲ့ ကျွန်တော်… လက်ဆုပ်လက်ကိုင် ပြချင်တယ်… ”

“ခင်ဗျားက… ကလေးသိပ်ဆန်တာပါပဲ… ”

“ဗျာ… ဘာဖြစ်လို့လဲ ကိုခင်မောင်ဆွေ… ”

“ခင်ဗျားက… တရားသေထားပြီး ဖွတ်မှဖွတ်ကိုဗျ… ဒါကြောင့် ဦးရှမ်းကြီးပြောတာ… ဒီခေတ်လူငယ်တွေဟာ— ဖွတ်မှဖွတ်ချည်းပဲဆိုတာ… ”

“ဒါနဲ့… ကလေးဆန်ရောလား… ”

“ကလေးဆိုတာ… လိုချင်မိပြီဆိုမှဖြင့် လိုချင်တာမရမချင်း ပူဆာနေတတ်တာပဲလေ… ”

သည်တော့ စနေထွန်းက ရယ်သံပေး၏။

“အဟင်း… ကျွန်တော့်အတွက် စွန့်စားခန်းလေးတစ်ခု ထုတ်ပါရစေဗျာ… ”

တကယ်တော့ သူ့စိတ်တွေက ရှုန်းလဲ့ကြောင့် ထိုင်းမှိုင်းဆွေးမြေ့နေခဲ့ရာ တစ်ခုခုစိတ်ဝင်စားမှုကိုတော့ ရှာမှဖြစ်တော့မည်ကို သိသည်။

“ခင်ဗျား… မနက်သွားလည်းရတာဘဲ… ကျွန်တော်ပါ လိုက်ခဲ့မယ်… ”



“ခင်ဗျားတို့ပြောတဲ့ မကောင်းဆိုးဝါးတွေဟာ… နေ့ဘက် မကောင်းဘူးဗျ… ညမှ ကောင်းတာ… ”

“ကျွန်တော်ပါ လိုက်ခဲ့မယ်… ”

“မလိုက်နဲ့… ကျွန်တော်က လူလွတ်… ခင်ဗျားက မန္တဲ့နဲ့… ပြီးတော့ လမ်းမှာလူဆိုးသူခိုးနဲ့တွေ့လို့… ကျွန်ဟော် တစ်ခုခုဖြစ်သွားရင်တောင်… လူလွတ်ဖြစ်တဲ့ ကျွန်တော်က ကိစ္စမရှိဘူး… ခင်ဗျား တစ်ခုခုဖြစ်သွားရင်… ”

စနေက ပြောပြီး အန္တဲ့မျက်နှာကို လှမ်းကြည့်၏။

အန္တဲ့က စိတ်ပူသောမျက်နှာလေးနှင့် မီးရောင်အောက်မှာ သူမယောက်ျားမျက်နှာကို လှမ်းကြည့်နေတာ တွေ့ရတော့… ။

“အခုဟာ… ဘာမှမဟုတ်တာ… ကျွန်တော် ဆယ့်နှစ်နာရီ ပြန်လာရင် ပြီးရောပေါ့… မလိုက်ခဲ့နဲ့ ကိုခင်မောင်ဆွေ…”

သူက ဂျာကင်ကို ခြုံလိုက်သည်။

သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ဆွဲကာ တိုက်ခန်းမှထွက်၍ လှေခါးအတိုင်း ဆင်းလာသည်။

တခြားအခန်းတွေမှ ဗီစီဒီဖွင့်သံ၊ ရုပ်မြင်သံကြားဖွင့်သံတွေ ကြားနေရသည်။

www.burmeseclassic.com



ဆူပါဆလွန်းက တိုက်အဆောက်အဦးအောက်
ရပ်ထားသည်။ သူထွက်လာရာကို တိုက်ဝရံတာမှ လင်မယား
ယောက်က ကြည့်ကျန်ရစ်ခဲ့ကြသည်။

"မအပ်မရာ ကိုဆွေရယ်… ဒီအချိန်ကြီးမှ သွားရတယ်
ကိုဆွေ့သူငယ်ချင်း… ခေါင်းမှကောင်းသေးရဲ့လား…"

"ဒီကောင်က… ကျောင်းကတည်းက ဖွတ်လုပ်တတ်
အကျင့်ရှိတယ် အန္တရေး… တစ်ခါတစ်ခါ သူများနဲ့မတည့်
မသိရင် လက်ပေါက်ကပ်တယ်လို့ ထင်မယ်… သူက သိ
ဘွဲ့နဲ့ရထားတော့… အရာရာကို သိပ္ပံစိတ်နဲ့တွေးတာ

"လောကမှာ ဝိဇ္ဇာတွေ ထွန်းပေါက်တာလည်း ရှိတာပဲ
အဘိဓမ္မာဟာ ဝိဇ္ဇာနည်းကျတာပဲ မဟုတ်လား…"

"သူ့ကို အဘိဓမ္မာတွေ အဘိဓမ္မက်တွေ သွားမပြောနဲ့
လူဟာ… ဗြဟ္မာကြီးလေးဦးက ဆင်းသက်တာပါ… အ
နဲ့ဝေက ဆင်းသက်တာပါဆိုတာထက်… မျောက်က ဆင်း
သက်တယ်ဆိုတဲ့… ဒါဝင်ရဲ့ အတွေးအခေါ်မျိုးကို လက်ခံ
ကောင်ကွ…"

သူတို့ လင်မယား ပြောနေတာကို စနေ မကြာ
တော့ပါ။



ကားကို ဗိုလ်ချုပ်လမ်းအတိုင်း မောင်းလာပြီး
ဒေးပြေးလမ်းမကြီးပေါ် ရောက်သည်အထိ မောင်းလာ၏။

မြို့ထဲတွင်တော့ လျှပ်စစ်မီးရောင်က တထိန်ထိန်
သွားကြလာကြ ပျော်ကြတဲ့လူတွေ။

မြို့အလယ်နာရီစင်ကြီးနားက ညဈေးတန်းစား
သောက်ဆိုင်တန်းက ပိုလို့တောင် စည်သေး။

အဲ့သည် စားသောက်ဆိုင်တွေက မနက်မိုးလင်း
နာရီထိုးအထိ ဖွင့်သည်။

နိုင်ငံမှာ ငြိမ်းချမ်းရေးရနေပြီမို့ လူတွေအတွက်
အန္တရာယ်ကင်းရှင်းနေသည်။

လောကကြီးတွင် လူတွေအတွက် ပြီးပြည့်စုံမှုဆို
မရှိသေးပေမဲ့ အရေးကြီးသော ပြီးပြည့်စုံမှုက ငြိမ်းချမ်းစွာ
ထိုင်ရေးနှင့် တူညီသော စီးပွားရေးပင် ဖြစ်ပေသည်။

ယခုခေတ်တွင် အန္တရာယ်ကင်းစွာ သွားလာလှုပ်
နိုင်သည် ဆိုကတည်းက ပြည်သူအတွက် ပြည့်စုံမှုတစ်ခုဟု
ရမည်။

သွားလာရာမှာလည်း အတားအဆီး ပိတ်ပင်မှုမရှိ
လွယ်ကူစွာ သွားလာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စနေအဖို့ မတွန့်ဆုတ်ဘဲ ကိုယ့်ကား ကိုယ်မောင်းပြီး ထွက်လာနိုင်ခြင်း ဖြစ်သည်။

မြို့ပြင်ရောက်တော့ အတော်ကြီးကို အေးနေပြီး ဘယ်သို့ဘယ်ပုံ သွားရမည်ကို ကိုခင်မောင်ဆွေက ပြောခဲ့ပြီးဖြစ်၏။

သူသွားနေသော လမ်းမကြီးသည် လှိုင်လင်အထိ သွားနေသော လမ်းဖြစ်သည်။

သူ့ဘေးမှ မီးတွေအထိန်သားနှင့် တအိအိသွားနေသည့် ကွန်တင်နာကုန်ကားကြီး တစ်စီးတစ်လေကို တွေ့ရှိရမှအပ လမ်းမှာ ခြောက်သွေ့နေသည်။

နှစ်မိုင်လောက် မောင်းလျှင်ပင် မြို့နှင့်ပြတ်သွား၍ ကားရှေ့မီးရောင်တွင် တောင်တက်လမ်းကွေ့များ၊ ချောက်များကို မြင်တွေ့လာရသည်။

လွင်ပြင်ပျောက်သွားချေပြီကော။ သည်နေရာတွင် သူတစ်ခါမှ မသွားမလာဘူးပါ။

နောက်ထပ် သုံးမိုင်လောက်ထပ်မောင်းတော့ တစ်ဘက်တောင်ဆင်းကို ကွေ့ပတ်ဆင်းလာရသည်။

ကမ္ဘာကြီးသည် ကြယ်ရောင်ကလေးတွေကိုသာ



ဆော်ပြုနေ၏။

ကားစက်သံမှအပ မည်သည့်အသံမှ ထွက်မလာ။

မည်းမှောင် သွေ့ခြောက်နေသောလမ်းတွင် ကုန် ပြီးခဲ့သော ခေတ်ဟောင်းများက ထိုလိုလမ်းတွင် တန်ရှိုးလှုသွား ကြမည် မဟုတ်ပါ။

ရှေ့မှကားတစ်စီး၏ မီးရောင်ကို မြင်ရသည်။

စနေက သူ့မီးကို ချပေးလိုက်သည်။ ထိုကားသည် သူ့လို ကိုယ်ပိုင်ကားမျိုးဖြစ်ကာ သူ့ကားကို ဆန့်ကျင်ဘက်သို့ ဖြတ်ထွက်သွားသည်။

တောင်အောက်ကို မရောက်မီ လမ်းကလေးတစ် လမ်းကို ကားမီးရောင်တွင် မြင်ရသည်။

ထိုလမ်းသည် သူမောင်းနေသော ကားလမ်းမကြီး ၏ ညာဘက်သို့ ခွဲသွားသော လမ်းဖြစ်၏။ ယင်းလမ်းသည် ကား လမ်းမကြီးထက်သေးငယ်သောလမ်း။

ကိုခင်မောင်ဆွေ ပြောတာသည်လမ်းပဲ ဖြစ်နိုင်ပေ သည်။

ယင်းလမ်းကလေးကို ကြည့်လိုက်ပြီး ညာဘက်သို့ ကားကို ချိုးကွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းနွမ်းနေသော လမ်းဖြစ်သည်။ ကတ္တရာခင်းထားသော်လည်း ယင်းလမ်းမှာ မသုံးတာကြာပြီမို့ ပြုပြင်ထားခြင်းမရှိ။

နှစ်မိုင်သုံးမိုင်လောက်တော့ လမ်းကပြေနေသေး၏။ အဲ့သည်အကွာအဝေးထက် ကျော်လာတော့ လမ်းမှာချိုင့်တွေ ခွက်တွေများလာသည်။

မိုးရေတိုက်စားမှုကြောင့် ဖြစ်သည်ထင်၏။

ဘေးနှစ်ဘက်တွင် စတင်ဝင်ရောက်လာစက တောင်ကမ်းပါးယံတွေကို တစ်ဘက်တစ်ချက်မှာ တွေ့ရသော်လည်း တဖြည်းဖြည်းနှင့် ပါးလာတာကို သတိပြုမိ၏။

မိုးတွင်းတွင် ဘယ်လိုမှ သွားဖို့မကောင်းသော လမ်းဖြစ်ချေ၏။

စနေသည် ကားကိုဖြည်းဖြည်းလေး ပင့်မောင်းသည်။ တောင်ကမ်းပါးယံလည်း ဆုံးရော ကားလမ်းမှာ လွင်ပြင်ထဲရောက်လာမှန်း သိသာလှသည်။

ဘေးတစ်ဘက်တစ်ချက်တွင် မြူခိုးနှင်းခိုးတွေ ဝေ့နေကာ ကားမီးက ထိုနှင်းခိုးမြူခိုးတွေကို ထိုးဖောက်၍ အေးသောဒဏ်ကို ပိုခံစားလာရသည်။



သူက ပါဝါခလုတ်ကိုနှိပ်ကာ မှန်တွေကို တင်လိုက်၏။

လမ်းအတိုင်းပဲသွား၏။

ပိုသတိပြုလာမိသည်က လွင်ပြင်မို့ အကွေ့အကောက်တွေ မများဘဲ ကားလမ်းက တသမတ်တည်း ပြေးနေသည်။ ကားဘီးက တစ်ခါတစ်ခါ ခိုးလို့ခုလုတွေကို တက်နင်းမိဟန်နှင့် ထင့်ခနဲတွန့်ခနဲ ဖြစ်တာကို ခံစားမိ၏။

ကားရှေ့မီးရောင်တွင် ကတ္တရာပျောက်ပြီး မြေနီလမ်းပဲ တစ်ချက်တစ်ချက် မြင်လိုက်ရ၏။

သည်တော့လည်း သူနောင်တရမိ၏။

ခင်မောင်ဆွေ ပြောသလို နေ့ဘက်သာလာလျှင် သခုလို မြူနှင်းတွေနှင့်လည်း တိုးမိမည်မဟုတ်။

မမြင်မကန်းလည်း ရှိမည်မဟုတ်။

အေးလေ အေးအေးသက်သာ မောင်းသွားရုံပါပဲ။

ပြီးတော့ သူကိုယ်သူ စဉ်းစားကာ ရယ်မိ၏။

အရူး.... ။

ဘာမဟုတ်သည့် စိတ်ကူးနှင့် ခေတ်ဆီအကုန်ခံ၊ အပင်ပန်းခံလာဟာ ရူးလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကားကို ခေတ္တခဏ ရပ်လိုက်၏။

ကားကိုတော့ စိတ်ချသည်။

သည်ကားက အင်ဂျင်လဲပြီးထားတာ မကြာသေး

ရန်ကုန်က မလာခင် ဝပ်ရှော့တွင် ကားကိုယ်ထည်ကိုစစ်၍ ပြင်စရာရှိတာ ပြင်၊ ထည့်စရာရှိတာထည့်ပြီးပြီ။

သည်မြို့ကိုလည်းသည့်နေ့က ကားကို ဆားဗစ်စင်သွားလုပ်လိုက်သေး၏။

ကားကို ရပ်ပြီးတော့ ကားထဲမှာ မီးပိတ်နေလိုက်သည်။

အားလုံးမှောင်နှင့်မည်းမည်းသာချည်းပဲ။

ဘယ်ရောက်လို့ ရောက်လာမှန်းမသိ။

ဖေဖေနှင့်မေမေသာ သိလျှင် အတော်အပြစ်ပြောကြပေလိမ့်မည်။

စနေသည့်ငယ်ငယ်ကလေးကတည်းကမကြောက်တတ်ပါ။ မကြောက်ရုံမက ရင်ဆိုင်ရဲသော ယှဉ်ရဲသော သတ္တိလည်းရှိ၏။

အဲ့ဒါကပဲ မွေးကတည်းက ပါလာသော စိတ်တခိုးလို့ဆိုလေမလား။



စွန့်စွန့်စားစားလည်း လုပ်ချင်သည်။

လုပ်ခဲ့ဖူးတာတွေလည်း ရှိသည်။ သူ့စိတ်က အတိတ်ကို ပြန်ရောက်သွားသည်။

ဇာနည်ဘို။

ဇာနည်ဘိုကို သူဘယ်တော့မှ မမေ့။

သူ့ဘဝကို လှန်ပစ်ခဲ့တဲ့လူ။

မိမိဘဝကို ကံကြမ္မာဆိုတာထက် ဇာနည်ဘိုကြောင့် ဖြစ်ခဲ့ရသည်ဟု သူယူဆသည်။

*****

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ… ဆရာ… "

"ဪ… ကိုထိန်လင်းလား… "

"ဆရာ… ဓားနည်ဘို သာကေတဘက်မှာ ရှိနေတယ်တဲ့… အဲဒါ… ဆရာ သွားဖမ်းရင် ရမှာပဲ… "

စနေ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်ပြီး လက်ဖက်ရည်သောက်နေခိုက် သူ၏ ဆယ်လူလာမှ ဖုန်းဝင်လာသည်။

မဟာဗန္ဓုလ်ယက မြောက်ဥက္ကလာဘက်တွင် အင်မတန် လူကြိုက်များသည့် လက်ဖက်ရည်ဆိုင်။

စနေက သူ့ကားနှင့် ထိုဆိုင်ကို တစ်ခါတစ်ရံလာပြီး လက်ဖက်ရည်နှင့် ကြက်သားပေါက်စီ စားတတ်၏။



သည်နေ့တွင် သူဂျူတီအောက်နေသည်။

သူ့ဂျူတီက ညဘက်မှာသာရှိသည်။ ရင်ထဲတွင် ယွမ်းမောသောစိတ်၊ ညှိုးသောစိတ်တို့ ရှိစေကာမူ သူ့တာဝန်ကိုတော့ မပျက်မကွက်ထမ်းသည်။

ယခု နေ့ဂျူတီမရှိသဖြင့် စိတ်ပြေလက်ပျောက် လက်ဖက်ရည်ဆိုင်သို့ လာပြီး ဟိုလူသည်လူကို ငေးကြည့်နေတတ်၏။

တစ်ခါတစ်ဆစ်တော့လည်း ဆိုင်နံရံတွင် ချိတ်ထားသော နာမည်ကြီးစူပါရုပ်ရှင်မင်းသားတစ်ဦးနှင့် လူတစ်စု ဤဆိုင်စားပွဲတွင်ထိုင်ပြီး စကားပြောနေကြသော ဓာတ်ပုံတွေကို ငေးမောကြည့်နေတတ်၏။

လူသည် ပါရမီတစ်မျိုးစီ လာသည်ဆိုတာကိုတော့ ယုံ၏။

နာမည်ကြီးစူပါမင်းသားသည် သူ့လိုမချောပေမဲ့ သောကျားပီသသော ရုပ်ရည်ရှိ၏။

တစ်နေ့တွင် သူသည် မြန်မာနိုင်ငံတွင် လူဦးရေ သန်းငါးဆယ်အတွင်း၌ နာမည်ကြီးအကယ်ဒမီရ စူပါမင်းသား ဖြစ်လာလိမ့်မည်ဟု သူ့ကိုယ်သူ တွေးတောဆောင်း၍ တွေးတောသလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရည်အချင်းနှင့် သူ့ပါရမီဆက်က သူ့ကို ပြ
သူချစ်သော ရုပ်ရှင်အနုပညာသည်ကောင်းတစ်ဦးအဖြစ်သို့
ဆောင်ပေးခဲ့သည်။

ထို့အတူ မိမိသည်လည်း ငယ်စဉ်ကတည်းက
မှုထမ်းဘဝကို ရောက်လိမ့်မည် သို့တည်းမဟုတ် ဆရာဝန်တ
ယောက် ဖြစ်လိမ့်မည်ဟု ရည်ရွယ်ကြိုးစားခဲ့၏။

ဆရာဝန်ဖြစ်ဖို့ ဆယ်တန်းအောင်စဉ်က အမှ
ပြည့်မရခဲ့။

ဒီအက်(စ်)အေတက်ဖို့ ကာစုလိုက်ပြန်တော့လည်
ဖေဖေနှင့်မေမေက သဘောမတူ။

ဖေဖေက ဘွဲ့ရသည်အထိ ပညာသင်စေပြီး
အိတ်(စ်)ပို့ အင်ပို့ကုမ္ပဏီတွင် စနေကို လုပ်ကိုင်စေလို၏။

စနေ ဘွဲ့ရတော့ စိတ်ကူးပေါက်ရာ (စ-စ-
ဝန်ထမ်းလျှောက်မိသည်။ အရွေးခံရ၏။

သည် ဓာတ်ပုံထဲမှ မင်းသားကို သူကြိုက်သ

သူကြည့်ရတာ စိတ်ဓာတ်ကောင်းပြီး ယော
ပီသပုံလည်း ရ၏။

သည်စဉ် ချိတ်ထားသော ဆယ်လူလာမှ လူ



သဖြင့် ဖော်ပြခဲ့သလို စကားပြောခဲ့၏။

ကိုထိန်လင်းက မိမိ၏ဌာနမှ အားအကိုးရဆုံး
သော လူတစ်ယောက်။

သူက ဓာနည်ဘိုအမည်ကြားသဖြင့် တက်တက်
ကြွကြွ ဖြစ်လာသည်။

ဓာနည်ဘိုသည် အထက်အညာဒေသ တောရွာ
တစ်ခုမှ လူသတ်ဝရမ်းပြေးတစ်ဦး။

သူက ဝရမ်းပြေးရင်းမှ ဓားပြတိုက်သည်။

လူသတ်မှုတစ်ခုကိုလည်း ထပ်ကျူးလွန်ခဲ့၏။

ပြီးခဲ့သော နှစ်လလောက်က စနေတို့ အပိုင်နယ်
မြေတွင် လုယက်မှုတစ်လု ကျူးလွန်သွားရာ ဓာနည်ဘိုပဲ ဖြစ်
သည်။ ငါးလွှာတိုက်ခန်းပေါ် တက်ကာ အိမ်ရှင်အဘွားကြီးကို သေ
လုမျောပါး ရိုက်သည်။

ပစ္စည်းတောင်းသည်။

အဘွားကြီးမှာ ရှိသမျှ ပစ္စည်းတွေထုတ်ပေးလိုက်
ရ၏။ စုစုပေါင်း ဆယ့်ငါးသိန်းနီးပါးရှိမည်။

သည်အမှုကို စနေကိုင်ရသည်။

ထိုသည့်နောက် စနေ့တစ်သက်တွင် မမေ့နိုင်သော
ပြစ်မှုတစ်ခုကို ကျူးလွန်လိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်း စနေမမေ့။

ဓာနည်ဘိုရဲ့နာမည်ကို ကြားလျှင် သူအင်မတန်နာကျည်းသည်။ မုန်းတီးသည်။

ဓာနည်ဘိုကို တွေ့လျှင် မှတ်လောက်သားလောက်အောင် လုပ်ပစ်လိုက်ချင်သည်။

ယခု သာကေတမှာတဲ့။

သာကေတဆိုတာ တစ်ခေတ်က တောခေါင်ခေါင်ပေမဲ့ ယခုခေတ်မှာတော့ လမ်းပန်းအဆက်အသွယ် ကောင်းမွန်တွေကြောင့်ပင် စည်ကားသောနေရာဒေသ ဖြစ်နေ၏။

သူက စခန်းသို့မသွားဘဲ သာကေတဘက်ရှိ ရပ်ကွက်တစ်ခုသို့ လာခဲ့၏။

စနေသည် ဂျူတီချိန်မဟုတ်သဖြင့် ယူနီဖောင်းဝတ်စားမထားပါ။

ဓာနည်ဘို ရောက်နေသည့်နေရာက သူ့မိန်းမတိတ်တဆိတ် လာရောက်နေထိုင်သော နေရာဖြစ်၏။

ဓာနည်ဘိုတို့ ရပ်ကွက်မှ ကြည့်လိုက်လျှင် သံလျှင်တံတားကြီးကိုလည်းကောင်း၊ ပင်လယ်ကို လည်းကောင်း လှမ်းမြင်နိုင်သည်။



အဲ့သည်နေရာမှာတော့ တခြားရပ်ကွက်တွေလို အိမ်ခြေသိပ်မကောင်းလှ။

သူက ဓာနည်ဘို၏ မိန်းမနေထိုင်သော အိမ်ကို စုံစမ်း၏။

သိရှိသည်နောက်ပိုင်း ကားကို တစ်နေရာတွင် ရပ်ပြီး လမ်းကလေးထဲဝင်လာသည်။

အိမ်တွေမှာ စနစ်တကျ ဆောက်လုပ်ထားပေမဲ့ အိမ်ကြီးအိမ်ကောင်းတွေ နည်းလှ၏။

တစ်အိမ်နှင့်တစ်အိမ် အနည်းငယ်ကွာသည်။

အိမ်တစ်အိမ်တွင် ရေချိုးနေသော အမျိုးသားတစ်ဦးအား မလှကြွေအိမ် ဘယ်မှာလဲဟု မေးလိုက်၏။

စနေရောက်သွားချိန်က မနက်ပိုင်းဆယ်နာရီလောက်ရှိမည်။ နွေရာသီမို့ ဆယ်နာရီပင် ရှိသော်လည်း နွေနေက အစွမ်းကုန်ပူပြနေ၏။

နွေရာသီတွင် လူတွေ သွေးဆူတတ်သည်။

စနေမှာလည်း ဓာနည်ဘိုနှင့် ပတ်သက်ပြီး သွေးဆူစ ပြုနေ၏။ အမေးခံရသူက တစ်အိမ်ကျော်ကို လက်ညှိုးထိုးပြသည်။ သူက စနေ၏ မော်ဒယ်လို ဝတ်ဆင်ပုံနှင့် ရုပ်ရည်ကို သတိ ပြုမိသလို ရေဆက်မချိုးသေးပဲ လိုက်ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



စနေက ခနီမိုးပျဉ်ကာ လုံးချင်းအိမ်ကလေးဆ
ရောက်သွားသည်။ တံခါးတွေ ပိတ်ထားသည်။

အေးပတ်ဝန်းကျင်ရှိ လူသူကို အကဲခတ်လိုက်
သည်။ ဘယ်သူကမှ စနေရောက်လာမှန်းမသိ။

စနေက အိမ်ပျဉ်တွေကြားမှ အထဲကို ချောင်
ကြည့်လိုသော်လည်း ချောင်းကြည့်နိုင်လောက်သော အပေါက်
မတွေ့ရ၏။

သည်တော့ ပိတ်ထားသောတံခါးရွက်ကိုပဲ လက်
ခေါက်နှင့် ခေါက်လိုက်သည်။ နာမည်ကိုလည်း ခေါ်လိုက်၏။

"မလှကြွေ... မလှကြွေ..."

သူ့အသံက မတိုးမကျယ်အသံ။

အိမ်တွင်းထဲမှာ တိတ်ဆိတ်နေသည်။ သို့သော်
စဏအကြာ မီးဖိုချောင်ဘက်မှ အသံတချို့ ထွက်လာ၏။

"မလှကြွေ... မလှကြွေ..."

ထပ်မံခေါ်ရင်း သူ့စပို့ရှပ်နောက်ကျောတွင် ထိုး
ထားသော ဗွိုင်ငှသရီးအိတ် ပစ္စတို(လ်)ကို စမ်းသပ်သည်။

ဇာနည်ဘိုလို လူသတ်ဝရမ်းပြေးတစ်ယောက်
ညှာညှာတာတာ ဖမ်းနိုင်ဖို့ကို မမျှော်လင့်ပါ။



အိမ်တွင်းမှခြေသံတွေ ကြားရသည်။ စကား
အနည်းငယ် တီးတိုးပြောသံတော့ ကြားရသည်ထင်၏။

မကြာပါ။ တံခါးပွင့်သွား၏။ အသားညိုညို ကိုယ်
လုံးတောင့်တောင့် မျက်ခမ်းစပ်စပ်နှင့် မိန်းမတစ်ယောက်။

"ဘာကိစ္စလဲ..."

"ငွေပေးစရာရှိလို့..."

ပိတ်ဆို့နေသော အမျိုးသမီးကို ကျော်လွှား၍ အိမ်
ထဲကို အကဲခတ်ရင်း စနေက စိတ်ကူးထားသည်အတိုင်း ဖြေ
သည်။ *

ထိုစဉ် မီးဖိုချောင်ဘက်မှ တံခါးဖွင့်သံလိုလို ကြား
လိုက်ရသည်။

"ရှင်... ဘာငွေပေးစရာ..."

မလှကြွေ စကားမဆုံးသေးပါ။ စနေက မလှကြွေ
ကို တွန်းဖယ်ပြီး အိမ်ထဲတောက်လျှောက် သွက်သွက်ဝင်ပြေးသွား
၏။

"ရှင်... ရှင်ဘာလုပ်..."

သူမ စကားကိုတောင် ဆုံးအောင်မပြောနိုင်ခင်
စနေက မီးဖိုချောင်ဘက်ကို ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူရောက်ချိန်မှာ မီးဖိုချောင်နောက်တံခါးကို လူတစ်ယောက်ဖွင့်ဆင်းပြေးသွားသည်ကို ရိပ်ခနဲ မြင်လိုက်ရ၏။

"ဟိတ်... မပြေးနဲ့..."

စနေက လှမ်းအော်သည်။ တဟုန်ထိုးပြေးလိုက်သွားသည်။

"ဟေ့ကောင်... ဇာနည်ဘို ရပ်လိုက်... မင်းကို ရဲတွေဝိုင်းထားပြီးပြီ..."

ရှေ့မှ ပြေးသူနှင့် သူက သိပ်ကွာလှသည်တော့ မဟုတ်။

စနေ ပြေးလိုက်ရင်းမှ လှန့်လိုက်သည်။ အမြဲတန်း ကျီးလန့်စာစား ဖြစ်နေမည့် ဇာနည်ဘိုမှာ တံခါးလာခေါက်ကတည်းက ဘယ်လိုလူမှန်းသိသွားခဲ့ချေပြီ။

ဒါကြောင့် ပြေးခြင်းဖြစ်သည်။

"ရပ်လိုက်... ဇာနည်ဘို... မင်းပြေးမလွတ်ဘူး..."

စနေက ထပ်မံအော်ဟစ် သတိပေးပြန်သည်။ သူ့သေနတ်ကို သူမထုတ်။

အိမ်၏ နောက်ဘက်တွင် ကျယ်ပြောသော ကွင်းပြင်နှင့် ကွင်းပြင်ဟိုမှာဘက်တွင် ရန်ကုန်မြစ်နှင့် ပင်လယ်ဝ ဆက်ထားသော ရေပြင်ကို လှမ်းမြင်နေရ၏။



ဇာနည်ဘို ပြေးလျှင် ရေစပ်ကိုသာ ရောက်သွားတော့မည်။ သူက ပြေးတာကို ရပ်လိုက်သည်။

ချက်ချင်း လှည့်ရင်ဆိုင်လိုက်သည်။ သူ့ချည်းသက်သက် မဟုတ်တော့။

"ဒီမှာ တွေ့လားဗျား... ခင်ဗျား ကပ်လာရင် အထိုးပဲ..."

စနေမှာ တစ်ယောက်တည်း ဖြစ်ရုံမက လက်နက်ကိုင်လာတာ မတွေ့ရသဖြင့် ဇာနည်ဘို ပိုရဲရင့်နေသည်။

ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်သည်။ အိမ်ကို ချွတ်သည်။ ဓားကို ပြသည်။ သည့်ထက် ဘာလိုသေးသလဲ။

စနေ ရပ်လိုက်သည်။

မကြောက်။

"ဇာနည်ဘို... မင်းပြေးမလွတ်ပါဘူး... အဖမ်းခံပါ..."

ရပ်ကာ တည်တည်ပဲ ပြောစဉ် ဇာနည်ဘို၏ လှုပ်ရှားချက် စတင်လာသည်။

ငနဲ၏ ဓားဦးက စနေ၏ ဝမ်းဗိုက်ဆီသို့ ပြေးဝင်လာသည်။ စနေ သင်တန်းမှာကတည်းက ကိုယ်ခံပညာ ထူးချွန်ခဲ့သည်။ ပြီးတော့ ကျောင်းမှာနေကတည်းက မြန်မာ့အားကစားတွင် ကြက်တောင်နှင့် သိုင်းကို ကျွမ်းကျင်လာခဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



စနေက သူ့ကိုယ်ကို ယို့ပေးလိုက်သည်။

ဝင်လာသော ဓားဦးက ဝမ်းဗိုက်ရှေ့မှ ရှပ်ထွက်သွားစဉ် ဘယ်လက်ဖျံနှင့် ဓားကိုင်လက်ကို ပင့်ရိုက်တင်လိုက်သည်။

ဓာနည်ဘိုမှာလည်း အပွဲပွဲနွှဲခဲ့သူ။

သူက ဓားကို ဖျက်ခနဲ ပြန်ရုတ်လိုက်သဖြင့် လက်သီးဆုပ်ကိုပဲ ရိုက်မိသွား၏။

ချက်ချင်း နံဘေးမှ ဝိုက်ထိုးပစ်၏။

စနေ နောက်ကို ခုန်ရှောင်သည်။ ပြွသွားသော ဓားက ချက်ချင်း လက်ပြန်ဝင်လာ၏။ စနေ နောက်ကို ဆုတ်ပေးသည်။

ဓာနည်ဘို၏ ဓားချက်လွဲသွားသည်။

စနေက ခြေတစ်ဘက်နှင့် ဆောင့်ကြိုးကန်ပစ်လိုက်၏။

"ဖုန်း…"

အတော် အထိနာဖို့ကောင်းတဲ့ ကန်ချက်။

ဒါပေမဲ့ တုတ်ခိုင်သော ကိုယ်လုံးနှင့် ကျွဲပေါက်လို ကြံ့ခိုင်သော ဓာနည်ဘိုမှာ ယိုင်ရုံမျှ ယိုင်သွား၏။



သူက သွားကိုဖြီးလိုက်သည်။

နဖူးရှေ့တွင် ဖွာ၍ရှုပ်ထွေးကျနေသော ဆံပင်ရှည်အချို့ကို လက်နှင့်နောက်သို့ ပင့်တင်လိုက်၏။

နဖူးကျယ်ကျယ်၊ အသားမည်းမည်း၊ မျက်ခုံးစပ်ဆီး၊ နှာခေါင်းပွပွ၊ မေးရိုးကားကားနှင့် ကြမ်းတမ်းသောရုပ်က အထင်းသား။

စနေ ရှေ့ရှည်တိုက်ပွဲ မနွှဲချင်ပါ။

စိတ်က တည်ငြိမ်သော်လည်း ဓာနည်ဘိုပေါ်တွင် ထားသောအာဃာတ စိတ်ကြောင့် ဒေါသထွက်လာ၏။

"မင်း… ခုရင်မှားမယ်နော်… ငါ့ကို ဘာအောက်မေ့လဲ…"

မိမိထက် ဓာနည်ဘိုက အနည်းငယ် အသက်အရွယ်ကြီးစေကာမူ စနေက နှင့်နှင့်သီးသီးပဲ ပြောသည်။

သူ့လက်တစ်ဘက်က ခါးနောက်ဘက်ရောက်သွား၏။

လက်က ရှေ့ကို ထွက်လာတော့ မည်းကြုတ်ကြုတ် အရာတစ်ခု။

ပစ္စတို(လ်) သေနတ်တစ်လက်။

ဘယ်လက်က သွက်လက်စွာ ပစ္စတို(လ်)၏ အ… က်တာမောင်းကို ဆတ်ခနဲ ဆွဲတင်ပြီးချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း... လက်နက်မချရင်... ငါ ပစ်ရလိမ့်မယ်..."

စနေက တကယ်ပင် ပစ်တော့မည့်ဟန် ရှိသည်။

ဇာနည်ဘိုက ဖွတ်။

သူက ပြုံးမဲ့မဲ့နှင့် ပိုမိုက်ပြလိုက်သည်။

သူ့ မိုက်ပြပုံက ဓားကို စနေရှိရာသို့ ပစ်ပေါက်ရန် လက်ကိုရွယ်လိုက်သည်။

သူ့ထက်ပိုပြီး စနေ မိုက်ပြရတော့မပေါ့။

ပစ်မိပစ်ရာ ပစ်ချလိုက်တော့၏။

"ဒိုင်း..."

ကျယ်လောင်သော ကော်ဒိုက်ယမ်း ပေါက်ကွဲသံ က နားကွဲမတတ် ပေါ်လာသည်။ ခြံတွင်းကိုလည်း ရိုက်ခတ်သည်။ ရပ်ကွက်တွင်းလည်း ရိုက်ခတ်သည်။

မြစ်ပြင်ဘက်ဆီကိုလည်း ဝေ့ဝဲလွှမ်းထွက်သွား၏။

ဇာနည်ဘိုသည် ရင်ဝတွင် စွပ်ကျယ်အင်္ကျီနှင့်အတူ စိုက်ဝင်နေရာလာသော သွေးကွက်တစ်ကွက်ကို ငုံ့ကြည့်၏။ ကိုယ်က နောက်ကို ယိုင်သွားသည်။

လက်မှဓား လွတ်ကျသွားသည်။ ခွေခနဲ ပစ်လဲကျ သွား၏။

"အမယ်လေး... ကိုဇာနည် သေပါပြီတော်..."



အိမ်နောက်ဘက်ကို ပြေးထွက်လာသူ ဇာနည်ဘို၏ မိန်းမ မဒမ်ဇာနည်ဘို၏ အော်လိုက်သံက သေနတ်ယမ်း ပေါက်ကွဲသံနှင့် နင်လားငါလား အသံ။

ထိုအမှုတွင် စနေမှာ တရားခံကိုဖမ်းမိသော်လည်း သူကိုယ်တိုင် အမှုကို ရင်ဆိုင်ရတော့၏။

ဇာနည်ဘိုကို ပစ်သတ်လိုက်မှု။

ဇာနည်ဘိုသည် လူသတ်ဝရမ်းပြေး တရားခံတစ် ဦးဖြစ်ပြားသော်လည်း သူ့အနေနှင့် မိမိကိုယ်ကို ကာကွယ်ရာတွင် တရားခံ၏ ခြေလက်အင်္ဂါတို့ကိုသာ တတ်နိုင်သရွေ့ ပစ်ခတ်နိုင် သည်။

သေကွင်းကို ပစ်ခတ်ခြင်းသည် ဥပဒေကို ချိုး ဖောက်ရာရောက်သည်ဟု အထက်ကဆိုသည်။

အမှုတွင် ဇာနည်ဘို၏ မိန်းမ မလှကြွေက ဇာ နည်ဘို သေနတ်ပစ်ခံရချိန်တွင် လက်နက်ကိုင်ထားသည်ကို မတွေ့ရပါ။ စနေက ဇာနည်ဘိုကို သက်သက်ပစ်သတ်ခြင်းသာဟု ဆိုသည်။

စနေက အမှန်အတိုင်း ထွက်ဆိုသည်။

ဇာနည်ဘို ခုခံပုံ၊ မိမိ သတိပေးတာကို မလိုက်နာ ဘဲ မိမိကို ခုခံသဖြင့် မိမိ၏ အသက်ချမ်းသာရာရရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်မိပစ်ရာ ပစ်ခဲ့ပါသည်ဟု ဆိုသည်။

ဇာနည်တို့ ကိုင်သောဓားကိုလည်းပြ၏။

အမှုမှာ ရုံးမရောက်ဘဲ နောက်ဆုံးအထက်လူကြီးများ၏ ပြင်းပြင်းထန်ထန် သတိပေးမှုကို ခံလိုက်ရသည်။

စနေ ရှက်တာလည်းပါသည်။ စိတ်ထိခိုက် သွားတာလည်း ပါသည်။

မိမိက ဝတ္တုရားကျေပွန်ပေမယ့် ဥပဒေဘောင်ထဲမှာပဲ လုပ်ဆောင်ရသော အလုပ်မို့ လွတ်လပ်သည်ဟု မထင်တော့။

အထက်လူကြီးတွေ၏ သတိပေးမှုတွင် စနေသည် ဂျူတီချိန်မဟုတ်သောကြောင့် ဇာနည်ဘိုကို ဖမ်းရာတွင် တာဝန်ကျ လုပ်ဖော်ကိုင်ဖက် များ၏ အကူအညီကိုမယူဘဲ တစ်ဦးတည်း သွားရောက်ဖမ်းခြင်းက စနေ၏အပြစ်အဖြစ်နေကြောင်း ရပ်ကွက်လူကြီးများကို အကြောင်းမကြားဘဲ ဝင်ရောက်၍ တရားခံကို အမိဖမ်းရာတွင် ဝတ္တုရားကျေပွန်သော်လည်း ရပ်ကွက်ဆူပူလှုံ့ဆော်မှု ဖြစ်သွားစေကြောင်းဖြင့် အထက်က သတိပေးစကားများတွင်ပါသည်။

ဖေဖေက သူ့ကို အမှုထမ်းဘဝမှ ထွက်ဖို့ရန်ပြောသည်။



စနေက ရုတ်တရက် ထွက်ရန်မလွယ်ကြောင်း ပြောသည်။ မိမိ၏ ကြမ်းတမ်းသောစိတ်နှင့် တစ်ရက်ရက်တစ်ခါတွင် တရားခံဖမ်းရာတွင် ချွတ်ယွင်းမှု ရှိနိုင်ကြောင်း စနေသိထားသည်။

သည်တော့ အကြောင်းပြ တစ်ခုခုနှင့် ထွက်တာ အကောင်းဆုံး။

သူ ခဲရာခက်ဆစ်နှင့် ထွက်လိုက်သည်။

စိတ်ထဲမှာ ကြိတ်ကျေနပ်မိတာက ဇာနည်ဘို သေဆုံးသွားသည့်အတွက်ပဲ။

တူညီသော တုန့်ပြန်မှုတစ်ခု ပေးလိုက်သည်ဟုပဲ ထင်၏။

အကြောင်းက မိမိ၏ နှလုံးသား၊ မိမိ၏ အသက်ပမာ ချစ်ခဲ့ရသော ရွှန်းလဲ့သံသာမှာ ဇာနည်ဘို၏ လက်ချက်နှင့် သေဆုံးခဲ့ရသောကြောင့် ဖြစ်သည်။

✲✲✲✲✲

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်လမ်းစဉ် ၃

ငှက်ကလေးတစ်ကောင်က ကားမီးရောင်အော
မှ ထပျံသွား၏။

ညငှက်ကလေးတစ်ကောင်။

အတိတ်ကို စဉ်းစားနေရာမှ အတိတ်၏ အတွေး
ပြတ်သွားသည်။ ဦးနှောက်တွင်းမှ ဓာနည်ဘိုကို ဖယ်လိုက်သည
ကားက မြေနီလမ်းပေါ်တွင် ရွေ့လျားဆဲ။

သည်လမ်းမဆုံးသရွေ့ကို အစို့ဘီးတွေကို ဆ
လှိမ့်နေရဦးမည်သာ။



ခရီးအတော်ကြီး ပေါက်လာသည်ကိုတော့ နား
သည်၏။

လမ်းတွင် နှင်းထုမြူထုကြီးကို ရင်ဆိုင်ခဲ့သော်
သည်း ဤနေရာတွင် နှင်းထုမြူငွေ့ထုတွင် ပါးလာတာကို သတိပြု
မိသည်။

မီးရောင်ရှေ့တွင် နှင်းထုနှင်းငွေ့တွေ မရှိတော့
တာမို့ လေးငါးပေသာ ထိုးနိုင်သော မီးအလင်းရောင်က ဆယ်
ငါးပေ ပေနှစ်ဆယ်ထိ ဖောက်ထွင်းထိုးလင်းနိုင်သည်။

လမ်းမှာ ကျဉ်းသည်ထက် ကျဉ်းလာတာကို သတိ
ပြုမိ၏။

ဘေးဝဲယာတွင် သစ်ပင်များ တောအုပ်များသာ
ရှိ၏၊ မြေပြန့်ရောက်နေတာကို သတိပြုမိသည်။

“ဟာ…”

သူ့နှုတ်မှ အသံထွက်သွား၏။

မီးရောင်အောက်တွင် ဖြူလွလွသဏ္ဌာန်နှစ်ခုကို
တွေ့လိုက်ရသည်။ ခပ်ပြင်းပြင်း ကားအရှိန်ကို ယူမောင်းနေ
သော စနေ၏ နှုတ်မှ ဟာခနဲအသံ ထွက်သွား၏။

ထိုဖြူလွလွသဏ္ဌာန်သည် အဝတ်အစား အဖြူ

www.burmeseclassic.com

www.burmeseclassic.com



ရောင်တွေကို ဝတ်ထားသော ဆယ်နှစ်ရွယ် ယောကျ်ားလေးတစ် ယောက်နှင့် မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။

ကားလမ်းအလယ်တွင် မားမားကြီး ရပ်နေကြ သည်။

ကားမီးရောင်က သူတို့အပေါ်ကို ထိုးတော့ ခုန် ပေရှုစပေလောက်သာ ဝေးကွာတော့၏။

ကားမောင်းသူတို့၏ ညဥ်အတိုင်းသည် ကလေး တွေကို မတိုက်မိစေဖို့အတွက် စနေက ကားကို လက်ယာဘက် သို့ တိမ်းဖယ်ပစ်လိုက်၏။

အရှိန်ကို မလျှော့မိ။

ဘရိတ်ကိုလည်း မနင်းမိ။

ကားက အရှိန်နှင့် လမ်းဘေးသို့ ခုန်ထွက်သွား သည်။

နီးနီးကပ်ကပ်နှင့် မည်းမည်းကြီး မြင်လိုက်ရတာ က သစ်ပင်တွေ။

သည်တော့မှ လီဗာကို ဖိနင်းထားသော ခြေ ထောက်က ဘရိတ်ပေါ် နင်းချလိုက်မိ၏။

သွားပါပြီ။



ဒိုင်းခနဲ ဝင်တိုက်မိ၏။ သူ့တစ်ကိုယ်လုံး ယာဥ် မောင်းခါးပတ်မပတ်မိခဲ့တာ အမှား။

တစ်ကိုယ်လုံး မြောက်တက်သွားသည်။

ပထမကား အမိုးနှင့် ရိုက်မိ၏။ ဒုတိယက ရှေ့ကို ငိုက်ကာ စတီယာရင်လက်ကိုင်ဘီးနှင့် ရိုက်ကာ တတိယက ပွင့် ထွက်သွားသော တံခါးပေါက်မှ ဘေးကိုလွင့်စင်ကျသွားတော့ သည်။

နောက်ထပ်မိတ်ဆက်လိုက်မိတာက ခေါင်းနှင့်မြေ ကြီး။

မူးနောက်နာကျင်မှုကို ခံစားလိုက်ရသည်။ သတိ ကင်းစင်သွားတော့သည်။

တောကြီးလယ်ခေါင် ညဥ့်မှောင်မှောင်တွင် တစ် ကိုယ်ရေထီးထီး သတိအချည်းနှီးဖြစ်သွားတာကို သစ်ပင်တွေ၊ ဘြယ်တွေကလွဲလို့ ဘယ်သူကမှ မသိကြ။

ခြော်... သနားတယ်။

စနေသတိပြန်ဝင်လာတော့ ရှက်တရက်မထနိုင်။

မူးနောက်နေသော သူ့ခေါင်းကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထိန်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား... ကျွတ်... ကျွတ်... နင့်အမေကလွှားပဲ... "

သူ့ကိုယ်သူ ညည်းမိဘိသည်။ ရုတ်တရက်တော့ ဘာဖြစ်သည်ကို မစဉ်းစားနိုင်သေး။

သူ့ကိုယ်မှ ဒဏ်ရာဒဏ်ချက်တွေကို ရှာဖွေမိ၏။

ချိုင့်စောင်းနားမှာ အရေပြားပွန်းပဲ့ပြီး အနည်းငယ် ဖူသွားရုံမှအပ အခြားခံစားမှုမရှိ။

အင်း... တော်သေးတာပေါ့... ။

သက်ပြင်းချကာ... ထရပ်လိုက်၏။ ခေါင်းထဲမူး နောက်မှုလည်း ပျောက်သွားသည်။ ခေါင်းကို တစ်ချက်စမ်းစဉ် သတိရလိုက်၏။

ဟိုကလေးနှစ်ယောက်။

သူ့ကား ရှေ့မှာ မမျှော်လင့်ဘဲ တွေ့လိုက်ရသော ကလေးနှစ်ယောက်။

အဲသည် ကလေးနှစ်ယောက်က ဘယ်ရောက်သွားသည်မသိ။

တကယ်ဆို သူ့အနားမှာ ရှိဖို့ကောင်း၏။

သူတို့ကို မတိုက်မိတာတော့ သေချာသည်။ ကားမီးတွေမှာ ငြိမ်းနေခဲ့ပြီမို့ အမှောင်နှင့် နှင်းမြူငွေ့တွေသာ ရစ်တည်နေ၏။



ဒယီးဒယိုင်နှင့် ကားရှေ့ခန်းကို စမ်းသစ်သည်။

ရှေ့တံခါးမှာ ပွင့်ထွက်ပြီး ဖြစ်နေသည်။

ကားရှေ့ခန်းထဲ ကုန်းဝင်ကာ ဒက်ရှ်ဘုတ်ကို ဖွင့်သည်။ အဲသည် ဒက်ရှ်ဘုတ်ထဲမှာ သူ့လက်နှိပ်ဓါတ်မီး၊ ကားလိုင်စင်ပြီးတော့ လိုင်စင်နှင့်ကိုင်သော ပိုင့်တူးဖိုက်ဗီဘာရက်တာပစ္စတိုလ်။ သူက သေနတ်ကို သတိမရဘဲ လက်နှိပ်ဓါတ်မီးကိုသာ အလောတကြီးဆွဲယူလိုက်သည်။

ဦးစွာကားကို ထိုးကြည့်၏။

ကားစက်ခေါင်း၏ ဝဲဘက်တစ်ခြမ်းလုံး ရစရာမရှိတော့။ သစ်ပင်တစ်ပင်၏ ပင်စည်ကို ကားစက်ခေါင်းဘေးနှင့် ငင်အောင်းလိုက်ခြင်းဖြစ်သည်။

သူ့ကိုယ်သူ ဆဲမိ၏။

ကလေးနှစ်ယောက်ကိုလည်း ဆဲလိုက်သေး၏။

ဘယ်ကမှန်းမသိတဲ့ မသာလေးတွေ။

နေပါဦး... ဒီအချိန်မှာ ဒီကလေးတွေ ဘယ်ကလာတာလဲ... ဒီနားမှာ ရွာရှိဟန်တူတာပဲ။

သူ့ကားကို စက်တက်နှိုးကြည့်သည်။

စက်သံပေါ်မလာ။

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်သည်။

စနေရေ… နင်တော့ မြွေကိုက်ပြီဟေ့။

စိတ်ပျက်သွားသည်။ မှောင်ထဲတွင် ငေးငေးငိုင်ငိုင်ရပ်နေမိ၏။

အချမ်းဓါတ်ကလေးက အရေပြားထဲလိုမ့်ဝင်လာ၍ ပြန်စဉ်းစားမိ၏။

မိမိလာစဉ် ဘာရယ်မဟုတ်ဘဲ စိတ်ကူးနှင့်ဆက်ဆော့ပြီး လာတာပဲ၊ ခုလိုပြဿနာဖြစ်နေမှတော့ ပြေလည်အောင် ဖန်တီးရပေမပေါ့။

ကားစက်ခေါင်းက စက်အုံတစ်ခုလုံးကျွတ်ထွက်သွားသလား၊ ဒါမှမဟုတ် ဂတ်စကက်ပေါက်သွားသလား။

စက်နှိုးမရတာ ဒိုင်နမိုနှင့် ဘက်ထရီမှာလည်း အပြစ်ရှိ၏။

ကားစက်ပျက်လို့ စက်နှိုးမရဘူးဆိုလျှင်တော့ သူ့အတွက်ရင်ထုကိန်းပဲ။

သည်မှာဘက်တွင် ဘာကိုမှ မျှော်လင့်မထားနှင့် လူတောင်လာတာမဟုတ်တော့ လာရင်းလမ်းကို ခြေလျင်ပြန်လျှောက်ရမည်။



လှိုင်လင်မှလာသော ကားကြုံကို မြို့အထိစောင့်စီးပြီး ပိုက ကားပြင်တတ်သူတွေကို ရှိရိုးဦးတင်နှင့် ခေါ်လာရဦးမည်။

ခေါင်းထဲအတွေးတစ်ခုဝင်လာသည်။

ကလေးနှစ်ယောက်…။

သူ့ကားနှင့် တိုက်မလိုဖြစ်ခဲ့သော… ကလေးနှစ်ယောက်သည် ဤအနီးအနားမှ ဖြစ်နိုင်မည်။

သူမှောင်ထဲတွင် ကားနှင့်တိုက်တော့ အဲသည့်ကလေးနှစ်ဦးထွက်ပြေးကြလိမ့်မည်။

အနီးအနားမှာ ရွာစပ်ရွာချုပ်ကလေးတစ်ခုတစ်လေ ရှိတတ်သည်လို့ ခင်မောင်ဆွေ ပြောဖူးတာပဲ။

သူက ရွာကိုရှာဖို့ စိုင်းပြင်း၏။

မှောင်ကြီးမည်းမည်းထဲရွာကိုရှာရခြင်းမှာ ကောက်ရိုးပုံထဲမှာ အပ်ကိုရှာရခြင်းနှင့် အတူတူပါလေ။

ဒါပေမယ့် ရွာကိုရှာရချိမ့်မည်။

သူရောက်နေတာ အရှေ့အနောက်တောင်မြောက်အရပ်ကိုတော့ မသိပါ။

ညည့်ငှက်ကလေးတစ်ကောင် နှစ်ကောင်က လေထဲတောင်ပံခတ်သံပေးပြီး ပျံဝဲသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စနေက လက်ဘေးဝဲယာကို ကြည့်သည်။ သူလာသည့် လမ်းအနေအထားကို ပြန်သုံးသပ်သည်။

သူ့စိတ်ထင် သူသည် အရှေ့မြောက်ဘက်သို့ လာနေသည်လို့ပဲ ထင်သည်။ သည်တော့ လက်ယာဘက်ကို လိုက်လျှင် အရှေ့ကို ရောက်နိုင်သည်ဟု ယူဆသည်။

သည်အတွင်း ထူးထူးဆန်းဆန်း အသံတစ်သံကို ကြားမိသလိုလို။

သူ့ညာဘက်မှ ကလေးတစ်ဦး၏ တခစ်ခစ်ရယ်မောလိုက်သံလိုလို ထင်လိုက်၏။

လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်၏။

သစ်ပင်တွေ၊ ချုံပင်တွေမှအပ ဘာကိုမှ မတွေ့ရပါ။ သူက လက်နှိပ်ဓါတ်မီးနှင့် ညာဘက်ကို ထိုးပြီးဆင်းလိုက်သည်။

သူကြောက်သည်မှာ ချောက်ကမ်းပါးတွေပဲဖြစ်၏။

ချောက်ကမ်းပါးတစ်ခုခုထဲသို့ သူထိုးကျသွားလျှင် သူ့ဘဝအတွက် ပြီးပါပြီဟူသော စာတမ်းထိုးလိုက်ရုံပဲ။

စိတ်က ရွာတစ်ရွာကို တွေ့လိုစောနှင့် ကားမှဖယ်ခွာလာသောအခါ သူလိုလိုမယ်မယ်ထည့်လာသော လိုင်စင်မှင်



တိုင်သည့် ဝီဘာရက်တာသေနတ်ကလေးကို မေ့ကျန်ရစ်ခဲ့၏။

လမ်းမဟုတ်သော်လည်း ပြေပြစ်မည်ထင်ရသော ချုံနွယ်တွေကို တိုးဖွေလာခဲ့၏။

ရှေ့မှ အမှောင်ဝိတ်ဆီးထားသလို… နောက်မှာလည်း အမှောင်ကျန်ရစ်ခဲ့သည်။

ခြေတွေက တစ်လှမ်းပြီးတစ်လှမ်း။

ကုန်းမြင့်ကလေးတွေ၊ ကမူကလေးတွေကို ဖြတ်ကျော်ခဲ့ပြားလည်း ရွာဆိုတာကို မတွေ့ရပါ။

စလှမ်းစဉ်က ခြေလှမ်းသွက်သော်လည်း စိတ်ထဲတစ်နာရီကျော်ကျော်လှမ်းလိုက်ရတော့ ခြေလှမ်းတွေကျဲရာမှ စိပ်သွားသည်။ နောက်တစတစခြေလှမ်းတွေ လေးလာ၏။

အအေးဓါတ်က ပိုစိမ့်ပိုကဲလာသည်။

နှင်းမြူတွေပါးရာမှ ပိုပြီးထူထူထပ်ထပ်ကျလာ၏။ ခေါင်းထဲတောင် နှင်းရည်တွေနှင့် စိုရွှဲစပြုလာ၏။

ဒါပေမယ့် လမ်းလျှောက်နေလို့လားမသိ။

သူ့တစ်ကိုယ်လုံးမှာ စိမ့်လာအေးလာသော အအေးဒဏ်ကို တွန်းလှန်းဖယ်ရှားနိုင်သော သတ္တိရှိ၏။

ဝေါင်း…

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော ကျားဟိန်းသံကြီးတစ်ခုက လေနှင့်အတူ တိုက်စားရွေ့ပါလာသည်။ ထိုအသံနှင့် မရှေးမနှောင်းမှာပင် ကျီခနဲ ကျီခနဲအော်မြည်လိုက်သော ဆင်အော်သံတချို့ကိုပင်ကြားလိုက်ရ၏။

ဟိုက်... ငါတော့ တောနက်ထဲရောက်နေပြီ။

ရှာကိုတွေ့လိမ့် နိုးနိုးနှင့် ထင်မှတ်လျှောက်ရှာသော သူ့အဖို့ အိပ်မက်တစ်ခုထဲမှာ ရင်ဆိုင်လိုက်ရသလိုပဲ။

"ခစ်... ခစ်... ခစ်... ခစ်..."

သည့်တစ်ခါရယ်သံသည် စောစောကလို မဟုတ်ဘဲ သိသာထင်ရှားလှသည်။

ယင်းရယ်သံမှာ ကလေးငယ်တစ်ယောက်၏ သဘောကျ ရယ်မောသံမျိုးဖြစ်ကာ တိုက်ခတ်သော လေညှင်းအေးအေးနှင့်အတူ ပါလာ၏။

ဘယ်ဝယ်ဘယ်ဆီက လာသော ရယ်သံလေပဲ။

သူက ပတ်ပတ်လည်ရှိ လက်နှိပ်ဓါတ်မီးထိုးကာ ရှာဖွေကြည့်၏။

ကလေးတစ်ယောက်ယောက်များ ရှိလေမလား။

"ဟေ့... ရယ်တာ ဘယ်သူလဲ..."



သူ့မေးသံကပင် ပတ်ဝန်းကျင်ကိုသာမက သူ့ကိုယ်ကိုပဲ ပြန်ကိုင်လှုပ်သွားအောင် ကျယ်လွန်းသည်အောက်မေ့၏။

ဘာသံမှ ပေါ်မလာ။

ရယ်သံကလည်း ပျောက်... ။

သရဲတစ္ဆေကို မယုံသော သူ့အတွက် ဒါသရဲချောက်တာ မဖြစ်နိုင်။

အနီးအပါးမှာ ကလေးတစ်ယောက်ယောက်ရှိသည်ထင်သည်။

လာခဲ့သည့်လမ်းတောင် ဘယ့်လမ်းကလာသည်သိလို့ ပြန်လှည့်သွားဖို့တောင် ခပ်ခက်ခက်။

ဟိုကြည့်သည်ကြည့် မှောင်ထဲကြည့်စဉ် သူ့မျက်စိထဲ တစ်စုံတစ်ခုမြင်ရသလို ထင်၏။ အဲသည့်နေရာကို သူစိုက်ကြည့်၏။

အမြင်ပဲ မှားတာလား။

အဝေးတွင် နှင်းမြူတွေကြားထဲမှာ တစ်ခါတစ်ခါ ဝိုးတိုးဝါးတား လက်ခနဲမြင်လိုက်ရသည်။ သေသေချာချာထပ်ကြည့်၏။

အား... မီးရောင်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဖျတ်ခနဲ မြင်လိုက်ရသော မီးရောင်လို

ဆိုတော့ သူအားတက်သွားသည်။

မှောင်ထဲမှာပဲ ထိုမြင်ရသောနေရာဆီသို့ သူ

သွက်ကလေးသွားသည်။

"အား..."

ဖုန်း...

သူ့ကိုယ်က လေထဲမြောက်သွားသလိုဖြစ်

၏။ တစ်ကိုယ်လုံးအောက်ပစ်ကျကာ ဒလိမ့်ကောက်ကွေးဖြစ်

သည်။ မြေပြင်နှင့် ရိုက်မိသည်။

နှုတ်မှ အသံထွက်ပေါ်လာသည်။

လက်တွင်ကိုင်ထားသော လက်နှိပ်ဓါတ်မီး

လွတ်သွား၏။ သူ အလောတကြီးလှမ်းလိုက်သည်မှာ သူရပ်

နေရာသည် ကုန်းမြင့်မြေကလေးဖြစ်သည်ကို သတိမထား

မှောင်ထဲဆိုတော့လည်း မမြင်နိုင်။

သူတစ်ကိုယ်လုံး ပြုတ်ကျသွားခြင်းဖြစ်တော့

ဒူးရော လက်ရောနာသွားတာကြောင့် ရုတ်

ပြန်မထနိုင်။

"ခစ်... ခစ်... ခစ်..."

ကလေးတစ်ယောက်၏ ရယ်သံကလေးက လေ

ထဲမှ ပေါ်လာ၏။ စနေစိတ်ဆိုးသွားသည်။ နှုတ်မှ ဆဲလိုက်၏။

ရယ်သံကလေးက ပိုထင်ရှားလာ၏။

"ခစ်... ခစ်... ခစ်..."

"ခစ်... ခစ်... ခစ်..."

"ရယ်ကွာ... ရယ်... မင်းလူလား... သရဲလား... သရဲဆို

လည်း ငါမယုံဘူး... ဘီလူးဆိုလည်း ငါမယုံဘူး... ငါမှမပဲ

လူတစ်ကိုယ်လုံး နာသွားရတဲ့အထဲ... မင်းက ရယ်နေ...

မင်းဘယ်သူလဲ... ဘာကောင်လဲ..."

မှောင်ထဲမှာပင် ဒေါကန်ကန်နှင့် ပြောပြီး လက်နှိပ်

ဓါတ်မီးကို ကုန်းရှာလိုက်ရှာသည်။ အတော်ကလေးကြာမှ တွေ့

သည်။

ရယ်သံလေးက လုံးဝတိတ်သွားသည်။

စနေထရပ်သည်။ သူလိမ့်ကျရာဘက်ကို လက်နှိပ်

ဓါတ်မီးထိုးကြည့်လိုက်သော် မြောက်ပေလောက်မြင့်သော မြေ

ကို လက်နှိပ်ဓါတ်မီးရောင်နှင့် ဆုံမိသည်။

သြော်... သူသည် အပေါ်က လိမ့်ကျခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံက ပေါ်မလာတော့ပါ။

သူသည်... မီးရောင်မြင်သည့် ထင်ရသောနေရာဘက်ကို ဆက်ပြီးထွက်လာ၏။ သည်တစ်ခါတော့ လက်နှိပ်ဓါတ်မီးအားကိုးနှင့် ချုံတွေ၊ နွယ်တွေကြားမှာ တရွေ့ရွေ့ပဲ လျှောက်သည်။

ပေါင်းပင်ချုံနွယ်တွေမှာ နှင်းရည်တွေစိုစွတ်ကာနှင်းလူးနေသည်။

အဲသည်ဘက်ကိုသာ အတော်လျှောက်လို့ရောက်လာရ၏။ မီးရောင်နှင့်တူတာကို မမြင်မတွေ့ရတော့ပါ။

ဒါပေမယ့် အဲသည်နေရာသည် ကျောက်ဂူကြီးတစ်ခုဖြစ်နေ၏။

သူအဖို့ ဂူထဲဝင်ဖို့ရန် စိတ်ကူးပြီးမှ မဝင်တော့ဘဲ ဂူဝနားရှိ သစ်ပင်တစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်၏။

ရှေ့ကိုဆက်လက်လျှောက်လိုစိတ် မရှိတော့။

ဘေးဘီကို မြေပါးကင်းပါးထိုးကြည့်ရသေးသည်။ မြွေဆိုလို့ သည်နယ်သည်ဒေသတွေမှာ မြွေဆိုးတော့မရှိနိုင်။

ကြီးမားသော စပါးကြီး၊ စပါးအုံးမြွေမျိုးသာ ရှိနိုင်လိမ့်မည်ဟု ယူဆ၏။



သူ... စထွက်လာချိန်၊ ကားတိုက်ချိန်၊ ယခုလမ်းလျှောက်လာချိန်တို့ကို ချင့်တွက်လျှင် စုစုပေါင်းငါးနာရီလောက်ကြာမည်ထင်၏။

လက်နှိပ်ဓါတ်မီးနှင့် လက်ပတ်နာရီကို ထိုးကြည့်လိုက်သည်။

နာရီသည် ရပ်သွား၏။

ဆယ့်နှစ်နာရီခွဲမှာ ရပ်သွားခြင်းဖြစ်သည်။

သူသည် နွမ်းနယ်မောပမ်းမှုဖြင့် တစ်ချက်သန်းဝေလိုက်သည်။

သူ့ကိုယ်မှာ လျှောက်လှမ်းလာရသောဒဏ်ကြောင့် ဆေးပင်နွမ်းယိနေသည်။

သားရဲတိရစ္ဆာန်တွေ အော်သံဟိန်းသံတို့ကို မကြားရတော့ပါ။

သူ့နှာခေါင်းထဲ အမွှေးနံ့လိုလိုရသည်။

ထိုအမွှေးနံ့သည်တောပန်းတောင်ပန်းတို့၏ညတွင်မွှတ်သော အမွှေးနံ့များဖြစ်မည်ထင်၏။

အမွှေးနံ့တွေမှာ ရှူးရှူးရှရှကြီး မွှေးလာပြီးမှ ပြန်ပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အနံ့တွေကို ရှူပြီးကာမှ ပိုသွေးလေးလာသည်။ အိပ်ချင်လာတော့သည်။

သူပိုပြီး အိပ်ချင်သည်ထက် အိပ်ချင်လာ၏။

မျက်လုံးတွေကို မှိတ်ပြီး ခေါင်းကိုမှီလိုက်၏။

အိုး... မိမ်ပါပဲ။

တစ်ခါတည်း အိပ်မောကျသွားတာပါပဲ။

***

# ဝါတ်လမ်းစဉ် ၆

အိပ်မက်ထဲတွင် ရွှန်းလဲ့ကိုတွေ့ရသည်။

သူမသည် သူ့ကိုစကားတွေ အများကြီးပြောနေ၏။

သူတို့နှစ်ယောက်က အင်းယားတံတားဖြူနားက တန်စပ်မှာ ယှဉ်တွဲထိုင်နေကြသည်။

သူက ရွှန်းလဲ့ကို ဖက်ထားသည်။

ရွှန်းလဲ့နှင့်စကားပြောနေလို့ ကြည်နူးလိုက်တာလေ။

အိပ်မက်သည် ပျက်ပြယ်သွား၏။ အိပ်မက်ထဲမှ ရွှန်းလဲ့ ပျောက်ဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းသော အထိအတွေ့တစ်ခုကြောင့်ပဲ ဖြစ်သည်။

မျက်လုံးတွေကို ဖွင့်ကြည့်လိုက်၏။

အိပ်မှုံစုံမွှားမို့ မျက်ခွံတွေက လေးလေးလံလံဖြစ်နေ၏။

ချက်ချင်းပင် ကြည်သွား၏။ အလင်းရောင်သည် သူ့ကိုထိတွေ့နှုတ်ဆက်လျက်ရှိသည်။

ပတ်ဝန်းကျင်မှာ မြူတွေက ဆိုင်းဆဲ။

"ကိုရင်... ထစမ်း... ကိုရင် ထစမ်း..."

ကြမ်းတမ်းသော အထိအတွေ့က သူ့ကိုယ်ကို ခြေထောက်တစ်ဖက်က ကန်နှိုးသဖြင့် ခံရသောအထိအတွေ့။

ပြီးတော့ စကားပြောသံတွေ။

သူက သစ်ပင်ခြေရင်းမှာ တစောင်းလဲလျောင်းနေမိကာ ငုံ့ကြည့်နေသော မျက်နှာနှစ်ခုကို တွေ့လိုက်ရသည်။

သည်တော့မှ သူလူးလဲထသည်။ သူ့တစ်ကိုယ်လုံးသည် နှင်းတွေစိုစွတ်ကာ တောင့်တင်းနေသည်။

"ဟင်..."

မျက်နှာနှစ်ခုကို ကြည့်ကာဟင်သံ ပေးမိ၏။



လူနှစ်ယောက်သည် သူ့ကိုငုံ့ကြည့်နေရာမှ နောက်သို့ဆုတ်လိုက်ကြသည်။

သူတို့နှစ်ယောက်သည် သည်ခေတ်သည်ကာလဆောင်သော အဝတ်အစားတွေကို ဝတ်ထားကြ၏။

ခေါင်းတွင် အစက်အပြောက်ပါသော ဖဲကြိုးစိမ်းဆေးသေးတွေကို အစထောင်ပတ်ထားကြသည်။

ကိုယ်တွင် ထိုင်မသိမ်းဆန်ဆန် အရောင်ကွဲသော တိုက်ပုံကြွပ်အကျီလက်တိုနှင့် ခါးတွင်လုံချည်ကို အောက်ပိုးကြိုက်ထားသော ဘောင်းဘီစတွေက ဒကောက်ခွက်ထိဝတ်ထား၏။

တစ်ယောက်၏ လက်ကောက်ဝတ်တွင် အနားထောင်ရွှေရေးလက်ဝတ်ချွန်းဝတ်ထား၏။

ရုတ်တရက်ကြည့်သော် ဇာတ်ပွဲထဲ၊ ရုပ်ရှင်ရာဇဝင်တွေထဲက ဝတ်စားပုံမျိုး။

ဒါပေမယ့် သူတို့ဝတ်စားထားသော အဝတ်တွေက ယခုခေတ်လို မနူးညံ့ဘဲ ကြမ်းတမ်းသော ဖျင်ထည်တွေသာဖြစ်၏။

"ကိုရင်... ကိုရင်က အသူတုန်း..."

"ခင်ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် စကားစပြောလာ၏။ သူ့စကားကို ရုတ်တရက် စနေနားမလည်သဖြင့် ခင်ဗျာလိုက်၏။

"ကိုရင့်ကို အချစ်ဆုံးမေးနေသာပ... ကိုရင်အသူတုန်း..."

သည့်ရောခုမှ စနေက ရယ်လိုက်၏။ စိတ်ထဲမှာလည်း ဝမ်းသာသွားမိရော့သည်။

ရုပ်ရှင်လာရိုက်ကြတာကိုး။

ရာဇဝင်ကားဖြစ်ပါလိမ့်မည်။

"ခင်ဗျားတို့ ရုပ်ရှင်လာရိုက်ကြတာလား... မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာ... ဘော်ဒါတို့ရာ..."

သူက ပြောလည်းပြော ထလည်းထသည်။ ကိုယ်လက်တွေကိုလည်း အညောင်းအညာဆန့်လိုက်၏။

ဖိုလူနှစ်ယောက်သည် နောက်ကိုဆုတ်သွားကြသည်။ သူတို့အမူအရာက စနေ့ကို ရန်ပြုတော့မည့် အမူအရာ။

ဒါကိုကြည့်ကာ ချက်ချင်းစနေတုန်လှုပ်သွားသည်။ အကြောင်းနှစ်ခုရှိသည်။ လူနှစ်ယောက်အနက် တစ်ယောက်က ကျောက်ပေါက်မာတွေပါသော မျက်နှာ။

နောက်တစ်ယောက်မျက်နှာက စနေထွန်းမွန်းထိုးခဲ့သော သူ့လက်ချက်နှင့်သေသွားခဲ့သော ဓားနည်းတို့၏ မျက်နှာ



အဲဒါက ပထမအကြောင်း။

ဒုတိယအကြောင်းက သူတို့ကျောဘက်တွင် ကန့်လန့်ဖြတ်လွယ်ပိုးထားသော သစ်သားအိမ်နှင့် ထည့်ထားသော ဓားတွေ။

စနေ့စိတ်ထဲရှုပ်ထွေးသွားသည်။

ရုပ်ရှင်ရိုက်တာတောင် လူသူလာတွေ့နေပါလား။

"ဘော်ဒါတွေ... တွေ့ရတာဝမ်းသာလိုက်တာဗျာ... ကျွန်တော်ညကတောထဲမှာ မျက်စိလည်နေတာဗျ... ခင်ဗျားတို့ရုပ်ရှင်လာရိုက်ကြတာတွေ့ရတာ ကျွန်တော့်အတွက် ပွဲပဲ..."

သူက တုန်လှုပ်သွားတာကို ဖယ်ရှားလိုက်သည်။ အားရဝမ်းသာအယ်လဲဆိုမိ၏။ လူနှစ်ယောက်ဆီ တိုးသွားသည်။ ဖိုလူနှစ်ယောက် နောက်သို့ဆုတ်သွားသည်နှင့်အမျှ သူ့ကိုစိမ်းစိမ်းကြည့်နေကြသည်။

"ခင်ဗျားတို့ ဘာကားလာရိုက်သလဲ... ခင်ဗျားတို့အဖွဲ့သားတွေ..."

"ကိုရင်... ကိုရင် ဘာစကားတွေ ဆိုနေသာတုန်း..."

ကျောက်ပေါက်မာနှင့်လူက စိမ်းစိမ်းကြည့်မေးပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့နားက စာနည်ဘိုနှင့်တူသူအား...

"ချင်း... ဘာစာကောင်လဲ... ချင်းပြောတဲ့စကားတွေ
အကျွန်ရှိလည်း မသိပေါင်ဗျာ... "

"ချင်း... လူဆိုးပဲလေ့... ချင်းက သူစိမ်းဖြစ်နေသာပဲ..."

သူတို့အချင်းချင်း ပြန်ပြောကာ နောက်ကျောတွင်
ပိုးလွယ်ထားသော ဓါးရိုးကို လက်ပြန်ဆုပ်ကိုင်လိုက်ကြ၏။

"ဟာ... ဟာ... ကြည့်လည်း လုပ်ပါဗျာ... ကျုပ်နာမည် စနေ
တွန်းပါ... ကျုပ်လူကောင်းတစ်ယောက်ပါ... ခင်ဗျား
ရုပ်ရှင်... "

"ဟာ... သဘောက်မသား... သတ်ကွာ... "

ကျောက်ပေါက်မာနှင့်လူက ဓါးကိုဆွဲထုတ်လိုက်
၏။ ဓင်ယောင်သုတ်ဓါးချက်ဖြင့် ရှပ်ခနဲ သုတ်ထည့်လိုက်၏။

စနေသာ သိုင်းမသင်ထားလျှင်လည်း လည်ပြတ်
သွားဖို့ပဲ ရှိသည်။

စနေနောက်သို့ ခုန်ရှောင်လိုက်စဉ် စာနည်ဘိုနှင့်
တူသော သူက သူ့ဓါးကို ဆွဲထုတ်ပြီးဖြစ်သည်။

စနေ နားလည်လိုက်ပြီ။

သည်လူတွေက ရုပ်ရှင်ရိုက်သည့်လူတွေ မဟုတ်



အခါချင်းမှာ စနေက လှည့်ပတ်ပြေးနေသလို လူနှစ်ယောက်က
ဓါးတွေနှင့် လိုက်ကြတော့သည်။

"အမေရေ... ကယ်ပါဦးဗျ... ဓါးတွေနဲ့ လိုက်နေကြပြီ...
ဟော့လူတွေ... ဟော့ကောင်တွေ... မင်းကြီးဒေါ်ကြီးမှပဲ...
ကျုပ်လူကောင်းပါဗျ... "

ပတ်ပတ်လည်လှည့်ပြေးရင်းပင် စနေက အော်
သည်။ ခုချိန်မှာ သူ့အတွက် ခုခံနိုင်အားမရှိ။

"သဘောက်မသား... ကျွန်မသား... တို့နယ်ထဲ ချင်းကျူး
ဝင်သဟာ သတ်မှာဖြစ်မှဟ... သတ်ဟ... သတ်ဟ... "

"ချင်းက လူစိမ်းပဲ... ငါရို့နယ်ထဲလာသယ်... ချင်း ဘာစာ
ကောင်မှန်း ငါရို့မသိဘူးလေ့... သတ်လဟ... သတ်...
သတ်... "

သူတို့ပါးစပ်တွေမှလည်း ပြောပြီးလိုက်ကြသည်။
ဆက်တာက ဗဟုသုတရှိသော စနေမှာ သည်လူနှစ်ယောက် ဘာ
ပြောတာကို နားလည်သည်။

အဲဒီလူနှစ်ယောက်က စနေပြောတာတွေကို နား
လည်။ သည်တော့ ပြေလည်အောင်... မဖြေရှင်းနိုင်တော့ဘဲ
ပြဿနာဖြစ်လာရသည်။ သူတို့ ပြောတာက အသံနှင့် ရှေး

www.burmeseclassic.com

www.burmeseclassic.com



စကား... ။

စနေပြောတာက ခေတ်စကား... ။

ဘယ်မှာ တိုက်ဆိုင်မိမှာလဲ... ။

စနေပတ်ပြေးတော့ တစ်ယောက်က ရပ်လိုက်

တစ်ဦးက လိုက်သည်။

ရှေ့မှ ကျောက်ပေါက်မာနှင့်လူက ဓါးမြှောင်

ဆီးကြိုနေသဖြင့် စနေအပြေးရပ်လိုက်ရသည်။

ကျန်တစ်ယောက်က နောက်မှ ဓါးမြှောင်ဖြင့်

ဖို့ပြင်၏။ စနေဘယ်ဘက်ကို ခုန်ထွက်လိုက်သည်။

ကံမကောင်းရှာ။

နှင်းတွေစိုစွတ်၍ အောက်ခြေမြက်တော

တာကြောင့် ဝမ်းလျားထိုးကြီး စနေလဲတော့၏။

"လူလွန်မသား... သေပေ..."

ဓာနည်ဘိုနှင့် တူသူက သူ့ဓါးကို မြှောက်

စနေကို စုတ်ချလိုက်သည်။

စနေလှိမ့်ရှောင်လိုက်၏။

ဓါးသွားက မြက်ပင်တွေကို ခုတ်ဖြတ်ပစ်လို

သည်။



"သေပေ... သေပေ..."

အဲသည်လူက စနေကို ထပ်ခုတ်ဖို့ ရွယ်သည်။စနေ

ဝတ်လက်မှ ဓါးကျအလာကို စောင့်သည်။ သူမရှောင်နိုင်တော့။

"တော်တော့... ရပ်လိုက်..."

ထန်မာသော အသံ... ။

ဒါပေမဲ့ အဲသည်အသံက ယောကျ်ားသံမဟုတ်။

ကြည်လင်သော မိန်းကလေးအသံ။

တစ်ဖက်လူ၏ ခုတ်မည့်ခွဲဆဲ ဓါးက အောက်ကျ

လာတော့ဘဲ လေထဲမှာ ရပ်တန့်သွားသည်။

မိန်းကလေးတစ်ယောက်သည် သူတို့နားတွင်ရှိ

သော ရွှဝထဲမှ ထွက်လာသည်။ သူမသည် ဖျင်ကြမ်းလက်ပွရင်ဖုံး

အင်္ကျီနှင့် ရှမ်းဘောင်းဘီတစ်ထည်ကို ဝတ်ထားသည်။

ဆံပင်ကို တစ်မတ်လျှိုထုံး၍ ပခုံးရှေ့ဘက်တွင် ချ

ထားသည်။ ခေါင်းနံဘေးထက်မှာက ခေါင်ယမ်းပန်းနီနီတွေ ပန်

ထား၏။

"ရှန်းလှဲ..."

မိန်းကလေးမျက်နှာကို ကြည့်ရင်းကပင် စနေက

အံ့အားသင့်စွာ ရေရွတ်လိုက်၏။ မြင်ရသောနေ့အကောင်းရောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသော သူမ၏မျက်နှာကလေးက ရွှန်းလဲ့မှ ရွှန်းလဲ့။

သေဆုံးသွားခဲ့ပြီဖြစ်သော ရွှန်းလဲ့သည် သေရာမှ ပြန်ရှင်လာလေပြီလား။

ခါးကိုင်းသမားက ခါးကိုချပြီး…

"နှင်းဖြူငယ် သည်တစ်ကောင် လူဆိုးဖြစ်နေသာပ— ဘောက်မဲ့ကြောင့် ငါ့ကိုတားရသတုန်း…"

"ကိုရင်ဖုန်း… အလဟဿ ရှူအသက်တစ်ချောင်းကို မဆုံးပါးပစေနဲ့လေ… အကျွန်ုပ်စိတ်ထင် ချင်းဟာ လူကောင်းဖြစ်မယ့် ထင်သယ်… ဘောက်မဲ့ကြောင့် ချင်းကိုသတ်ချင်ရသတုန်း ကိုရင်ရဲ့…"

"အဲဒီမှာတွေ့သဟာ… ချင်းကို မေးသဟာ… ချင်းပြောတာကို ငါရိုနားမလည်ဘူး… သဘောမတွေ့ဘူးပ… ပြီးတော့ ချင်းက လူစိမ်း… ငါရို့နယ်ထဲလူစိမ်းရောက်တာ ငါရို့မကြိုက်ဘူးဆိုတာ ရှင်နှင်းဖြူငယ်လည်းအသိ… လူစိမ်းမလိုချင်လို့ ငါသတ်မလို့…"

"ဟုတ်တယ်…သူပြောတာငါရို့နားမလည်ဘူး…ဘာစကားတွေလဲ…"

"ဒါ မြန်မာစကားပါ… ခင်ဗျားတို့က…"



သူတို့ပြောနေသည့် စကားကြားဆဲ စနေက ပက်
…တ်အနေအထားမှ ပြောသည်။ သည်လူတွေက ဘယ်သူတွေလဲ …ယ်လိုလူစားတွေလဲ… ။

"သနားပါသယ် ကိုရင်ရယ်… လွှတ်လိုက်ပ… ချင်းသတ်လို့ အကျွန်ုပ်ရို့မှာ အကျိုးရှိမှာမှ မဟုတ်ပဲ…"

"ရှင်နှင်းဖြူငယ်… နင်…"

"ကိုရင် သတိထားနော… နှင်းဖြူငယ်စကားနားမထောင်ရင် ကိုရင်ဘာဖြစ်သွားမလဲပ…"

မိန်းကလေးစကားက မာသည်။ မျက်နှာတလေး …လည်း မာသွားသည်။ ရွှန်းလဲ့မျက်နှာ မာတာ စိတ်ကောက်…ာ သည်အတိုင်း။

ဒါပေမယ့် သူမအမည် ရွှန်းလဲ့မဟုတ်ပါ။

နှင်းဖြူငယ်ဆိုပါလား… ။

စနေကတော့ လွှတ်ခနဲ ခေါ်လိုက်၏။

"ရွှန်းလဲ့…"

ညှူခေါ်သံကို နှင်းဖြူငယ်ဆိုသော မိန်းကလေးက …ရုမစိုက်ပါ။ ရှေ့ကို လျှောက်လာ၏။ စနေက ဝမ်းသာအားရနှင့်

"ရွှန်းလဲ့… ရွှန်းလဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"ဟောကြည့်... သင်း ဘာတွေပြောနေသလဲ မသိဘူး— ရှင်နှင်းဖြူ မကြားရှေ့သလား..."

ကျောက်ပေါက်မနှင့်လူက ပြောသည်။ သူမသည် စနေရှေ့တွင် ရဲတင်းစွာ လာရပ်သည်။ ထိုမှ စနေကို ထရန်လက် ရိပ်ပြလိုက်သည်။

စနေ လှုးလဲထသည်။

"ကိုရင် ရှင်ကြီးက အသူလဲ..."

"ကိုယ့်ကို မေးတာလား... ရွှန်းလဲ့ကလည်းကွာ... ကိုယ် စနေထွန်းမှန်း သိရဲ့သားနဲ့..."

"တော်..."

သည့်မှာ မိန်းကလေးရပ်သွား၏။ ခဏစဉ်း... သည်။ ဟိုကောင်တွေထက်စာလျှင် သူမညာဏ်ရှိပုံပဲ။ ပြီးမှ သွား ကလေးတွေ ပေါ်အောင်ပြုံးလိုက်၏။

အဲသည့်မှာ ကွာခြားသွားသည်။

ရွှန်းလဲ့သွားကလေးတွေက ပုလဲရောင်ပေါက်... ဖြူသည်။

သူမသွားကလေးတွေက ပယင်းရောင်ပေါက်... ဝါကျင်ကျင်ဖြစ်နေသည်။



ဒါပေမယ့် လှတာပါပဲ။

သူမကိုယ်မှ အမွှေးနံ့တွေ ရနေသည်။ ထိုအမွှေးနံ့ များသည် ညက သူမအိပ်ခင် ရလိုက်သော အမွှေးရနံ့တွေသာ ဖြစ်၏။

"ရွှန်းလဲ့...ရွှန်းလဲ့က အကျွန် မဟုတ်ဘူးပ... အကျွန်နာမည် နှင်းဖြူငယ်... ကိုရင့်နာမည်ကကော..."

"အကျွန့်နာမည် စနေထွန်း..."

ကျွန်တော်တွေ၊ ကိုယ်တွေ၊ တို့တွေနှင့် ယခုခေတ် စကားတွေ ပြောနေလျှင် သည်မိန်းမချောလေး နားရှုပ်သွားမှာမို့ စနေက အညာစကား သို့မဟုတ် ရှေးစကားနှင့်ပဲ ပြောတော့၏။

မိန်းကလေး ကျေနပ်သွားပုံရ၏။

ရွှန်းလဲ့သေပြီးမှပဲ ရွှန်းလဲ့နှင့်တူသူကို သည်မှာလာ တွေ့နေရတော့ စနေအံ့ဩမိတော့သည်။

"အကျွန်လှူကောင်းပါ... ညက ကားပျက်ပြီး အကူအညီ တောင်းရအောင် လာတော့ မျက်စိလည်သွားတယ် ညီမ နှင်းဖြူငယ်..."

"ကား... ကားဆိုတာ ဘာလဲ... ကိုရင်"

"ကားဟာ ကားပဲပေါ့ ရွှန်းလဲ့... အဲ နှင်းဖြူငယ်ရယ်"

www.burmeseclassic.com



စနေစိတ်ရှုပ်ထွေးသွား၏။ ဦးနှောက်စားသွား၏။ ကားဆိုတာ ဘာမှန်းတောင်မသိတော့ပါကလားဟူသည့် အတွေး ရောက်ရသည့် ဤလူစားတွေကို စနေဘာဆက်ပြောရမှန်းမသိ။

သူမ နှောက်နေတာလားဟူသော အတွေးထင် စိတ်ကြောင့် သူမကို ကြည့်မိသည်။ သို့သော် သူမမျက်နှာတွင် စနေကို စိတ်ဝင်စားသောအမူအရာနှင့် ကြည့်နေတာမှအပ ဘာ အမူအရာမှ မတွေ့။

စိတ်မလုံမလဲနှင့် စနေက သူ့ကိုယ်သူ ငုံ့ကြည့်မိ၏။

ဝတ်ထားသော ဂျော်ဒန်နီး တီရှပ်ပေါ်မှ ဂျာကင် အင်္ကျီ၊ ရိုက်ဒါဘောင်းဘီ၊ ခွဲကြိုးတို့က သူတို့ဝတ်စားတာနဲ့ တခြား စီ။

ဓာနည်ဘိုနှင့်တူသူမှာ နားတောင်းပန်ထားသည်။ နားတောင်းက မြနားတောင်း။

ရှေးခေတ်လူတွေတောင် နားတောင်းပန်သေးတာ ခေတ်လူငယ်တွေ ရွှေဆွဲကြိုးဆွဲတာ အပြစ်မဆိုသာ။

"ရှင်ကြီးဝတ်ထားတာ တစ်မျိုးကြီး... ခေါင်းက ကုလားဖြူ ဆံတောက်... ဝတ်ထားတာက ကုလားဖြူလို... ဟင်း ရှင်



ကုလားဖြူလား... ကိုရင်ကုလားဖြူဆိုရင်တော့ ကျုပ်က သတ်မှာနော..."

"မဟုတ်ပါဘူး... နှင်းဖြူရယ်... ကျုပ်ဗမာပါ..."

"ဗမာ... ဗမာဆိုတာ ဘာလဲ..."

"ဗမာဆိုတာ မြန်မာပေါ့..."

"အလိုတော်... ရှင်ကြီးက မြန်မာ... ဟုတ်သလေလေ့... ဟုတ်မှ ဟုတ်သာပလား... မြန်မာက ကျုပ်ရို့... ကျုပ်ရို့ သည်လိုပဲ ဝတ်သလေ့တော်..."

"သေတော့မှာပဲ..."

စနေခေါင်းကို ကုပ်လိုက်သည်။

"ရှင်ကြီး ကြည့်ရတာ မိန်းမလိုလို ဘာလိုလိုတော့..."

ပြောပြီးရှင်နှင်းဖြူငယ်က လက်ခုပ်တီးရယ်သည်။

"ငါရို့ မျက်စိထဲမှာတော့ မျောက်ပါပဲဟာ... လူနဲ့မျောက် နဲ့ မကွဲပြားဘူးဟာ..."

စနေထွန်းမှာ ကျောက်ပေါက်မာနှင့်လူ၏ ပြော ကြောင့် ဒေါကန်သွားသည်။

"ခင်ဗျား ဘာလိုင်းကြီးမပြောနဲ့ ကျုပ်လူဗျ..."

"ဘာလဲ သူ့စကားက... ငါတော့ နားမလည်ဘူး... ချင်း

www.burmeseclassic.com

www.burmeseclassic.com



အရှုံးပဲ…"

ပြောလည်းပြော လှည့်လည်းထွက်သွားသူက ဓ
နည်ဘိုနှင့် ထပ်တူထပ်မျှ တူနေသူ။

"သူ့နာမည် ဘယ်သူလဲ… "

"ချင်းလား… ချင်းနာမည်က ရွှေဖုန်းလူသွဲ့တော့… "

"ဟိုကျောက်ပေါက်မာနဲ့ လူကကော… "

"ဘာလဲ… ကိုပန်းမွှေးလား… ချင်းကို ကျောက်ပေါ
မခေါ်နဲ့လေ… သူက အဲသာလိုခေါ်ရင် ဆိတ်သမကြို
တာ မဟုတ်ဘူးနော်… "

စနေ ပခုံးကို တွန့်ပြလိုက်သည်။ အဲသည့်အဖြေ
နှင်းဖြူငယ်က နှစ်သက်သလိုကြည့်နေသည်။

"တို့ကိုကယ်တာ ကျေးဇူးတင်ပါတယ်ကွာ… "

"ဘယ်လိုပ… "

"သြော်… အကျွန်ုပ်အသက်ကို အမိကယ်တာ ကျေးဇူးအေ
ပါဘူးလို့… "

သည်တော့… မိန်းကလေးက သွားကလေး
အောင် ထပ်မံပြုံးပြန်သည်။ 'လာလေ့… '

လက်ယပ်ခေါ်သည်။ လှည့်ထွက်သွားသည်။



ငယ် နောက်မှ သူကလိုက်သွားသည်။ ရှုန်းလွဲနှင့် တူသော်
သည်း ရှုန်းလွဲမဟုတ်မှန်း သိသလို ဟိုငနဲတစ်ကောင်ကို ဓာနည်
ဘိုနှင့်တူသော်လည်း ဓာနည်ဘိုမဟုတ်မှန်း သိလိုက်ပါသည်။

မိန်းကလေးနှင့်စနေ၏နောက်မှာ ယောက်ျားသား
ကြီးနှစ်ဦးက မျက်မှောင်ကြီးတွေ ကုပ်ပြီးကြည့်ပြီးလိုက်လာကြ
သည်။

စိတ်မလုံသော စနေက အဲသည့်ငနဲနှစ်ယောက်ကို
ကြည့်ရပါသေး၏။ သူတို့၏ စိတ်မလိုလျှင် ခေါင်းသွားဝင်ခံရမှာ
ကြောက်ရသည်။

သူထင်သလို မဟုတ်ပါ။

လူထွားကြီးနှစ်ဦးလုံးက သူတို့၏ခေါင်းတွေကို သူတို့
ခေါင်းအိမ်ထဲကို ထည့်သွင်းခဲ့ကြပြီးပြီ။

နှင်းဖြူငယ်ခေါ်သွားသည့် ဂူကြီးထဲဖြစ်သည်။ ဂူ
ကြီးမှာ တောင်ကြီးတစ်တောင်၏ ဘေးရှိဂူဖြစ်သည်။

ဂူထဲဝင်သည်နှင့် မှောင်သွား၏။

မိန်းမပျိုက ထိုအမှောင်ထဲမှာ စမ်းတဝါးဝါးမဖြစ်
ဘဲ ဖြောင့်ဖြောင့်တန်းတန်းကြီးသွားသည်။

စနေက နောက်ဘက်မှ စမ်းတဝါးဝါးနှင့်ကပ်လိုက်
သည်။ သူ့နောက်မှ လူနှစ်ယောက်ကလည်း စမ်းတဝါးဝါးမရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



စနေတို့နှင့် ကပ်လိုက်လာသည်။

သူတို့အတွက် သွားနေကြမို့ထင်၏။

"ဘယ်ကိုလဲ..."

"ဘဇာထင်သလဲ..."

"ဘဇာကို သွားမှာလဲ..."

ဘဇာဆိုတဲ့စကားကို... စနေထွန်းက ခပ်နော

နောက်။

"အကျွန်ရို့ နေရာကိုသွားနေတာ..."

"အကျွန်တို့ နေရာ... အကျွန်တို့ နေရာက ဘယ်မှာလဲ"

"ရောက်တော့ သိလိမ့်မယ်..."

"သည်ကောင်နှယ့် စကားများလိုက်တာ... လိုက်မေ

သဟာလိုက် မဟုတ်ဘူး..."

နောက်ဘက်က အသံ...

စနေ ငြိမ်သွားသည်။ တစ်နေရာတွင်မှ သူခလု

တိုက်သည်။ ရှေ့မှ နှင်းဖြူငယ်ကျောကို တွန်းမိသလို ရှိသွား

အိစက်သော အထိအတွေ့အစား လေကိုပဲတွန်းသလိုဖြစ်သွား

သို့သော်...

"သိပ်မတွန်းနဲ့ ကိုရင်... အကျွန်ပါ လဲနေမယ်..."



"ခလုတ်တိုက်တာ..."

"သဟာဆိုရင် ကိုရင်မမြင်ရဘူးထင်တယ်... ဟုတ်စ"

"နို်း... အဲ... မမြင်ရဘူးလေ ညီမရဲ့... မှောင်နေတာပဲ"

"သဟာဆိုလည်း အကျွန့်လက်ကိုကိုင်..."

အကျွန့်လက်ကို ကိုင်သာဆိုသည်။ သူမကပဲ စနေ

၏လက်ကို ကျွမ်းကျင်စွာ ဖမ်းကိုင်၏။

အေးစက်စက်အထိအတွေ့ကြောင့် စနေလန့်သွား

၏။ ဩော်... ဆောင်းတွင်းဆိုတော့ သူမလက်တွေ ခြေတွေ်အေး

နေမှာပေါ့။

ဂူထဲတွင် ကွေ့ကွေ့ကောက်ကောက်သွားရသည်

မို့ပဲထင်သည်။

မကြာပါ။

နားထဲတွင် လူတွေအော်ဟစ်သံ၊ ဓွားအော်သံ၊

တလေးငိုသံတွေ လိုလိုကြားလာရ၏။

စနေသည် အံ့သြသွား၏။

တစ်ဖက်ဂူပေါက်တွင် အလင်းရောင်မြင်နေရ

သည်။မကြာခင်ပဲ ဂူဝသို့ ရောက်လာ၏။

ဝိုလို့ပဲ အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်စိထဲတွင် စိမ်းစိုသော ယာခင်းများနှင့် ယာခင်း၏ တစ်ဖက်မှာ မြင့်မားပြီး နှင်းတွေဖုံးလွှမ်းနေသော တောင်တစ်တောင်။

ထိုတောင်ကြီး၏ ပုံသဏ္ဌာန်မှာ အဘိုးအိုတစ်ယောက်ခါးကြီးကုန်းနေဘိသကဲ့သို့ သဏ္ဌာန်ရှိတာကို ဟိုတစ်ကွက် သည်တစ်ကွက် အုံ့ဆိုင်းနေသော မြူနှင်းတွေကြားမှာ မြင်ရ၏။

ခါးကုန်းကြီးတောင်ဆိုတာ ဒါပါပဲလား... ။

*****



# ဇာတ်လမ်းစဉ် ၅

ယာခင်းတွေ ဟိုဘက်မှာ ရွာကလေးတစ်ရွာ။

ကလေးငိုသံအချို့နှင့် တကျောက်ကျောက်အသံက ထိုရွာကလေးဆီမှ ပျံ့လွင့်လာသည်။

စိမ်းနေသော ယာခင်းထဲတွင် နွားလေးငါးကြောင်ကို လွှတ်ထားသည်။

ယောကျ်ားတချို့က မြေပေါက်နေ၏။

မိန်းမတချို့က မြေပဲခင်းမှ မြေပဲတွေကို ဆွတ်နေ၏။

စနေက ဂူဝမှ အုံ့အားတသင့်ကြည့်တာ ဆက်မထိတ်မိဘဲ ရပ်တန့်ငေးမောနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလုပ်နေတာလဲ... သွားစမ်းပါလေ..."

နောက်မှတစ်ယောက်က စနေ၏ကျောကို တွန်းလိုက်သည်။ စနေမှာ အထူးအဆန်းအဖြစ် ငေးမောလိုက်သွား၏

လူတွေမှာ ဖျင်အင်္ကျီရင်ကွဲ၊ ရေလျှော်ပုဆိုးကို ထိုးကွင်းမှင်ကြောင်မျှားရှိသော ပေါင်မည်းမည်းညိုညိုတို့ မြင်ရအောင် ခါးတောင်းမြှောင်မြှောင်ကျိုက်ထားကြသည်။

သူတို့တွေအားလုံး သျှောင်ထုံးကိုယ်စီဖြစ်ရုံမော အားကောင်းမောင်းသန် ယောကျ်ားတွေချည်းဖြစ်ကြသည်။

မိန်းမတွေမှာတော့ ရင်ကွဲဖျင်ကြမ်းအင်္ကျီလက်ပြတ်နှင့် ထမီကို ရင်လျားထားကြသည်။

သူတို့တတွေ မျက်နှာတွေက ချောချောမွေ့မွေ့တွေရှိပြီး တချို့မိန်းမတွေက နောက်တွဲထုံး၊ တချို့မိန်းကလေးတွေက ဆံရစ်ဝိုင်းနှင့် ဖြစ်ကြ၏။

"ယာထဲက ရောင်းရင်းတွေ နှမသယ်တွေ... ရွာထဲကို လိုက်ခဲ့ကြပါဗျို့..."

နောက်မှ ကိုပန်းမွှေးက ဆော်ဩသည်။

သူ့အသံကြီးသည် ကြောက်ခမန်းလိလိရှိ၏။ ...



ဝင် အဲဒီအညီကျယ်လောင်သံကြောင့် ကြက်သီးမွေးညှင်းတွေ ထသွားရသည်။

"ဘာအမှုရှိလို့လဲဟေ့..."

ယာထဲမှ တစ်ယောက်၏ အော်မေးသံ။

"ရွာထဲရောက် သိမှာပ... သည်မှာ ဧည့်သည်သူစိမ်းတစ်ယောက် လာမင့်ဟာကို မေးမနေပါနဲ့လေ..."

ကိုပန်းမွှေးက ပြန်အော်သည်။

စနေတို့ ဖေပဲခင်းကို ဖြတ်ထွက်လာ၏။ တစ်ခုထူးခြားတာက သူတို့ရွာမှ နွားတွေမှာ ချိုမရှိခြင်းဖြစ်သည်။

ရွာထဲကို ဝင်သည်။

ဓနိမိုး အင်ဖက်ကာ အိမ်ကလေးတွေ။

အိမ်တချို့တွင် ယက္ကန်းခတ်သံကြား၍ တချို့အိမ်ရှေ့တွင် မောင်းထောင်းဆန်ပြာနေ၏။

ကလေးတချို့မှာ မြေပြင်တွင် ကစားနေရာ စနေတို့မြင်လျှင် သွားဖြည်းပြ၏။

သူတို့သွားတွေက ကြီးကြီးမားမားရှိနေသည့်ပြင် သွားဖြည်းလိုက်တာနှင့် သွားရည်တွေ တောက်ခနဲ တောက်ခနဲ ကျသွား၏။

www.burmeseclassic.com



စနေရှိရာသို့ ကလေးတစ်သိုက်ပြေးလာရာ နှင်းဖြူငယ်က စနေ့ရှေ့မှာရပ်ပြီး ကလေးတွေကို မောင်းထုတ်ပစ်လိုက်၏။

"သင်းရို့တတွေ အလိုက်မသိဘူး… ဟွဲ… ဒါ ငါ့ခြေ့သည်ဟဲ့ သွားကြ… "

ခပ်ခွာခွာပြောလိုက်သော နှင်းဖြူငယ်စကားက အရာဝင်၏။ ကလေးတွေ ရှုံ့ခနဲဖယ်ရှားသွားကြသည်။

ရွာရှေ့မြေကွက်လပ်တစ်ခုသို့ ရောက်လာ၏။ ထိုမြေကွက်လပ်တွင်းမှာ မာလကာပင်တစ်ပင်ရှိကာ ကြီးမားသော မောင်းကြီးတစ်လုံးကို ချိတ်ထားသည်။

နှင်းဖြူ မြေကွက်လပ်သို့ ရောက်ရောက်ချင်း မာလကာပင် ခြေရင်းက မောင်းတံကြီးကိုယူလျက် မောင်းထိုးလိုက်၏။

မောင်းသံကြီး၏အသံမှာ ပတ်ဝန်းကျင်တစ်ခုလုံးသို့ ပျံ့နှံ့လွှင့်ထသွားသည်။

စနေသည် နှင်းဖြူငယ်အကြောင်း၊ ရွှေဖုန်းလူအကြောင်း၊ ရွာမှလူတွေအကြောင်းကို တွေးနေသည်။



ထိုလူများသည် ယခုခေတ်လူတွေ မဟုတ်ဘဲ ရှေးရိုးကျသော လူတွေသို့မဟုတ် နှစ်ပေါင်းတစ်ရာနှစ်ဆယ်နီးပါးက လူတွေဖြစ်ကောင်းဖြစ်မည်။

သီပေါဘုရင်ပါတော်မူပြီးနောက် ဤနေရာဤဒေသသို့ လာရောက်ခိုလှုံကြကာ တောကြီးမျက်မည်းတွင် ပြင်ပလူများနှင့် အဆက်အသွယ်ပြတ်၍ ကမ္ဘာကြီး ဘာဖြစ်လို့ ဖြစ်မှန်းမသိ၊ ကိုယ့်တိုင်းပြည် ဘယ်လိုနေလို့ ဘယ်လိုတိုးတက်လာမှန်းမသိ ဖြစ်နေကြသည့် လူတွေဟု ထင်လိုက်၏။

အဆိုးဆုံးက ခေတ်တွေကို မျက်ခြေပြတ်၍ ခေတ်လူမဟုတ်သကဲ့သို့ ဆက်ဆံနေကြသည်။

ကိုယ့်နေရာကိုယ့်တံခါးကို ပိတ်နေကြသူတွေ။

မြန်မာနိုင်ငံတစ်နေရာတွင် မြန်မာစစ်စစ်ဖြစ်ပြီး ဤနေရာမှာ ရှိနေကြတာကို ဘယ်သူကမှ သိကြမည်မဟုတ်။

သူတွေးတောနေစဉ်မှာပင် ကွက်လပ်ကြီးမှာ လူတွေ ရောက်လာကြသည်။ အဘိုးကြီးတွေ၊ အမယ်ကြီးတွေ၊ မိန်းမ ရွယ်လတ်မကျန် ကလေးက အစရောက်လာကြ၏။

ပထမတော့ သူတို့ဖာသာ သူတို့ပြော၍ ကြွက်စီကြွက်စီ။ မျက်လုံးတွေက စနေ့ထွေနွန်းကို စားမတတ် ဝါးမတတ်ရှိ

www.burmeseclassic.com



နေကြသည်။ တစ်ယောက်က ပါးစပ်မှ ယိုစီးလာသောသွားရည်တွေကို လက်ကြီးတစ်ဖက်နှင့် သုတ်သိမ်းသည်။

"တိတ်ကြတော့... တော်ကြတော့..."

ကိုပန်းမွေး၏ အော်ပြောလိုက်သံကြောင့် စကားသံတွေ ရပ်သွား၏။ စနေ၏ ဝတ်စားပုံများသည် သူတို့အတွက် အထူးအဆန်းဖြစ်နေသည်။

"သည်လူအသူလဲ... ဘယ်ကလဲ..."

"လူကတော့ လှူချောပေပဲ... ဒါပေသိ ဝတ်ထားသဟာက ဘာကြီးမှန်းမသိ..."

"ရှင်အုန်းညိုရယ်... ညည်းဟာချောသဟာကိုပဲ ကြည့်တာကိုးဟ... ချင်းရုပ်နဲ့ ကုလားဖြူသူလျှိုဖြစ်ရော့ပေါ့အေ..."

ယော့ဂျ်ားမိန်းမတွေ တစ်ယောက်တစ်ပေါက်ဆိုချိန်မှာပဲ ကိုပန်းမွေးအော်သံနှင့်အတူ ရပ်သွားကြ၏။

"ကျုပ်ရို့ ကြေးထမ်းကြီးစကားပြောမယ်... အားလုံးနားစိုက်ကြ..."

ကိုပန်းမွေး၏ ဒုတိယအသံ။ သူ့နောက်မှ ကပ်ပါလာတာက နှင်းဖြူအသံ။

"ရွာလူတွေ အကျွန်ပြောမယ်... သည်လူဟာ လူစိမ်းပဲ...



ဒါပေသိ သူကြည့်ရသဟာ လူကောင်းပဲ... အကျွန်ရို့ကို ဘာဇာမှ ရန်မမူနိုင်ဘူးလို့ အကျွန်အောက်မေ့တယ်... သဟာကြောင့် အကျွန်ချင်းကို ခေါ်လာသဟာပဲ... ချင်းကို ရွာက ဘယ်သူကမှ ရန်မပေးကြနဲ့... ရန်မပြုကြနဲ့..."

"သူလူကောင်းပါဆိုတာ သဟာကြေးတမ်းကြီး ဘယ်လိုသိပါလိမ့်..."

မိန်းကလေးတစ်ယောက်မှာ ရှေးဟောင်းအခေါ်အားဖြင့် ကြေးထမ်းကြီး၊ ယခုခေတ် အခေါ်အားဖြင့် ရွာလူကြီးဖြစ်နေပြီကိုး။

ကြေးထမ်းကြီးဆိုသည်မှာ ရှေးယခင်က အခွင့်အာဏာရှိ၍ ဘုရင့်အခွန်တော်အတွက် ထမ်းရွက်ရသည့် ရွာကိုအုပ်ချုပ်ရသော ရွာသူကြီး။

စနေ ဒါလောက်တော့ နားလည်သည်။

သည်အခေါ်အဝေါ်အသုံးအစွဲနှင့် သည်လူတွေသည်ဘယ်လိုကျက်စားသည့် လူစားတွေပါလိမ့်။

လူတစ်ယောက်၏ အမေးကို သူမက လက်ပြရပ်စေကာ

"အကျွန်သိတာ သူ့ကို ကိုရင်ဖုန်းတို့ကို ရှာခံဘူး... ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့ရုပ်သူ့ရည်နဲ့ သိတယ်... ”

“အဲသဟာ မခိုင်ခန့်ဘူး... သူဝတ်စားထား သဟာ တစ်မျိုးတစ်ဖုံပဲပ... ကုလားဖြူဘောင်းဘီ... ကုလားဖြူအင် ကုလားဖြူဆံတောက်နဲ့ ချင်းကုလားသွေးပါသလား... ကုလားဖြူ လား မသိပေါင်... ကျုပ်ရို့မြန်မာတွေနဲ့ တခြားစီပဲလေ... ရုပ် လည်း ကြည့်ပ... ခြားနားနေတာ အမှန်ပဲ... ”

ထိုစကားကို ဝင်ပြောလိုက်သူက ရွှေဖုန်းလှူဆိုင် ငနဲသား... ။

“သူ့ကို အကျဉ်းချထားရမယ်... ”

ရွာထဲရှိလူတွေရဲ့အသံ... ။

“မလုပ်နဲ့ အကျွန် မထောက်ခံဘူး... သူဟာ ခုနေခါ မှာ တစ်ယောက်တည်း... တော်ရို့က သူ့ကို ခုလိုလုပ်ရ တရားပ့ါမလား... ”

ကြေးထမ်းကြီးလို့ သူတို့ခေါ်သည့် မိန်းကလေး ကန့်ကွက်သံ။

သူတို့ကို ကြည့်ကာ စနေစိတ်ရှုပ်ထွေးနေသည် တကယ်လို့ ဖမ်းချုပ်လာလျှင် သူလွတ်ရာလွတ်မြောက်ကြောင်း ပြေးဖို့လည်း နည်းလမ်းကြည့်ရ၏။



“ချင်းကိုမေးပါ... ချင်း ဘယ်ကလဲ... ဘာဇာလာလုပ်သလဲ”

ရွှေဖုန်းလှူက ခါးထောက်ဆိုသည်။

“ဟုတ်သာပ... ကြေးထမ်းကြီးမေးသင့်တာပ... ”

“မေးပါ... မေးပါ... ချင်းလူဆိုးလား... လူကောင်းလားဆို တာ အခုမှသိရမယ်လေ... ”

“လူဆိုးဆိုရင် ရွာနာပြီမှတ်ပ... ”

လူတွေကတစ်ယောက်တစ်ပေါက်ပြောလာသည်။ သည်တော့ နှင်းဖြူငယ်၏ ညှာညှာတာတာ မိမိအပေါ် ဆက်ဆံ ... တိုက်တွန်းမှုကြောင့် စနေက လူတွေကြားအောင် အော်ပြော ... ။

“ကျွန်တော်က မြန်မာပါ... မြန်မာစစ်စစ်ပါ... ကျွန်တော် အခုလို ဝတ်စားထားတာဟာ တိုးတက်လာတဲ့ ခေတ်အ လျောက် ကျွန်တော်တို့လူငယ်တွေ ဝတ်စားကြတာပဲ... ရန်ကုန်မှာ တခြားမြို့တွေမှာ ကျွန်တော့်လို ဝတ်စားတဲ့ လူတွေအများကြီးရှိပါတယ်... ခေတ်ပြောင်းလာတော့ ခင်ဗျားတို့လို သျှောင်မထားတော့ဘူး... အင်္ကျီရင်ကွဲမိုက် ပြဲပဟောင်းတွေမဝတ်တော့ဘူး... အခုကမ္ဘာကြီးကို ... ဖြူယဉ်ကျေးမှုက လွှမ်းနေတော့ ကုလားဖြူတွေ ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



လုပ် ကျွန်တော်တို့ လူငယ်တွေက လိုက်လုပ်ကြတာပဲ
အဲဒါကို တိုးတက်မှုလို့ ကျွန်တော်တို့ လူငယ်တွေက မှ
ယူကြတယ်... ခင်ဗျားတို့ရှေးလူငယ်တွေက မြန်မာစီးပွ
ထိုးကွင်းမှင်ကြောင်ထားတယ်... ကျွန်တော်တို့လူငယ်
က ခေတ်တစတစရွှေ့လျောတော့ ထိုးကွင်းမှင်ကြော
ထားတော့ဘူး... အသားလည်း အနာမခံနိုင်တော့ဘူး
ဒါဟာ ကုလားဖြူတွေရဲ့ ယဉ်ကျေးမှုအောက်မှာ မှိုင်း
ရာက စတာပဲ... ကျွန်တော်တို့စကားတွေဟာလည်း ခေ
အလျောက်တစတစပြောင်းလဲလာတယ်...အခု ကျွန်
ပြောနေတာလည်း မြန်မာစကားပဲ... ခင်ဗျားတို့စကား
မတူဘူး... အလုပ်အကိုင်တွေလည်း ချက်ချင်းပြောင်း
သွားကြတယ်... ကျွန်တော်တို့က အောက်သားတွေ
ဗျားတို့က အထက်သားတွေ၊ အောက်သားအထက်
တွေက စကားပြောပုံ... ဓလေ့ထုံးစံဟာ ခင်ဗျားတို့
အနေနဲ့ ကွဲပြားပေမယ့် အခုတော့... ခေတ်အလျော
စကားပြောပုံ... ဓလေ့တွေ မကွဲပြားဘဲ ကျွန်တော်ပြော
လိုပဲ ပြောကြတယ်... ကျွန်တော် ဝတ်သလိုပဲ ဝတ်
တယ်... ကျွန်တော်တို့တွင် မဟုတ်ဘဲ ရှမ်း... ကချ



ကရင်တွေဟာလည်း ခုနေအခါမှာ ခင်ဗျားတို့ ရှေးခေတ်ကလို မကွဲဘဲတစ်သားတည်းတစ်လုံးရှိနေကြပြီး မြန်မာနိုင်ငံမှာနေတော့ မြန်မာလို့ပဲ သတ်မှတ်ကြတယ်... သူတို့လည်း ခေတ်အလျောက် ဖွံ့ဖြိုးတိုးတက်လာတယ်... အခု ခင်ဗျားတို့က ရှေးကျပြီး ဒီတောထဲမှာနေတော့ လူမျိုးစုတစ်ခုလိုဖြစ်နေတယ်... ”

“တောက်... မပြောနဲ့တော့... ရပ်လိုက်ပ... ”

“ဒါ အကျွန်ရို့ကို စော်ကားသာပ... ”

ဦးစွာ ပြောလိုက်သူက ရွှေဖုန်းလူ။

သူ့နောက်မှ အော်လိုက်သူက ကိုပန်းမွှေး။

“ရန်ကုန်ဆိုတာ ဘာလဲ... ”

တစ်ယောက်အော်ဟစ်မေး၏။

“ရန်ကုန်ဆိုတာ မြန်မာနိုင်ငံရဲ့ မြို့ကြီးပါ... သူ့အကြီးဆုံးပဲ အစိုးရရုံးစိုက်ရာမြို့ပဲ... ”

စနေက ဖြေပြီး...

“အင်း ငါတော့ ပြဿနာပဲ... ခက်ဆစ်အဓိပ္ပါယ်တွေ ဖွင့်ရတော့မှာပဲ... ”

လို့ တွေးနေသည်။ ကျွန်တစ်ယောက်ကလည်း...

www.burmeseclassic.com



"လှုငယ်ဆိုသဟာ ဘာစောလဲ"

"လှုငယ်ဆိုတာ ခင်ဗျားတို့ခေါ်နေတဲ့ ကာလသားကို ပြော တာ… အခုတော့ ရွာတချို့မှာလည်း ဒီလိုပဲသုံးတယ်… ခေတ်ဆိုတာ ဖြစ်ပေါ်နေတဲ့ အချိန်ကာလအခြေအနေပဲ"

စနေက ရောက်တတ်ရာရာပြောသည်။ ခေါင်းကို ကုတ်သည်။

ခင်မောင်ဆွေ့စကားကို နားမထောင်ဘဲ လာ တာများပေါ့။

"ရုပ်လိုက်သဟာနော… ချင်းစကားတွေက ဘာစာမှန်း မသိ ဘူး… "

တစ်ဦးက ချောင်းသပ်ရင်းက ပြောသည်။ စနေ ဒေါသထွက်သွားသည်။

"ကျုပ်စကားကို လက်မခံဘူးဆိုရင်… ခင်ဗျားတို့ ကျုပ်ကို သတ်နိုင်တယ်… ဒီ့ထက်ပိုပြီး ကျုပ်မပြောနိုင်တော့ဘူး"

"မင်းက မာရေကြောရှည်ရှိလှဘီဗျား… သေချင်သပထင် တယ်… "

"ကိုရွှေဖုန်းလှ… ခင်ဗျားလက်ထဲက ရေဆိုပြီး ကျုပ်ကို လာမချောက်နဲ့ ခင်ဗျားသတ္တိဘယ်ကလောက်ရှိလဲ… "



"သတ္တိ… ဟာ… ဟာ… ကျုပ်ကို မင်းက လာစမ်းသဲ့ပေါ့လေ ဒီနယ်တစ်ခွင်မှာ ကျုပ်သတ္တိကို မီတဲ့လူ မရှိသေးဘူးပ… မင်းက စမ်းချင်သမို့လား… "

"စိမ်လိုက်လေ… ကျုပ် ခင်ဗျားကို ရဲအထိပို့နိုင်တယ် ကိုရွှေဖုန်းလှ… "

"သဘောက်မသား…စကားများလိုက်သာနော…သင်းလျှာ ကို လှီးပစ်မှ တော်ရှေ့မပ… "

ပြောလည်းပြော သူ့လွယ်ပိုးထားသော ဓါးကိုဓါး အိမ်ထဲမှ ရွှေဖုန်းလှက ရှုပ်ခနဲထုတ်လိုက်သည်။ ဓါးထုတ်လိုက် တာ ဘယ်လိုဘယ်ပုံ ထုတ်လိုက်သည်ကိုတောင်မှ မမြင်ရအောင် တော့ဓါးထုတ်ပုံက ကျွမ်းကျင်လွန်းသည်။

သည်ကောင့်ကို ဇာနည်တို့နှင့်တူနေသည်ကိုက စနေအတွက် မြင်ပြင်းကပ်စရာဖြစ်နေသည်။

"သတ္တိချင်း ခင်ဗျားရို့ယှဉ်မှာလား… ရို့ ဒါဆိုရင် ကျုပ်တို့ ပွဲကြည့်ရဦးမှာပ… "

"ချင်းကုလားဖြူပုံစံကောင်ကို ကိုရင်ဖုန်းလှုပြင်ပြလိုက် ပါနော… ဒါမှ ချင်းအသားကို ကျုပ်တို့နုပ်နုပ်စင်းစားရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပတော်... ဟုတ်ပ... ချင်းရုပ်ကလေးကို ကိုရင့်ခါးနဲ့ လိုးပြစမ်းပ... "

အော်ဟစ်ပြောသံတွေက လူအုပ်ထဲမှ ရုန်းကန်ထွက်လာ၏။

"အဲသလို မလုပ်နဲ့လေ... သင်းက တစ်ပြည်သားပဲ... ရှင် အဲသလို အနိုင်မကျင့်နဲ့ ကိုရင်ဖုန်းလူ... "

"ဟား... ရှင်နှင်းဖြူရယ်... ချင်းက ငါ့ကို စော်ကားမော်ကားပြောတာကို ငါက ငုံ့ခံနေရမလားလို့... "

"အလိုလေး တော်ရယ်... အကျွန်ကြားရတာတော့ ကိုရင်ကပဲ စော်ကားမော်ကားပြောနေသဟာပဲ... "

"သြော်... သြော်... တစ်ပြည်သားမို့ အတည်ထားလို့ ကြားက မချည့်အောင်နာသယ်ပ... "

"ကိုရင်က သတ်ချင်ဖြတ်ချင်နေလို့ ပြောသာပ... "

"ချင်းယောက်ျားပဲ... ငါ အလဟာသ သူ့ကိုမသတ်ပါဘူး... ချင်းသတ္တိရှိရင်ကြိုက်တာနဲ့ ပြိုင်ပလေ့စေ... ဟင်း... ဖုန်းလူ သတ္တိလာမစမ်းနဲ့... "

ဖုန်းလူက သူ၏သန်မာ၍ အမြှောင်းအမြှောင်းထနေသော လက်ရုံးကို မြှောက်ပြလိုက်၏။ လက်သီးကလည်း ဆုပ်ထား၏။



"ညီမနှင်းဖြူရယ်... ဒီလူကို တို့ယှဉ်နိုင်ပါတယ်... သူပြောတာ ဟုတ်တယ်... ယောက်ျားဆိုတာ သတ္တိရှိရတယ်... တို့ခေတ်လူငယ်တွေဟာ မြန်မာဆန်ဆန်မဝတ်ကြပေမယ့် စိတ်ထဲမှာတော့ မြန်မာ့သတ္တိနဲ့ ဇာတိသွေးဆိုတာ ကျန်ပါသေးတယ်... "

စနေက မခံချင်စိတ်နှင့် ပြောရာမှ အံကြိတ်ပြနေသော ရွှေဖုန်းလူဘက်ကို လက်သီးထောင်ပြသည်။

"ကျုပ်သတ္တိမနည်းဘူး... ရွှေဖုန်းလူ... "

"နေဦးပ... ကိုရင်ဖုန်းလူ... တော်... က ခါးကျွမ်းလို့ ခါးနဲ့ချည်း အနိုင်မယူနဲ့... သည်လူကို အကျွန်က ဘာမှမဖြစ်စေရဘူးလို့ အာမခံထားပြီးပြီ... ကိုရင် အနိုင်ယူချင်ရင် လက်ရုံးချင်းယှဉ်နိုင်ပါသယ်... "

"အေးလေ... ငါက ဘာနဲ့ယှဉ်ယှဉ်... ဒီကောင့်ကို နိုင်မယ်ဆိုတာ သိပြီးသား... လက်ရုံးလက်ရုံးချင်း ယှဉ်နိုင်ပါတယ်"

စနေမှာ ရွှေဖုန်းလူနှင့် လက်ချင်းယှဉ်ဖို့ဖြစ်လာ၏။ ဖုန်းလူက သူ့အင်္ကျီကို ချွတ်လိုက်သည်။

ရင်အုပ်ကျယ်ကျယ်၊ အသားမည်းမည်းနှင့် ကြွက်

www.burmeseclassic.com

www.burmeseclassic.com



သားတွေ အမြှောင်းအမြှောင်းထနေသော ခန္ဓာကိုယ်ကပေါ်လာ ၏။ သူတို့အတွက်က သူတို့ရပ်တည်ရာမြေကွက်လပ်မှာပဲ ဖြ သည်။

စနေကလည်း သူ့အကျႌကို ချွတ်လိုက်၏။

ဝင်းမွတ်သော အသားအရည်နှင့် ရွှေဖုန်းလူ ယောက်မကျယ်တောင် အသင့်အတင့်ကျယ်သော ရင်၊ ကြွ သားတွေနှင့် တင်းရင်းနေသော ရင်အုပ်သား၊ ကြွက်သားများ သူနေရာနှင့်သူ အမြှောင်းလိုက်ထနေသော လက်မောင်းသား လက်ဖျံသား၊ လက်ပြင်သားတွေက ယောကျ်ားကောင်းတ ယောက်၏ ရှိအပ်သော သန်မာမှုအရိပ်လက္ခဏာတွေကို ပြ သည်။

ရွှေဖုန်းလူက ရပ်အုပ်ကားပြီး ခါးတုတ်သည်။

စနေက ရင်အုပ်ကားပြီး ခါးသိမ်သည်။

သူတို့နှစ်ယောက်မှာ ကိုယ်ကာယဗလနှင့် ကို ထည်ရှိသော်လည်း ယှဉ်လိုက်လျှင် ကျွဲတစ်ကောင်နှင့် သ တစ်ကောင်လိုဖြစ်နေသည်။

ကျွဲက ရွှေဖုန်းလူ။

သမင်က စနေထွန်း။



ရှာသားတွေမှာ မျက်နှာတွေခက်ထန်နေသည်။ သူတို့က ရွှေဖုန်းလူဘက်မှ။ စနေထွန်းဘက်မှာတော့ ရွှန်းလဲ့နှင့် နှစ်ကိုယ်ခွဲဟု ထင်ရအောင်တူလှသည့် နှင်းဖြူငယ်တစ်ယောက် တည်းသာ။

ကိုပန်းမွေးက ဝါးပိုးဝါးကြီးတစ်လုံးနှင့် ကျစ်လျစ် သော မြေအိုးတစ်လုံးကို ယူလာ၏။

ဝါးပိုးဝါးကို ထောင်၊ ဝါးပိုးဝါးပေါ် မြေအိုးကို တင် လိုက်၏။

ထိုမြေအိုးကို ကွဲကြေအောင် ရွှေဖုန်းလူက လက် သီးနှင့် ခွမ်းခနဲထိုးပြသည်။

လူတွေက ဩဘာပေးသည်။ ရွှေဖုန်းလူက စနေကို ခတ်ခန့်ခန့်လေး ပြုံးပြသည်။

စနေက ကိုပန်းမွေးအား အလားတူလုပ်ပေးဖို့ လက်ရိပ်ပြသည်။ ရွှေဖုန်းလူကို လုပ်ပေးသလို ဝါးပိုးဝါးပေါ်တွင် မြေအိုးတင်ပေး၏။

သည်အိုးကတော့ ပထမအိုးထက်မာလည်း မာ၊ ကျစ်လည်းကျစ်လှသည်။

စနေက သူ့ကိုယ်ကို လေထဲတွင် တပ်ပတ်ခုန်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖိနပ်မပါသော ခြေထောက်များနှင့်… ခတ်ပြလိုက်၏။

မြေအိုးက အစိတ်စိတ်မွှာမွှာ ဖြစ်ကာလွင့်စင်သွားတော့သည်။ ဝါးပိုးဝါးကတော့ မပြိုလဲဘဲ မြေပေါ်တွင် ထောင်လျက်သား ကျန်ခဲ့သည်။

လူတွေက ဝေါခနဲအသံတွေ ထွက်သွား၏။

"သည့်ထက် မပိုစေနဲ့… မလုပ်ပြနဲ့… "

ဘာကို ရည်ရွယ်ပြောသည်မသိ၊ နှင်းဖြူငယ်၏ အသံထွက်လာသည်။

ထိုစဉ်မှာပင် ရွှေဖုန်းလူက အတင်းဝင်သတ်တော့၏။

သူ့လက်သီးတွေ ဝင်လာ၏။ ခြေတွေ၊ ဒူးတွေလည်း ဝင်လာသည်။ စနေမှာ မေးတွင် လက်သီးတစ်ချက်၊ ဗိုက်တွင် ဒူးတစ်ချက်ထိသွားသည်။

နောက်ဝင်လာသော လက်သီးတွေကို အလွယ်တကူရှောင်ရှားနိုင်သည်။

အကြောင်းက ရွှေဖုန်းလူလက်သီးတွေမှာ အိုးကိုကွဲစေပေမယ့် လူ့အသားကိုတော့ ပြင်းပြင်းထန်ထန်မရှိလှ။



ထို့ပြင် သူထိုးသော၊ တိုက်သော ဒူးတွေ၊ လက်သီးချက်တွေက စနေထင်တားတာထက် နှေးကွေးသည်။

လူတွေမှာ တိတ်ဆိတ်နေသည်။

စနေ၏တိုက်ခိုက်ပုံမှာ ကရာတေးရော၊ မြန်မာ့ သိုင်းရော၊ အင်္ဂလိပ်လက်ဝှေ့ရောပါ စုံသွားသည်။

သူ့လက်သီးထိချက်တွေက တစ်ချက်ပြီးတစ်ချက် ဝင်သွား၏။

ထူးဆန်းလိုက်တာ။

ရွှေဖုန်းလူကို ထိုးရတာ ဖွဲအိတ်ကြီးကို ထိုးနေရသလို လေထည့်ထားသော ပူပေါင်းကြီးကို ထိုးနေရသလို။

လက်သီးလုံးတွေတာ အိခနဲအိခနဲဝင်သွားသည်။

ငနဲက မလဲ။ မကွဲ။

စနေက ထိုးရင်းပင် လက်ပန်းကျလာသယောင် ဖြစ်ကာ မောလာ၏။

ရွှေဖုန်းလူကတော့ မမောပါ။

နောက်ဆုံးမှာတော့ စနေက ရွှေဖုန်းလူ၏ ဘယ် ဝင်လာသော လက်သီးချက်များကိုရှောင်၍ လေထဲခုန်ကာ ခြေနှင့်ပတ်ကန်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်းလူလွင့်သွား၏။

သူ့ကိုယ်ကြီးက သစ်ပင်ကြီးတစ်ပင်နှင့် ဒိုင်းခနဲ ဝင်ဆောင့်လိုက်သည်။

သူ့ကိုယ်ကြီးက စနေဆီသို့ ပြန်ကန်ဝင်လာ၏။

စနေက စောင့်ပြီး ညာလက်သီးနှင့် ပစ်ထိုးလိုက်၏။

မျက်လုံးကို တည့်တည့်ထိသွား၏။

"အား..."

ရွှေဖုန်းလူ အော်သံမှာ ကျယ်လောင်လှ၏။

ဖုန်းခနဲမြေပြင်ပေါ် ပြုတ်ကျသွားသည်။ မျက်လုံးတစ်ဘက်ကို လက်နှင့် ပိတ်ရှုံ့မှလွဲပြီး ပြန်မထတော့။

"ကိုရင် နိုင်သွားပြီ... ကိုရင်နိုင်သွားပြီ..."

ဝမ်းသာအားရနှင့် နှင်းဖြူငယ်က ဟစ်ကြွေးလိုက်သည်။

လူတွေ ဝုန်းခနဲထသည်။

တရုန်းရုန်းထွက်ပြေးသွားကြသည်။

ဘာကြောင့်ပြေးမှန်းသည် မသိပါ။



စနေ၏ လက်ကို နှင်းဖြူငယ်က လာကိုင်သည်။ သူမလက်မှာ အေးစက်ဆဲ။ သို့တစေ စနေက ဒါကို ဂရုမပြုဘဲ နှင်းဖြူငယ်၏လက်ကလေးကိုဆွဲ၍ ပါးစပ်မှကြွေးကြော်လိုက်သည်။

"ငါစနေထွန်း... ငါယောကျာ်းဟေ့..."

*****

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် ၆

သည်ရွာတွင် သူရောက်နေတာ နှစ်ရက်ရှိပြီ။

ရွာက လူတွေက စနေကို စကားမပြောကြပါ

ဖေါ်ရွေမှု၊ မိတ်ဖွဲ့မှုလည်း မရှိကြ။

ရွာကလေးက သာယာသည်။

နေထွက်နေဝင် သူတို့အလုပ်လုပ်နေကြ၏။

စနေကို နှင်းဖြူငယ်က သူ့အိမ်မှာ တည်းခို

သည်။ အိမ်ကြီးရှိုင်ဖြစ်သည်။

တစ်ရွာလုံးတွင် နှင်းဖြူငယ်က အချမ်းသာဆုံး

ဆိုရလေမလား။



လက်ဝတ်လက်စားများကို နှင်းဖြူငယ်က စနေကို ထုတ်ပြခဲ့ဖူး၏။

ကျောက်သံပတ္တမြားတွေ၊ ရွှေတွေ။

"နှင်းဖြူရယ်... ငါ့ညီမ... မင်း ဒီလောက်ချမ်းသာနေမှတော့ တောကြိုအုံကြားထဲ ဘာလို့နေမလဲ... မင်း မြို့တက်ပြီး စီးပွားရှာနေပါတော့လား... "

"ကိုရင်ရယ်... အကျွန်က မိန်းကလေး ဘာဇာစီးပွားရှာတတ်မှာလဲလို့... ယောကျ်ားစီးပွားဆောင်... မိန်းမမီးဖိုချောင်သုံ့... နှင်းဖြူအဘအစ်မရို့က ပြောခဲ့ဖူးသယ်လေ... "

"မင်းကွာ... မြို့ကို မရောက်ဖူးသေးလို့ပါ... မြို့မှာ မိန်းကလေးတိုင်း ကိုယ့်အားကိုယ်ကိုးနဲ့ စီးပွားရှာနေကြပြီ... မင်းတို့ ရှေးခေတ်လိုမဟုတ်တော့ဘူး... ညီမရယ်"

"ဒါတွေ မသိဘူး... မြို့ဆိုသဟာလဲ နှင်းဖြူငယ် မသွားလိုဘူး... လူတွေအများကြီး ကြောက်သယ်... "

သူတို့စကားပြောနေတာက ရွာပြင်နားက ချောင်းကလေးနားမှာ။

ခါးကုန်းကြီးတောင်ပေါ်မှ စီးဆင်းလာသော စမ်းချောင်းရေသည် ရွာပြင်တွင် ဖြစ်ပေါ်စီးဆင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းကလေးမှ ဖြူနှင်းတွေအောက်မှာ အေးမြကြည်လင်စွာ ဖြတ်စီးနေ၏။

စမ်းချောင်းကလေးနံဘေးရှိ ကျောက်တုံးများပေါ်တွင် စနေနှင့် နှင်းဖြူငယ်မျက်နှာချင်းဆိုင် ထိုင်စကားပြောနေမိကြသည်။

နှင်းဖြူမှာ မိဘမရှိ။

နှင်းဖြူမိဘတွေမှာ ချမ်းသာပြီး၊ နှင်းဖြူအဖေမှာ ကြေးထမ်းကြီးဖြစ်ခဲ့ဖူးသည်ဟု ဆိုသည်။

နှင်းဖြူအဖေ မရှိသောအခါ နှင်းဖြူက ကြေးထမ်းကြီးရာထူးကို ဆက်ခံ၏။

ကြေးထမ်းကြီးဆိုတာ ခုခေတ်မှာမရှိတော့ သည့် ပြင်ခေတ်လူငယ်တွေက ကြားဖူးတာတောင်မဟုတ်။

စနေက စာပေနှင့် ပတ်သက်ပြီး ဗဟုသုတ[illegible] သောကြောင့် ကြေးထမ်းကြီးဟူသော ဝေါဟာရကို ဖတ်ရှု[illegible] လည်ခဲ့ဖူးသည်။

သို့တစေ ကြေးထမ်းကြီးမှာ ဘာလုပ်ရသည်[illegible] ပါ။

ထို့အတူ နှင်းဖြူငယ်ဆိုသော ဤမိန်းကလေး သည် ဘာလုပ်သည်မသိ။



သည်ရွာမှာတော့ သူမခေါင်းဆောင်ပဲ။

သူမကို လူတွေက ရိုသေကြသည်။

"မြို့က မိန်းကလေးတွေက လှကြသလား ကိုရင်..."

"မြို့က မိန်းကလေးတွေက မလှပါဘူး... သူတို့မှာ လှအောင်လုပ်တဲ့ ပစ္စည်းကိရိယာတွေ ရှိတယ်... အဲဒါတွေနဲ့ ဆိုရင် လှကြတာပေါ့... နှင်းဖြူငယ်လို သဘာဝအစစ်အလှ မရှိဘူး..."

"အင်..."

ကောင်မလေး နားမလည်။

မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်။

သည်တော့ စနေက ခေတ်အလျောက်တိုးတက်[illegible]ထွန်းလာသော အလှပြင်ပစ္စည်းကိရိယာများနှင့် ခန္ဓာကိုယ်[illegible]တွင် အတုအပအခုအခံတွေအကြောင်းကို ရှင်းပြ၏။

နှင်းဖြူငယ် နားလည်တာတွေလည်း ရှိ၏။ နားမ[illegible]လည်တာတွေလည်း ရှိသည်။ တစ်ခုပဲ မှတ်ချက်ချသည်။

"ကိုရင်ပြောတဲ့ လှအောင်လုပ်သဲ့ ပစ္စည်းတွေ မရှိရင်... မြို့က လုံမတွေက ဟို... ဟို... သရဲရုပ်ပေါက်နေမှာပေါ့နော်"

"ဟုတ်တာပေါ့... အဲဒီအလှပြင်ကိရိယာပစ္စည်းတွေကို သူ

www.burmeseclassic.com



တို့ဖြုတ်ချကြည့်ပါလား… မင်းသမီးရုပ်လည်း သံရုပ်ဖြစ်သွားမယ် ညီမရေ… ရုပ်ရှင်မင်းသမီးလည်း အတူတူပဲ"

"ရုပ်ရှင်မင်းသမီးဆိုတာ… ဘာလဲ ကိုရင်…"

သည့်တော့ ရုပ်ရှင်အကြောင်း၊ ရုပ်ရှင်မင်းသမီးအကြောင်းတွေကို ပြောပြသည်။ ဒါကိုတော့ သူမစိတ်ဝင်စားသည်။

"ကိုရင်ပြောသလိုဆိုရင် ရုပ်ရှင်ထဲမှာ သူတို့သိပ်လှကြမှာပဲနော…"

"ရုပ်ရှင်ထဲမှာ မြင်ထားတော့ လှတာပေါ့ကွာ… အဲဒီရုပ်ရှင်ရိုက်ပြီးတော့ ပြင်တဲ့အလှမြင်ကိရိယာတွေကို ခွာချလိုက်တော့ မင်းသမီးက သူ့နဂိုရုပ်အတိုင်း ဖွတ်ချီးဖြစ်သွားတာပေါ့…"

"ဖွတ်ချီးဆိုတာ ဘာလဲ ကိုရင်…"

"ဖွတ်ချီးဆိုတာ အလကားပဲလို့ပြောတာ… အလကားဆိုတာ နတ္ထိမရှိ…"

"သြော်… သြော်…"

ကောင်မလေးက ဆိုပြီးရယ်သည်။ ရွှန်းလဲ့နှင့် တပုံစံတည်းမို့ အင်မတန်ချစ်စရာကောင်းသည်။ စနေ ငေးမောနေမိ၏။



"ဟော့ ကိုရင်… ဘာတွေကြည့်ရတာလဲ…"

"လှလို့…"

"ဟယ်… နှင်းဖြူငယ်လှသလား… ရုပ်ရှင်မင်းသမီးတွေနဲ့ဆို နှင်းဖြူငယ် မလှပါဘူး ကိုရင်ရယ်…"

"နှင်းဖြူငယ်အလှက သဘာဝအလှပဲ… ရွှန်းလဲ့နဲ့တူတယ်"

"ရွှန်းလဲ့က အသူလဲ… ကိုရင်…"

တစ်တက်သို့ ငေးကာ စနေတွေနှီးစဉ်းစားသည်။ မြူခိုးတွေ ဝေနေသော တောင်တန်းကြီးပေါ်တွင် ရွှန်းလဲ့နှင့် သူပြေးဆော့ကစားထားမျိုးတော့ မြင်ယောင်နေ၏။

နှင်းဖြူငယ်သည် သူ့ကိုအကဲခတ်နေသည်။ သူ့မျက်နှာက သူမဘက်သို့ ပြန်လှည့်လာသည်။

မျက်နှာသည် ကြေကွဲညှိုးငယ်သည့် အသွင်ရှိနေသည်။

"ရွှန်းလဲ့နာမည်က ရွှန်းလဲ့သံသာတဲ့ နှင်းဖြူ… သူ့ကို တို့က ရွှန်းလဲ့လို့ပဲ ခေါ်တယ်… သူဟာ တို့ရဲ့ချစ်သူပါ…"

"ချစ်သူဆိုတာ ရဲဘောလား ကိုရင်…"

"ဟုတ်ပ… ချစ်သူဟာ ရဲဘော… တို့များရဲ့ ရဲဘော… ဟောဒီ တို့ရင်ထဲက ဖေါ်မပြနိုင်အောင် ချစ်ရတဲ့ ရဲဘော…"

www.burmeseclassic.com

www.burmeseclassic.com



ရဲဘားဆိုတာ သူတို့အခေါ်။

တနည်းတော့ ရှည်းစားပေါ့နော်။

"သူက နှင်းဖြူနဲ့တူလား... ဟင် ကိုရင်... "

"တစ်ထပ်တည်းပဲ... "

ပြောရင်း သူ့ခါးကြားနောက်မှာ ညှပ်ထားသော ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။ တစ်ဖန် ပိုက်ဆံအိမ်ထဲမှ ရွှန်းလဲ့၏ ဓါတ်ပုံကလေးကို ထုတ်လိုက်ပြန်သည်။

"ဟောဒီမှာကြည့်... အဲဒါဓါတ်ပုံလို့ ခေါ်တယ်... နှင်းဖြူနဲ့ ရွှန်းလဲ့ တူမတူ ဒီဓါတ်ပုံကိုကြည့်... "

ဓါတ်ပုံကို ကမ်းပေးသည်။ နှင်းဖြူက ယူပြီးကြည့်၏။

သူမ၏ မျက်နှာကလေးတွင် အံ့အားသင့်သည့် အရိပ်အယောင်တို့ ပေါ်ကောင်းပေါ်လာမည်လား။

"တွေ့လား... အဲဒါ နှင်းဖြူနဲ့တူတဲ့ ရွှန်းလဲ့ပဲ... "

နှင်းဖြူငယ်က ဓါတ်ပုံကို သေချာစွာကြည့်သည်။

"ဟုတ်ပ... တူတယ်နော"

ဒါလောက်ပဲပြော၍ ဓါတ်ပုံကို ပြန်ပေးသည်။ သူမ မျက်နှာကလေးတွင် မည်သည့်ခံစားချက်အရိပ်အယောင်မှ မပေါ်ပါ။



"သူဝတ်ထားသဟာ တစ်မျိုးပဲနော... ကိုရင်"

"အင်း... ခေတ်အလိုက် ဝတ်ဆင်ရတာပေါ့လေ... "

ပြောရင်း နှင်းဖြူငယ်၏ ဝတ်ပုံကိုကြည့်သည်။ နှင်းဖြူငယ်မှာ အစိမ်းရင့်ရောင် လက်ပွအင်္ကျီနှင့် ရင်တွင်စွေထားသော ရင်စွေ၌ တွယ်ချိတ်တွေထိုးထားသည်။

ထမီမှာခါးသားအထက်ဆင်ပေါ်သော ပြောင်ထမီ ဖင်ဖြစ်သည်။

အင်း... ကြည့်ရတာ အောက်လိုက်တာ။

နှင်းဖြူငယ်လှပါရဲ့။

ရွှန်းလဲ့လို ဝတ်စားလိုက်ရင် တစ်ခါတည်း ရွှန်းလဲ့လို လှမှာပဲ။

"သူ... အဲ... ဒီ ရွှန်းလဲ့က ဘယ်မှာလဲ... "

"သေသွားပြီ နှင်းဖြူငယ်... "

"ဟယ်... သနားစရာပဲ... ဘာကမ်မဲ့ကြောင့် ဘာဓာကြောင့် သေရတာလဲ... "

သူမကို ပြောပြသင့်သည် ထင်သည်။

"တို့နှစ်ယောက်ဟာ သိပ်ချစ်ကြတယ်... နှစ်ဦးသဘောတူ လက်ထပ်ဖို့လည်း ဆုံးဖြတ်ထားကြပြီး... တစ်နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ရွှန်းလဲ့ကို ကိုယ့်မိဘအိမ်ကို ခေါ်လာတယ်… သူတို့နှင့် မိတ်ဆက်ပေးတယ်…”

“မိတ်ဆက်ပေးသဟာ ဆိုတာ ဘာစာလဲ ကိုရင်ရဲ့… ကိုရှင့် စကားတွေမှာ တချို့ကို နားမလည်ဘူး…”

“မိတ်ဆက်ပေးတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယော သိအောင် အသိမိတ်ဆွေဖွဲ့ပေးတာ… ချစ်ကြည်ရင်းနှီး အောင်ပေါ့…”

“ဪ… အင်း… အင်း… ဟုတ်ပ…”

“ကိုယ့်မိဘတွေကလည်း သဘောကျကြတယ်… သဘော တူတယ်… အဲဒီနေ့ကို ကိုယ်မမေ့ဘူး… ဆန်းဒေးပဲ… အ တနင်္ဂနွေနေ့ပဲ နှင်းဖြူငယ်… ကိုယ်တို့နှစ်ယောက်က ပျော် ပျော်ရွှင်ရွှင်ပြန်လာကြတယ်… မော်တော်ဆိုင်ကယ်စီး ပေါ့…”

“မော်… အဲဒါကကော ဘာစာကြီးလဲ… ကိုရင့်စကားတွေ ရှုပ်လိုက်တာ…”

“မော်တော်ဆိုင်ကယ်ဆိုတာ နှင်းဖြူကိုပြမှ နှင်းဖြူသိ ပါ… ဒါကြောင့် မြို့ကို လိုက်ခဲ့ပါလို့ ပြောတာ… နေ လာ… ဒီကို…”



နှင်းဖြူနားလည်ပါစေတော့ဟူသော သဘောနှင့် စနေက နှင်းဖြူကိုခေါ်ပြီး မြေကြီးပေါ်တွင် သစ်ကိုင်းကျိုးတစ်ခုနှင့် မော်တော်ဆိုင်ကယ်ကို ရေးပြသည်။

“ဟောဒါက ဘီးနှစ်ဘီး… ရှေ့ဘီးနောက်ဘီးခေါ်တယ်… အဲဒီဘီးနှစ်ဘီးကြားမှာ စက်နဲ့တန်းရှိတယ်… ဒါက ထိုင်ခုံ မောင်းတဲ့လူခွစီးရတာ… အဲဒီထိုင်ခုံနောက်မှာ အပိုလူစီးဖို့ ထိုင်ခုံတစ်ခု ဒါကမောင်းတဲ့လူကိုင်တဲ့ လက်ကိုင်… အဲဒီလက်ကိုင်မှာ မော်တော်ဆိုင်ကယ်သွားတာကို ထိန်းတဲ့ ကိရိယာတွေ ရှိတယ်… ကိရိယာဆိုတာ ဟိုစက်ပစ္စည်းတွေကို လုပ်တဲ့ခလုပ်ပဲ…”

သူက စိတ်ရှည်စွာဖြင့် ရှင်းပြ၏။ နားလည်လား မလည်သလားတော့မသိပါ။ မချောလေးက ခေါင်းတညိတ်ညိတ်။

သူမကိုယ်မှ ထူးခြားသော ကိုယ်သင်းရနံ့များက စနေထွန်းနှာခေါင်းထဲသို့ တိုးဝင်လာသည်။

“ကိုယ်ကမောင်း… သူကစီးနဲ့ ရန်ကုန်ထဲမှာ ပျော်ကြတာပေါ့လေ… ကိုယ်က ဆိုင်ကယ်ကို မှန်မှန်ပဲမောင်းတယ်… အဲဒီမှာ ကားတစ်စီးက အပြင်းမောင်းလာတယ်… သူ့နောက်ကလည်း နောက်ထပ်ကားတစ်စီးက လိုက်လာတယ်… အဲဒီကားက ယာဉ်ထိန်းရဲကားပဲ…”

www.burmeseclassic.com

www.burmeseclassic.com



“ယာဉ်ထိန်းရဲ့ဆိုတာ... ”

“နေနေ နောက်မှ ကိုယ်ရှင်းပြမယ်။ အဲဒီမော်တော်ကား ဆိုတာ လူတွေအတွက် အသုံးကျပေမဲ့ စက်နဲ့လုပ်ထား တော့ လူက စက်ကိုထိန်းရတယ်... အရမ်းမမောင်းရဘူး အရမ်းမောင်းရင် ဒဏ်ရာရ... မောင်းတဲ့လူလည်း ဒီလို သေရင်သေ မသေရင် ဒဏ်ရာရ... ”

“ဟယ်တော်... ကြောက်ဖို့ကောင်းပ... ”

“ဒါကြောင့် ကိုယ်တို့ဆီမှာ မော်တော်ကားတို့ မော်တော် ဆိုင်ကယ်တို့နဲ့ ပတ်သက်ပြီး ဥပဒေထုတ်ထားတယ်... ဥ ပဒေဆိုတာ သိတယ်နော်... ”

ဒါကိုတော့ သူမခေါင်းညိတ်ပြသည်။

“အပြင်းမောင်းလာတဲ့ကားက ကိုယ်တို့ကို ဝင်တိုက်တယ်

“ဟယ်... သေရောပ... ”

“အဲဒီကားကရှေ့ကမောင်းလာတဲ့ကား... မောင်းတဲ့ကော က လူဆိုး... သူ့နာမည်က ဇာနည်ဘိုတဲ့... ”

“ဆန်းပ ကိုရင်ရယ်... ဘယ်လိုနာမည်လဲ... ကိုရင်တို့ မြို့ လူတွေက နာမည်လည်း ထူးထူးဆန်းဆန်း... ”

“အေး... တောသူမရဲ့... နင်က တောထဲနေတော့ အားလုံး ထူးဆန်းနေတော့တာပေါ့... ”



စနေ၏ ရင်ထဲမှာ ကြိတ်ပြောမိတဲ့ စကားလေး။

“ကိုယ်ရင်ကွဲရတယ်... ကိုယ်က လက်ကျိုးတယ်... သူက သေတယ်... ”

“ကိုရင်ရယ်... သနားစရာ... ”

“နှင်းဖြူဟာ ရွှန်းလဲ့များဖြစ်နေမလားလို့... ဟင် နှင်းဖြူ”

“ဘာဆိုင်လို့လဲ ကိုရင်... နှင်းဖြူက နှင်းဖြူ... ရွှန်းလဲ့က ရွှန်းလဲ့ပ... ရွှန်းလဲ့က သေခဲ့ပြီပဲ ကိုရင်ရယ်... ဒီတော့”

“ကိုယ်အမြဲတမ်းစိတ်မကောင်းဘူး... ဒီရင်ထဲမှာတော့ နာ ကျင်နေတယ်... နှင်းဖြူ... ”

စနေ့အသံက တကယ်ပဲကြေကွဲသွားသည်။ ရွှန်းလဲ့ နှင့် တူပါသော နှင်းဖြူက စနေကို ကြည့်ဘိ၏။

သူမ၏ မျက်ဝန်းထဲတွင် ရီဝေနေသည်။ မျက်နှာ ကလည်းစိတ်မကောင်းဟန်ပေါက်နေသည်။ သူမသည်သက်ပြင်း လေးချလိုက်၍...

“ရွှန်းလဲ့ကို သနားသယ်... ကိုရင့်ကိုလည်း သနားသယ်...”

သူမ၏ အသံကလေးက တိုးတိုးညင်သာပါက လေး၊ သူတို့နှစ်ယောက် ဘေးတိုက်ထိုင်နေတာ လူရှင်းကပ်မ တတ်ရှိသည်။

www.burmeseclassic.com



သူမတို့နှစ်ယောက်တည်း ရှိသည်လို့ပဲ သူမ
ထင်ပေမယ့် ချောင်းမြောင်းကြည့်နေသည့် မျက်လုံးနှစ်စုံကို သ
မထားမိ။

သူတို့ကို သစ်ပင်တွေကြားမှ ခိုအောင်းကြည့်နေ
သော ရွှေဖုန်းလူနှင့် ပန်းမွှေးပါပဲ။

"ကိုရင်ဖုန်း... ကိုရင်ဖုန်း သဟာလိုသာ ကြက်ကလေး မှ
ကလေးလို ရှင်နှင်းဖြူကိုလွှတ်ထားရင် ဟိုတစ်နယ်သား
ကြက်ကလေးသုတ်သလို ရှင်နှင်းဖြူကို သုတ်သွားလိမ့်
မယ် ကိုရင်ရဲ့..."

"ကြည့်ကြသေးတာပေါ့ ကိုရင်ပန်းရယ်... ခင်ဗျားပြော
လို ချင်းကပဲ ကြက်ကလေးလို သုတ်နိုင်မလား... ကျုပ်
ပဲ ကြက်ကလေးကို သုတ်နိုင်မလားဆိုသဟာ ကြည့်
သေးတာပေါ့... ကျုပ်ခါးက သခွားလှီးသဲ့ ခါးမဟုတ်
လူလည်ပင်းဖြတ်သဲ့ခါး... သင်းက ကုလားဖြူလူပဲ ဖြစ်
မယ်..."

"အိမ်းလေ... ကြည့်ကြသေးတာပဲ..."

ကိုရင်ပန်းမွှေး ပြောသလို နှင်းဖြူတစ်ယော
တစ်နယ်တစ်ကျေးသားနောက် ပါသွားမှာကိုတော့ စိုးရိမ်နေမိ



လူနှစ်ယောက်၏ ပူးပူးကပ်ကပ်သဏ္ဌာန်တွေကိုကြည့်ပြီး ရွှေဖုန်း
လူ အံကြိတ်လိုက်၏။

စနေတို့က ဒါတွေကိုမသိ။

"ရွှန်းလဲ့ကနှင်းဖြူနဲ့တူတယ်... ဓာနည်ဘိုကလည်း ဘယ်သူ
နဲ့တူသလဲသိလား... နှင်းဖြူ..."

"ဘယ်သိပါ့မလဲ... ကိုရင်ရယ်..."

"ဓာနည်ဘိုရဲ့ ရုပ်နဲ့ ရွှေဖုန်းလူရဲ့ ရုပ်ဟာ တထေရာတည်း
ပဲ... ခန္ဓာကိုယ်ပဲ ကွဲတယ်... ဝတ်စားထားတာပဲ လွဲတယ်"

"ဟုတ်ရဲ့လား ကိုရင်ရယ်... ရွှန်းလဲ့ကျတော့ အကျွန်နဲ့
တူသတဲ့... ရွှေဖုန်းလူကျပြန်တော့ ဓာနည်ဘိုနဲ့ တူသတဲ့
ဟုတ်မှလုပ်ပါတော်..."

"ဟုတ်တယ်... ကိုယ်မှန်းတဲ့အတိုင်းပြောတာ... ဓာနည်ဘို
ကို မုန်းသလို ရွှေဖုန်းလူကိုလည်း ကိုယ်မုန်းတာပဲလေ...
သူတို့နှစ်ယောက်ဟာ စိတ်ထားချင်းလည်း တူ... ရုပ်ချင်း
လည်း တူ..."

"အကျွန်ကကော... ရွှန်းလဲ့နဲ့ စိတ်ချင်းတူလား..."

"ဒါကိုတော့ ကိုယ်မသိဘူး နှင်းဖြူ..."

နှင်းဖြူက သူ့ခေါင်းလေး ထောင်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနေကလည်း နှင်းဖြူကို ကြည့်သည်။ သို့လင့်ကစား နှင်းဖြူ... ရှုန်းလှဲနေရာတွင် အစားမထိုးရက်ပါ။

အစားထိုးအချစ်ကို သူမပေးချင်။

ပြီးတော့ သည်မှာ ရှာတည်နေကြသည့် သူ... တစ္ဆေမှာ ဘယ်လိုလူစားတွေဆိုတာလည်း သူမသိ။

သူတို့ ဘယ်သူတွေလဲ။

ထို့ပြင်သူက နှင်းဖြူကို ချစ်ခဲ့သည် ထားပါဦး...

သူ့ခေါ်ရာကို နှင်းဖြူလိုက်နိုင်ပါ့မလား။ ဘယ်... မှ နှင်းဖြူလိုက်နိုင်မည် မဟုတ်ပါ။

သည်တော့ ဒုတိယအကြိမ်ခံစားရသော ဝေဒ... ကို ထပ်မခံစားလိုပါ။

"ဘာတွေ တွေးနေလဲ ကိုရင်... "

"ဩော်... နှင်းဖြူကို လောကမှာ လိုချင်တဲ့လူတွေ ရှိ... လားလို့... "

"ရှိပါ့ကိုရင်... အပုံကြီး... အဲသည်အထဲမှာ ဟိုကိုရင်ဖုန်း... က နွားသိုးကြီးပြတ်ပဲ... "

ပြောပြီး နှင်းဖြူက အားပါးတရရယ်သည်။ ပြီ... တော့မှ...

"အဟင်း... သူက အကျွန်ကို ချစ်သယ်တဲ့လေ... အကျွန်ကို လက်ဆက်ချင်တယ်တဲ့လေ... ကိုရင်ရဲ့ ဒါပေသိ အကျွန်က တော့ ချင်းကို မကြိုက်ပေါင်... "

စနေက သူမလို မရယ်ပါ။ ငေးမောလို့ပဲကြည့်နေ... နောက်မှ...

"ပြန်ကြရအောင် နှင်းဖြူ... နေညိုပြီ... "

သူတို့ပြန်လာခဲ့ကြသည်။

စနေ ရင်မောနေသည်။

သူသည် နှင်းဖြူကို ချစ်မိပါ၏။ သို့သော် ထိုအချစ်... သူလက်မခံလိုပါ။

နှင်းဖြူ၏ အိမ်တွင် လူသုံးလေးယောက်ရှိသည်။ ...ဖြူကို ကူဖေါ်လောက်ဖက် အနေဖြင့် လာရောက်နေထိုင်ကြ... ...တွေ။

အားလုံးအမျိုးသမီးတွေချည်း။

သူတို့သည် စနေ့ကို လုံးဝစကားမပြောကြ။ သူတို့... ...အရာတွေ ကြည့်ရတာ စက်ရုပ်လိုပဲ။

လူတွေက အေးအေးစက်စက်နှင့် အသက်မပါပဲ

သူတို့ လှုပ်ရှားမှုသည် လူသေကောင်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားနေသည်နှင့် တူသည်လို့ပဲ စနေထင်၏။

ထူးခြားတာက နှင်းဖြူတို့ရွာတွင် ဘုန်းကြီးကျောင်း မရှိ။

ဘုရားရှိခိုးသံမကြားရ။

နှင်းဖြူ၏ အိမ်မှာလည်း ဘုရားစင်မတွေ့။

ဒါက စနေအတွက် အရေးအရာမဟုတ်။ သူကိုယ်တိုင်က ဘုရားတရားကို ဝါသနာမပါ။

ဘုရားစာကိုတောင် မယ်မယ်ရရရွတ်ဆိုတတ်သူ မဟုတ်။

နှင်းဖြူတို့အိမ်မှာ ဘုရားစင်မရှိတာကို သိပေမယ့် ဘာရယ်လို့ တွေးမနေ။

အဲသည့် ညကနှင်းဖြူတို့ချက်ကျွေးသော ဂျီသားဟင်းနှင့် ထမင်းစားလိုက်သည်။

"နင်ရို့ ဧည့်သည်ကို မနောက်ယှက်ကြနဲ့ ကောင်းကောင်း သွားအိပ်ပေစေ..."

တင်းမာသော မျက်နှာနှင့် နှင်းဖြူက မိန်းမတွေကို ဆိုချေ၏။ မိန်းမတွေက အိမ်မှထွက်ခွာသွားကြသည်။

ညဘက်ရောက်ပြီဆိုလျှင် ထမင်းစားပြီးသည်နှင့် စနေအလွန်အမင်း အိပ်ချင်လာသည်။ ဒါထုံးစံလို့။



သူသည်မှာ ဘယ်နှစ်ရက်နေနိုင်မလဲ။

ကြာကြာနေနိုင်ဖို့ကိုတော့ ထည့်မတွက်ပါ။

ကိုခင်မောင်ဆွေတို့ စိတ်ပူနေဦးမည်။

အရေးကြီးတာက သူ့ကားပဲ။

ကားမှာ ညကြီးမင်းကြီးဆိုတော့ စက်နှိုးမရတာ လွဲလို့ ဘာပျက်လို့ပျက်မှန်းမသိ... ။

သူကားရှိရာကို မှန်းဆသွားရမှာကတော့ မြေကြီးလက်ခတ်မလွဲ။

ပြန်နိုင်မည့် ရက်ကို သူတွက်ဆသည်။

နောက်မှ နှင်းဖြူဆီပြန်လာမည်။ သည်တစ်ခါပြန်လာလျှင် နှင်းဖြူအတွက် လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်ကြီး ဝယ်လာရမည်။

ဒါတွေ အတွေးနှင့်ပင် အိပ်ပျော်သွားသည်။ တစ်ညလုံး တစ်ရေးမှ မနိုးပါ။

မနက်မိုးလင်းတော့ ကြည်လင်လန်းဆန်းစွာပဲ အိပ်ရာမှထသည်။ သူ့အိပ်ခန်းသည် အိမ်ရှေ့ဘက် အိပ်ခန်းပင် ဖြစ်သည်။

ယင်းအိပ်ခန်းပြတင်းပေါက်မှ နေခြည်ဝင်လာလျှင် သူနိုးစမြဲ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု ထူးခြားတာကိုလည်း သတိပြုမိ၏။ စနေ၏ အိမ်ဝင်းအတွင်းမှာဆိုလျှင် မနက်မိုးလင်းပါမှ စာကလေးတွေက စာကျွတ်ကျွတ်အော်သံ။

အစာကျွေးသော မေမေကြောင့် ခိုတစ်အုပ်၏ ထပျံသံ၊ တစ်ခါတစ်ခါ ခိုညည်းသံ၊ တစ်ခါတစ်ခါ ကျီးကန်းအော်သံ။

ခုကြည့်... ။

နှင်းဖြူတို့ရွာမှာ ငှက်ဘာတစ်ကောင်မှ မတွေ့ရ ညဘက်မှာတော့ မအိပ်မီ သူကြားလိုက်ရတာက ကျားဟိန်းသံ၊ ချေဟောက်သံ၊ ဆင်အော်သံ စသည့်တောကောင်တွေ၏ အသံတွေကို ကြားရသည်။

တောကောင်များသည် သည်ဘက်ကို မလာကြပါ။

ရွာအမည်ကို မေးကြည့်ဖူးသည်။ ဆင်မြီးဆွဲရွာတဲ့။ သူသည် ရွာထဲကို သည်နေ့တော့ လှည့်ပတ်ကြည့်သည်။ သူနှင့် သူ့အပါးမှာ နှင်းဖြူလိုက်စမြဲ။

"နှင်းဖြူက ရွာခံလူမဲ့ပ ကိုရင်... ကိုရင်တစ်ယောက်တည်း ရွာထဲ မျက်စိမလည်တောင် ဟိုလူသည်လူနဲ့ မတော်တည့်ဖြစ်မှာ စိုးလို့ လိုက်ရသဟာပ... သည်ရွာက လူတွေက ရိုင်းပါဘိသနဲ့..."



နှင်းဖြူပင် သည်ရွာကလေးကို မကြိုက်သလိုရှိနေ…

သည်မနက် မြူတွေဆိုင်းနေချိန်မှာ ရွာတစ်ဖက်သို့ …မြူနှင့် လျှောက်လာ၏။

တချွမ်ချွမ်အသံတွေ ကြားရသည်။

"ဘာတွေလဲ နှင်းဖြူ..."

"ကိုရင်ဖုန်း... ပန်းပဲလုပ်နေသဟာနဲ့တူသပ..."

အသံတွေက အိမ်ရှေ့ဝိုင်းတစ်ခုထဲမှ ထွက်လာ၏။ …ဝိုင်းမှာ ကျယ်ပြန့်သည်။ ထင်းရှူး၊ သစ်ရာ၊ အင်ကြင်းပင်တွေ …သည်။ သစ်ပင်တွေက ကြီးကြီးမားမား။

"ဘယ်သူ့အိမ်လဲ... ကိုရွှေဖုန်းလူအိမ်လား..."

"ဟုတ်ပ..."

"ခဏဝင်ကြည့်ရအောင်... သူပန်းပဲလုပ်တာ မြင်ဖူးတယ်ရှိအောင်လေ..."

နှင်းဖြူက မငြင်းဆိုပါ။

အိမ်ဝိုင်းထဲကို နှစ်ယောက်ဝင်လာ၏။ အိမ်မှာ ရိုး…ထောင်အိမ်ဖြစ်ကာ တစ်နေရာတွင် စလုမိုး အင်ဖက်ကာ …တဲရှိ၏။

ထိုထဲမှ တချွမ်ချွမ်အသံတွေ ထွက်ရသည်။

www.burmeseclassic.com



ထိုတဲထဲကိုပင် စနေနှင့် နှင်းဖြူရောက်သွား

လူနှစ်ယောက်သည် ကိုယ်အထက်ပလာကျ ခါးတောင်းမြှောင်အောင် ကျိုက်ထားရာ သူတို့၏ ဖင်မည်း နှစ်ခုက ခါးတောင်းကြားမှ အပြင်ကို ပြူးထွက်နေသည်။

ဂျုဖန်တွေ လန်ကွက်တီဝတ်ထားတာနဲ့ မခြေ

တစ်ယောက်က ပေတုံးကြီးပေါ် မီးခဲရဲနေ သံချောင်းကြီးတစ်ချောင်းကို တင်ပေးကာ ကျန်တစ်ယော သံတူကြီးနှင့် အားပါးတရထုနေသည်။

ထုလိုက်တိုင်း ထုလိုက်တိုင်း မီးဖွားတွေ ဖွားခနဲကျကျ ထွက်သွားသည်။

"ဩော်... ဩ့်သည်တွေကိုး..."

သံညှပ်နှင့် မီးရဲနေသော သံချောင်းကို ကိုင် သူကိုပန်းမွေးက တဲအတွင်းလှမ်းဝင်လာကြသူ နှစ်ယော ကိုဆိုနှုတ်ဆက်၏။

သံတူကို လွှဲမြှောက်ရင်းမှ ရွှေဖုန်းလူက ကြည့်၏။

"နှင်းဖြူရို့ပါလား..."

"ဟုတ်သယ် ကိုရင်... သည်မနက်ခင်း လမ်းလျှောက် ရင်း ကိုရင့်ပေထုသံကြားလို့ ဝင်လာသဟာ..."



နှင်းဖြူက ပြောသည်။

အေးစက်မာကြောသောအကြည့်နှင့် ရွှေဖုန်းလူက စနေကို ကြည့်ရင်းမှ...

"တစ်နယ်သား... ဘဇာတွေများ ကြည့်ချင်လို့ လိုက်လာရ သာတုန်း... မင်းနားမှာမှ နှင်းဖြူရှိနေမင့်ဟာ နှင်းဖြူ မျက်နှာကြည့်နေပါလား..."

မခံချင်စဖွယ်စကားနှင့် စလာသည်။ စနေက ဧည့် သည်မို့ ရန်မဖြစ်ချင်ပါ။ ရန်လည်း မလို။

သူ့အပေါ် ရွှေဖုန်းလူဆိုတဲ့ ဝေါ်က အမြင်စောင်း နေတာကို သိ၏။

"နှင်းဖြူက ဧည့်သည်မို့ ကျုပ်ကိုလိုက်ပို့တာပါ ကိုရင်ရယ် ကိုရင် ပန်းပဲထုတာ ကြည့်ချင်တာနဲ့ ဝင်လာတာပါ..."

"ပန်းပဲထုသဟာမင့် ဟာထုသာပဲပေါ့... ဘာဆန်းသ တုန်း..."

"အခုခေတ် ကျုပ်တို့ ရန်ကုန်မြို့မှာ ဒါတွေမရှိတော့ဘူးဗျ ပန်းပဲဆိုတာ မြန်မာ့ယဉ်ကျေးမှု လက်ရာစစ်စစ်ပဲ... ပန်း ဆယ်မျိုးထဲမှာ ပါတယ်လေဗျာ..."

"တစ်နယ်သား စကားကြွယ်သကိုး... ကိုရင်ပြောစမ်းပါ ကိုရင်က ကုလားဖြူလူလား..."

www.burmeseclassic.com

www.burmeseclassic.com



"ကုလားဖြူ… ဟာ… ကုလားဖြူခေတ်တွေက ကုန်သွားခဲ့ပြီဗျ… ကုလားဖြူတွေ မြန်မာနိုင်ငံမှာ မရှိတော့ဘူးဗျ ကုလားဖြူလို့ ကျုပ်တို့က မခေါ်ဘူး ကိုရင်ရဲ့… ကျုပ်တို့က ဗြိတိသျှအင်္ဂလိပ်လို့ပဲ ခေါ်တယ်… အမေရိကန်လို့ပဲ ခေါ်တယ်…ကျုပ်တို့နိုင်ငံမှာ အင်္ဂလိပ်ခေတ်… ဂျပန်ခေတ် ကက်စဘီခေတ်… ပါလီမန်ခေတ်… မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်တွေ ရှိခဲ့တာ ခင်ဗျားတို့ မသိဘူးလား"

"ကြား… ကြားဖူးပေါင်ဗျာ… ကိုရင်ပြောသဟာတွေက ကျုပ်ရို့အဖို့ အသစ်အဆန်းတွေချည်းပဲ… စကားထူးစကားဆန်းတွေ… "

သည်မျှ တံခါးပိတ်ထားသည့်လူတွေကို စနေ့စိတ်ထဲ မသက်မသာတော့ပေ။

"ခင်ဗျားတို့ ဘယ်သူတွေလဲ… ကျုပ်တို့နိုင်ငံမှာ ကလေးတောင်သိတဲ့ ကိစ္စကို ခင်ဗျားတို့က ဘာလို့မသိရတာလဲ—"

"ဝေ… ကျုပ်ရို့ဘယ်သူတော်လဲ… ဟား… ဟား… ဟား— နှင်းဖြူငယ် ပြောလိုက်စမ်းပ… ကျုပ်ရို့ အသူတွေလဲ— သဟာကို ပြောလိုက်စမ်းပ… ရှင်နှင်းဖြူရယ်… "

စနေကို ကိုပန်းမွှေးက ပြောတော့ စနေက ပြ

ပြောစဉ်ကြားမှ အော်ကြီးဟစ်ကျယ်ရယ်ပြီး ရွှေဖုန်းလူကပြော



သည်။ နှင်းဖြူက ပြုံးပြုံးပြာပြာလေးနှင့်…

"အို… ကိုရင်ဖုန်း… ကိုရင် ဘာစာတွေ လျှောက်ပြောနေတာတုန်းတော့… ကျုပ်ရို့က လူတွေပဲဟာ… "

"အေးလေ… လူတွေ… လူတွေပါပဲ… ဟား… ဟား… ဟား"

ရွှေဖုန်းလူရယ်ပုံကြီးက အသံနက်ကြီးနှင့်ကြောက်စရာကောင်းသည်။ မကြောက်တတ်သည့် စနေတောင် ကျောစိမ့်သွားသလို ခံစားလိုက်ရသည်။

နှင်းဖြူက တင်းမာသောအသွင်နှင့် ရွှေဖုန်းလူကိုကြည့်သည်။ သည်အခါမှဘဲ ရွှေဖုန်းလူငြိမ်သွားသည်။

"ကိုပန်းမွှေး… ဘာလုပ်တာလဲ… ခါးလား နွားအတွက်လား… "

စနေက ကိုပန်းမွှေးကို မေးလျှင် ရွှေဖုန်းလူက…

"ကျားဟာ ခါးပဲလုပ်ရမှာပဲပ ကိုရင်… ကျားမှန်ရင် ခါးကိုင်သယ်… သနပ်ခါးမကိုင်ဘူး… မင်းက မြို့သားဆိုတော့ ခါးကိုင်ဖူးသလား… "

အတော်ရင့်သီးသော မေးခွန်းပါ။

"ကျုပ်လား… ခါးလည်းကိုင်တယ်… ကျားလည်း ရင်ဆိုင်တယ်… မိန်းကလေးခါးတော့ တစ်ဖက်သတ်ကြိုက်စိတ်နဲ့

www.burmeseclassic.com



မကိုင်ဖူးဘူးဗျ… ”

“ခါးကိုင်ရင် ခါးကစားတက်မှာပေါ့… ”

“လွယ်ပါတယ်… ”

“ကိုရင်ပန်းရေ… ကျုပ်အိမ်ထဲက ခါးနှစ်လက်သွားယူစမ်း”

လက်ထဲမှ တူကြီးကို ပစ်ချလိုက်သည်။ သူ့အမူအ

ရာကိုကြည့်ကာ နှင်းဖြူငယ်က စိုးရိမ်မှုနှင့်…

“အလိုတော်…ခါးတွေယူလာပြီး ရှင်က ဘာလုပ်မှာလဲ…”

“သူလည်း ကျား… ငါလည်း ကျား ခါးကစားကြည့်ကြတာ

ပ ရှင်ဖြူရယ်… ”

“ရှင်… ”

သူ့ကို စကားဆက်မပြောရန် ရှေ့ဖုန်းလူက လက်

ထုတ်သည်။ ဖါးဖိုရှိရာသွားပြီး ဖါးဖိုကို မီးရဲအောင် သုံးလေးချက်

ထိုးသည်။

ကိုပန်းမွှေးက ခါးနှစ်လက်ယူလာသည်။

“အဲသည် ခါးတွေက အသစ်တွေ ကိုရင်ရဲ့… ”

ခါးတွေကိုယူကာကြည့်သည်။ ခါးများမှာ ငှက်ကြီး

တောင်ပုံစံရှိ၏။ မြောင့်ကြောင်းတွေ မပါ။ ခါးရွက်၏ ဗျက်တွေ

က လူကြီးလက်နှစ်လုံးနီးပါးရှိ၏။ အထက်ကား အောက်ရှူး



“ကိုင်း… ကိုရင်တို့ခေတ်က ခါးကစားနည်းနဲ့ ကျုပ်ရို့ရှေး

ခေတ်က ခါးကစားနည်း… ယှဉ်ကြည့်ရအောင်လေ့… ”

ပြောလိုက်ပုံက စိမ်ခေါ်သည့်လေသံ၊ မျက်နှာထား

ထိမထင်နှင့် ရက်စက်သည့်မျက်နှာ။

နှုတ်ခမ်းမွေးကုတ်ကုတ်အောက်မှ သွားတွေက

ဖွေးသားပဲ။

စနေက အားကျမခံ ခါးတစ်လက်ကို လှမ်းဆွဲယူ

လိုက်၏။

“အေးဗျာ… မြန်မာ့စိတ် မြန်မာ့ဟန်နဲ့ မြန်မာ့ခါးဟန်ကို

ပြကြစို့ရဲ့… ဒါပေမယ့် အခုခေတ်က ခါးခေတ်မဟုတ်တော့

ဘူး… သေနတ်ခေတ်… ကျည်ဆန်ခေတ်… နျူကလီးယား

ခေတ်ဖြစ်နေပြီ ကိုယ့်လူတို့ရဲ့… ”

*****

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၇)

သံသံချင်း ထိုသံအပြင် မီးပွင့်သွားသည်။

ပွဲစစချင်း ရွှေဖုန်းလူ၏ ခါးချင်နှင့် သူ့လက်ရုံး

ခါးကွက်အားတွေက သိသာလှသည်။

မြန်လိုက်တာ ဝီခေါ်နေသည်။ ခါးချက်

လည်း ပြင်းသလားမမေးနှင့်။ ဇင်ယောင်သုတ်၊ စွန်ဘုတ်

သက်တင်ရေသောက်၊ သယက်လည်ချောက်၊ ပင်ပျိုပြတ်၊

ကတော့ထိုး။

အိုစုံရော... စုံရော။

စနေသင်လာသည့်သိုင်းကွက်တွေက ဘယ်

လို့ ဘယ်ပေါက်ကုန်ပါလိမ့်။



မနည်းကြီး ခုခံနေရသည်။

မျက်နှာကို လက်သီးနှင့် အထိုးခံခဲ့ရလို့ သကောင့်

သား ရွှေဖုန်းလူစိတ်ထဲမှာ အငြိုးအတေးရှိခဲ့ရောပေါ့။

"ဟောဒါကသက်တင်ရေသောက်ဟ...ဟောဒါက စွန်ဘုတ်

ထိုးဟ... ဒါက ပင်ပျိုပြတ်လဟ... အဲသာက ဇင်ယော်

သုတ်ဟ..."

နှုတ်မှလည်းပြော ထိုးကလည်း ထိုး၊ ခုတ်လည်း

ခုတ်ပဲ။

စနေ သူ့ကိုမယှဉ်နိုင်ပါ။ ခေတ်လူငယ်ချင်း လူချင်း

ယှဉ်လိုက်လျှင် စနေက အားသာခဲ့မြဲ။

ခုတော့ မဏ္ဍိုင်မဟုတ်ဘဲ ယိုင်ခဲ့ရ၏။

ရေးလူဟု ဆိုရမည့် ရွှေဖုန်းလူက ပိုကြမ်းတမ်း၏။

ပိုမာကြော၏။ ပိုပြင်းထန်သန်မာသည်။ ပိုရက်စက်သည်။

စနေ့သိုင်းပညာထဲက ခါးသိုင်းတောင် ဘယ်လိုသုံး

ရမှန်းမသိ။

ဆုတ်ခံ ခံရသည်။ ခုတ်ကာ ကာရသည်။

စနေ နောက်ဆုတ်နောက်ဆုတ်နှင့် ကာရာ သစ်

ပင်တစ်ပင်၏ ကျောကိုမှီမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခါးသွားကို မြှောက်လိုက်သော ရွှေဖုန်းလူရုပ်မှ ပကတိမကောင်းဆိုးဝါးရုပ်ထွက်နေသည်။

သူ့ကို ပင်ပျိုဖြတ်ပိုင်းချလိုက်၏။

ဆတ်ခနဲ သူကငုံ့ပြီး ညွတ်ထွက်ပေး၏။

ဒုတ်...

ခါးသွားက ထင်းရှူးပင်စည်ထဲ နစ်ဝင်သွား၏။

လူကြီးယောက်ျားပေါင်လုံးလောက်ရှိသော ထင်းရှူးပင်စည်မှာ ပြတ်ထွက်သွားသည်။

ပြင်းလိုက်သန်လိုက်သည့် ခါးချက်။

ခါးကလည်း ခါးကောင်း။

ကံကောင်းလို့ စနေခမျာ ဇက်မပြတ်တာပဲ။

"တော်တော့... ရပ်လိုက်..."

နှင်းဖြူက အော်လိုက်ပါသည်။ နှင်းဖြူမျက်နှာတွင် စိုးရိမ်မှုတွေ အပြည့်သား။

ရွှေဖုန်းလူ နားမထောင်။

ရတုန်းအခွင့်အရေးကို ကြုံးလိုက်မှ။

သူ့ခါးနှင့် စနေ၏ ရင်အုံထဲ လက်ကတော့ထိုးသွင်းလိုက်၏။



ရင်အုံထဲ တန်းမတ်လာသောခါးကို ခြေတစ်လှမ်းသုံးကွက်ချန်းဆုတ်သည်။ စနေက ဆုတ်ထွက်မှ ခါးရှက်နှင့် ဖယ်ရှားလိုက်သည်။

တစ်ဘက်ခါးက ချော်ထွက်သွားသည်။

ရှင်းရှင်းတော့ မလွတ်။

စနေ၏ ဘယ်လက်မောင်းမှာ ပူခနဲမြက်ခနဲ ခံစားလိုက်ရသည်။

ရွှေဖုန်းလူ ခါးသွားက သူ့လက်မောင်းသားကို ရှပ်သိုးသွားခြင်းပဲ။

"ကိုရင်... မတော်ဘူးလား..."

ဒေါသသံကလေးနှင့် ပြောလိုက်သည်နှင့်အတူ စနေ၏ ရှေ့တွင် နှင်းဖြူငယ်က သူမကိုယ်လေးနှင့် ကွယ်ရပ်ပြီးသား။

ရွှေဖုန်းလူ နောက်ထပ်ဝင်တော့မည့် မိုးခါးက တန့်သွား၏။

"နင်ဖယ်ဟ..."

"ဖယ်ဘူးလေ..."

သူမကို ဒေါသသံနှင့် ရွှေဖုန်းလူပြောသည့် အဆုံး သူမကလည်း ဒေါသံနှင့် ပြန်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မသတ်ပါနဲ့ သူဟာ ညွှံသည်ပါလို့ အကျွန်ပြော ထားသဲ့ဟာပဲ… ကိုရင် နားမထောင်ဘူး… ကိုရင် သူ့ကို သတ်လိုက်သဟာနဲ့ အကျွန် ကိုရင့်ကို လက်မဆက်ဘူး— ကိုရင့်ကို မုန်းပစ်လိုက်မယ်… "

ထန်မာတူးခါးသော အသံကလေးက ဆက်တို ထွက်လာ၏။ ရွှေဖုန်းလူ ငြိမ်သွားသည်။ ခါးကိုချ၍

"နင် သူ့ကိုကြိုက်နေသယ် ဟုတ်စ… "

"အကျွန် ဘဇာမို့ ကြိုက်ရမှာလဲ… အကျွန်က ဘဇာ ကြိုက်ရမှာလဲ… ချင်းနဲ့ အကျွန်မဆိုင်ဘူး… "

"ကိုရင်ဖုန်း… တော်ပါတော့ဗျာ… ရွာခံက တစ်ဘက်ကို နေမှတော့ ခင်ဗျား… မလုပ်နဲ့ပ… ခင်ဗျားကို နှင်းဖြူမှ သွားလိမ့်မယ်… "

ဘေးမှကိုပန်းမွေး ရောက်လာကာ ဖျန်ဖြေဖျော ဖျပြောလာသည်။ နှင်းဖြူကို စိုက်ကြည့်၍ ရွှေဖုန်းလူက တော ခေါက်သံပေး ထွက်သွားသည်။

သည်တစ်ပွဲတော့ စနေရှုံးပါသည်။

ခါးချင်းပြိုင်လို့ ရှုံးပေမယ့် နှလုံးသားကိုတော့ စနေ က အောင်ပွဲခံလိုက်ရသည်။



ရွှေဖုန်းလူ ရှေ့မို့ သူမက မိမိကိုမကြိုက်ဘူးပြော ဘာက ပါးစပ်မှသားဖြစ်၍ နှလုံးသားမှသားမဖြစ်တာကိုတော့ င်းစင်းသိလိုက်ပါရဲ့။

ဘရားမိုးပါပဲကွာ… ။

သူ့ဒဏ်ရာကို သူမက သစ်မြစ်သစ်ရွက်တွေနှင့် အုံ ပေး၏။ ဒဏ်ရာမှာ မနက်သောကြောင့် တော်တော့သည်။

အသားကို လှာထွက်သွားတာ ခံနဲ့ရသည်။

ဆောင်းတွင်းဆိုတော့ ဒဏ်ရာက ချက်ချင်းပျောက် ဦးမည် မဟုတ်ပါ။ ဂရုတစိုက်တော့ လုပ်ဦးမှ။

ရွာထဲတွင် ဆေးဆရာမရှိပါ။

စနေသည် ရွှေဖုန်းလူကို အခဲမကြေ။

တစ်နည်းနည်းနှင့် နိုင်အောင်တော့ အနိုင်ယူရ ည်ဟု စိတ်ထဲကြံစည်ထားလိုက်၏။

စနေမမြင်လိုက်ရသည်က ရွှေဖုန်းလူ၏ သွေးဆာ မှုပဲ။

သူ့ဆီမှ ထွက်ခွာသွားသော ရွှေဖုန်းလူသည် ဖါ တွင်စွန်းပေသွားသော စနေထွန်း၏သွေးတွေကို လက်နှင့်သပ်ချ ၍ မြိန်ရေယှက်ရေ လျက်နေခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုပန်းမွှေးက ချက်ချင်းပဲပါးစပ်သတင်းလွှင့်သည်။

စနေထွန်းနှင့် ရွှေဖုန်းလူခါးကစားရာတွင် စနေထွန်း ရှုံးနိမ့်သည့်အကြောင်း။

သည်သတင်းကို စနေထွန်းကြားတော့ ဒေါသဖြစ်မိသည်။

နှင်းဖြူကလည်း မခံချင်။

"ကိုရင်မှားသဟာ... ကိုရင်မှားသဟာ... ချင်းက ခါးကစားဖို့ ပြောကတည်းက ကိုရင်ရှောင်ထွက်ဖို့ကောင်းသဟာ"

"တို့ယောက်ျားပါ နှင်းဖြူရယ်... ငါ့ညီမရယ်... ယောက်ျား တစ်ယောက်က စိန်ခေါ်ချင်တာကို ဘယ်ယောက်ျားက ရှောင်လွှဲသွားမလဲ... ဒါယောက်ျားတိုင်းရဲ့ သတ္တိပဲ..."

"ကိုရင့်သတ္တိက အကျိုးမဲ့ပဲ..."

"ဒါပေမယ့်... တို့က တပင်ရွှေထီးရာဇဝင်ထဲက ဗလမင်းထင်လို ရှက်ရမ်းမရမ်းပါဘူး..."

"ဘာဗကိုရင်..."

"နှင်းဖြူ ရာဇဝင်မသိဘူးလား..."

"ဟင့်အင်း..."

ပကာတိဖြူစင်ရိုးသားစွာနှင့် နှင်းဖြူက ခေါင်းယမ်းသည်။ သူတို့နှစ်ယောက် အိမ်ရှေ့ခန်းမှာ ထိုင်နေသည်။



နှင်းဖြူက ပုဆစ်တုတ်ထိုင်သည်။

စနေက တင်ပျဉ်ခွေနှင့် မျက်နှာချင်းဆိုင်မှာထိုင်၏။

စနေက လက်မောင်းကို ဆေးမြစ်ဆေးရွက်များ ရောကြိတ်အုံကာ ထိုဒဏ်ရာကို အဝတ်စတစ်ခုနှင့် နှင်းဖြူက ပတ်တီးစည်းပေးထားသည်။

"ပြောပါဦးနော်..."

"ဒီလိုပဲ နှင်းဖြူ... တို့နိုင်ငံမှာ ရှေးမင်းတွေ အဆက်ဆက်က ခေတ်ဆိုတာ ရှိခဲ့တယ်... တောင်ငူမြို့မှာ မင်းတရားတပင်ရွှေထီးနန်းစံတော့ အဲဒီခေတ်ကို တောင်ငူခေတ်လို့ ခေါ်တယ်... တို့က သမိုင်းနဲ့ ဘွဲ့မယူခဲ့တော့ အတိအကျတော့ မသိဘူး... ရာဇဝင်မှာ ဖတ်ခဲ့ဖူးတာပြောတာပဲလေ မင်းတရားရွှေထီးဟာ ပဲခူးဘက်က ရွှေမောဓေါစေတီတော်ကို သွားဖူးတယ်... အဲဒီမှာ ရန်သူဖြစ်တဲ့ သုရင်တကာရွှတ်ပိဆိုတဲ့ ဘုရင်ရှိတယ်... မင်းတရားရွှေထီးက ပဲခူး ရွှေမော်ဓေါဘုရားမှာ ဘုရားလာဖူးပြီး နားလာထွင်းတယ်ဆိုတော့ ရန်သူ့နယ်မြေမှာ ရန်သူကို မထီလေးစားလာလုပ်တာနဲ့ အတူတူပဲပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူက ခေါင်းလေးတညိတ်ညိတ်။

"သူရှင်တကာရွှတ်ဝိက စိတ်ဆိုးပြီး မင်းတရားရွှေထီးကို ဖမ်းဖို့ သူ့စစ်သည်တွေကို ထောင်ချီပြီး လွှတ်လိုက်တယ်... စစ်သည်တွေက ရွှေမော်ခေါ်စေတီတော်ကို ဝိုင်းပြီး မင်းတရားရွှေထီးကို ဖမ်းကြပါတော့လား၊ သတ်ကြပါတော့လားနဲ့ အော်ကြတာပေါ့... ကိုယ်ပြောတာတွေကို နှင်းဖြူ နားလည်တယ်နော်... "

"ကိုရင်နဲ့တွေ့ပြီး စကားပြောသဟာတွေက ကြာလာပြီဆိုတော့ကာ အကျွန်ုနားထဲ နားယဉ်ပါးလာပါတယ်... ကိုရင်ရယ်... "

"ဟုတ်ပြီ... မင်းတရားရွှေထီးက အဲဒီအော်သံတွေလည်း ကြားရော ခံတိုက်ပြီး ဒီစစ်သည်တွေကြားက ဖေါက်ထွက်ဖို့ လူရွေးတာပေါ့ နှင်းဖြူ... လူကို ဘယ်လိုရွေးမလဲ ထင်သလဲ... နှင်းဖြူ"

"အို... အကျွန် ဘယ်သိပါ့မလဲ... "

"လက်ထိပ်ကို သံရိုက်ပြီး ရွေးတယ်တဲ့... လက်ချောင်းထိပ်သံနဲ့ ရိုက်ရင် ဘယ်လောက်နာမလဲ... နှင်းဖြူစဉ်းစားကြည့်... "



"ဟုတ်ပ... ကိုရင်ရယ်"

"တပင်ရွှေထီးဟာ ကိုယ်ချင်းမစာပါဘူး... သူ့လက်ထိပ်ကို သံရိုက်ရင် သူကောခံနိုင်မလား... သူကတော့ လက်ထိပ်ကို သံရိုက်မခံဘူး... တခြားလူတွေကိုတော့ သံရိုက်ပြီး သူရဲကောင်းငါးရာရွေးတယ်... အဲဒီလို ရွေးတဲ့အခါမှာ လူပေါင်းငါးရာရွေးတယ်... လူတွေက တစ်လှည့်ပြီးတစ်လှည့် သံရိုက်ခံကြတာပေါ့... "

"သိပ်နာမှာပဲနော်... "

"နာတယ်ဆိုပြီး တွန့်မသွားနဲ့ အဆုံးစွန်ပြောရရင် တွန့်မသွားနဲ့... အော်တာတို့ တွန့်တာတို့ဆိုရင် သတ္တိမရှိဘူးဆိုပြီး ပယ်ပစ်လိုက်တယ်... ရှေးဘုရင်တွေ တစ်စောက်ကန်းလုပ်ပုံက အဲသလိုပ... "

နှင်းဖြူလေသံလို့ ခပ်နောက်နောက်ကလေးပြောတော့ နှင်းဖြူက သွားဝါဝါကလေးတွေ ပေါ်သည်အထိ ပြုံးသည်။

"အဲသလို ရိုက်လာတာ ဗလမင်းထင်ဆိုတဲ့ တပ်မှူးတစ်ဦးရဲ့ အလှည့်ကို ရောက်လာတယ်... အဲဒီတပ်မှူးက မခေသူ ကိုက်ရည်ခိုက်ရည်ကောင်းတယ်... သတ္တိလည်းကောင်း အပွဲပွဲနွှဲလာတဲ့လူပဲ... သူ့လက်ထိပ်ကို သံရိုက်တော့ ဗလ

www.burmeseclassic.com

မင်းထင်ကိုယ်က နည်းနည်းတွန့်သွားတယ်… အဲဒီမှာတ
ဗလမင်းထင်ကို သတ္တိမရှိဘူးဆို ပယ်လိုက်တယ်…”
“ရော်… ကိုရင်… လူကောင်းတစ်ယောက်ကို…”
“အဲဒါ မင်းတရားရွှေထီး မှားတာပေါ့… နှင်းဖြူစဉ်းစ
ကြည့်… ဗလမင်းထင်ဟာ အပွဲပွဲနွှဲလာတဲ့ လူပဲ… ဒီတစ်
ကျမှ သတ္တိမရှိဘူးဆိုပြီး ကိုယ်ခန္ဓာလေး တွန့်သွားမိ
အပယ်ခံရတယ်ဆိုတော့ ခများလည်း ရှက်ရှာပေမပေ
တကယ်တော့ ခန္ဓာဗေဒဖွဲ့စည်းမှု… အဲ… လူ့ခန္ဓာကို
က အကြောတွေ ဖွဲ့စည်းပုံကို ရှေးဘုရင်ဖြစ်တဲ့ တပင်
ထီး နားမလည်လို့ပါ… လက်မတို့ ခြေမတို့လက်ချောင်
ခြေချောင်းတွေဟာ အရိုးနုကလေးတွေနဲ့ ဖွဲ့စည်းပြီး 
မျှင်ကလေးတွေဟာလည်း အဲဒီမှာ ဖွဲ့စည်းထားပြီး 
ကြောမကြီးတွေနဲ့ ဆက်ထားတော့ တစ်ကိုယ်လုံးအကြေ
တွေဟာ အဲသည်မှာ စုစည်းတယ်… နှင်းဖြူလက်ကို 
ခါလို့ တစ်ခုခုနဲ့ ခိုက်မိရင် အသည်းခိုက်အောင် မနာ
လား… ဒီအကြောကလေးတွေဟာ အာရုံကြောဆီတွ
ပေးတော့ သိပ်နာတာပေါ့… နှင်းဖြူကို ဒါတွေပြော
နားလည်မှာ မဟုတ်ပါဘူး နှင်းဖြူရယ်…”



“နားမလည်လည်း နားထောင်ကောင်းပါသယ်တော်”
“ဗလမင်းထင်လက်ကို သံရိုက်တော့ စိတ်က တင်းခံနိုင်ပေမယ့် အကြောတွေကတော့ တွန့်ခနဲဖြစ်သွားတယ်… အာရုံကြောကို ပေးပို့တော့ ခန္ဓာကိုယ်က တွန့်ခနဲဖြစ်သွားမှာပဲ… ဒါကို သတ္တိမရှိဘူးဆိုပြီး ပယ်လို့ဘယ်ဖြစ်မလဲ… ဒါပေမဲ့ ဟိုးတုန်းက ဘုရင်တွေက စာမတတ်ဘူး… ပညာမတတ်ဘူး… ဦးနှောက်စဉ်းစားဉာဏ်မရှိဘူး… တိုင်းပြည်အတွက် လူကောင်းတစ်ယောက်ကို လျှော့ပါးအောင် လုပ်လိုက်တယ်လေ…”
“ဘယ်လိုလုပ်တာလဲ…”
“ဗလမင်းထင်ကို သတ္တိမရှိဘူးဆိုပြီး ပယ်လိုက်တော့ အပွဲပွဲနွှဲလာတဲ့ တပ်မှူးက ဘာမဟုတ်တာကလေးနဲ့ လူရှေ့မှာ အပြောခံရတယ်ဆိုပြီး ရှက်လည်းရှက်… ဒေါသလည်း ထွက်တာပေါ့… ယောကျ်ားကလည်း ယောကျ်ားမဟုတ်လား… ဒီတော့ ဓါးထုတ် သူ့ဗိုက်ကိုခွဲ ထွက်လာတဲ့ အူတွေကို လူတစ်ယောက်ကို ကိုင်စေပြီး လှည့်ပတ်ပြေးလိုက်တာ အူလည်းဆုံးရော သူလည်းရှော… အဲ… အဲ… သူလည်းသေရော… ဒီတော့ မင်းတရားရွှေထီးက ဘာပြောသလဲသိလား… ဗလမင်းထင်ဟာ သတ္တိရှိတာ မဟုတ်ဘူး…

www.burmeseclassic.com

www.burmeseclassic.com



မိုက်ရူးရဲလုပ်တာတဲ့... မိုက်ရူးရဲတဲ့... ကိုယ်ကတော့ ဒီ... မတွက်ဘူး... ဗလမင်းထင်ဟာ အရက်ကိုအသက်နဲ့... သွားတာပဲ... ”

“နှင်းဖြူသိပြီ... ကိုရင့်ကို ကိုရင်ဖုန်းလူက ခါးက... ပြောတော့ ကိုရင်က မကစားလိုဘူးဆိုတာ ပြန်ပြော... ရက်လို့ အသက်နဲ့လဲလိုက်တာပေါ့... ”

“မှန်လိုက်လေ နှင်းဖြူရယ်... ကိုယ့်အသက်သာ အ... သွားမယ်... သတ္တိမရှိဘူးလို့တော့ အပြောမခံချင်ဘူး...

“အို... အစ်ကိုရယ်... ”

သည်တစ်ခါတော့ နှင်းဖြူက ကိုရင်လို့မခေါ်... ဘဲ အစ်ကိုလို့ပဲ ခေါ်သည်။ စနေ၏မျက်နှာကလေးကို ရှုန်း... စားစားကြည့်လိုက်၏။

ချစ်တယ်... အစ်ကိုရယ်။

စနေကလည်း နှင်းဖြူကို ရှုန်းတောက်သော ... လုံးအစုံနှင့် ကြည့်သိသည်။ ရင်ထဲမှာတော့...

“ငါ သူ့ကို မချစ်ရဘူး... သူဟာ ဒီတောထဲ တောင်... ဘယ်သူမှန်းမသိ... ငါ ခေါ်ရာကိုလည်း သူလိုက်... မဟုတ်ဘူး... ငါ့ ရင်မောဝေဒနာတွေကို ဆက်ခံ... တော့ မဖြစ်နိုင်တော့ဘူး... ”

သည်လို တွေးသည်။ နှုတ်မှတော့...

“နှင်းဖြူ... တို့ကို ဘယ်လိုခေါ်လိုက်သလဲ... ”

“အစ်ကိုလို့... ”

“ခေါ်လိုက်စမ်းပါ နှင်းဖြူရယ်... နှင်းဖြူ အဲဒီလိုခေါ်တာကို ကြားချင်ပါတယ်... နှင်းဖြူက တို့ညီမလေးပေါ့နော်”

အိမ်ရှေ့ခန်းတွင် သူတို့နှစ်ယောက်ပဲ ရှိ၏။ နေဝင်...ရောက်သော်လည်း ပလွေသံ၊ နွားခလောက်သံတွေ မကြားရ...ည ရွာတွင်းမှာ တိတ်ဆိတ်နေသည်။

နှင်းဖြူသည် သက်ပြင်းကလေးကို ချကာ ‘ခဏ...ဦးနော်’လို့ ပြောပြီး အိမ်အတွင်းခန်းထဲ ဝင်သွားသည်။

စနေက သူပြန်မည့်ရက်ကို စဉ်းစားသော်လည်း...ပြန်ချင်ဖြစ်နေသည်။ နှင်းဖြူတို့ရွာမှာပဲ နေလိုက်ချင်သည်။

နှင်းဖြူတို့ရွာသည် ဆီးနှင်းမြူငွေ့တွေ အမြဲမပြတ်...နေဖုံးနေသော ရွာဖြစ်၏။

နေရောင်တောင် တစ်ခါတစ်လေ မမြင်ရလောက်...အောင် သူရိန်နေမင်းကို အဆုံးရှုံးခံရသည့်နေ့တွေ ရှိသည်။

အင်းလေ... မပြန်ချင်လည်း ပြန်ရမှာပဲလေ။

မိမိမှာက မိဘနှစ်ပါးရှိသေးတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေချိန်မှာ နှင်းဖြူက သူ့အနားသို့ ပြ
ရောက်လာသည်။

"အစ်ကို..."

ခေါ်သံလေးကြောင့် သူလှည့်ကြည့်၏။ နှင်းဖြူ
သူ့ကို ပြုံးကြည့်၍...

"အစ်ကို့မြို့ကို အစ်ကိုပြန်မှာပဲ... ဟုတ်စ..."

သူစဉ်းစားတွေးတောနေတာကို နှင်းဖြူသိသွ
တာမို့ စနေအံ့အားသင့်သွားသည်။ ထိုမှ သက်ပြင်းကိုချ၍

"နှင်းဖြူရယ် အစ်ကိုမပြန်ချင်ပါဘူး... နှင်းဖြူနားမှာ နေ
တာ... အစ်ကို စိတ်ချမ်းသာပါတယ်... ဒါပေမယ့် အစ်
မှာ မိဘတွေရှိသေးတယ်... တစ်ခုတော့ ရှိတယ်... ကို
ပြန်ရင် နှင်းဖြူကို ခေါ်သွားမယ်... နှင်းဖြူလိုက်မယ်
ဟုတ်လားကွယ်..."

နှင်းဖြူက ခေါင်းကလေးကို ယမ်းပြလိုက်သည်

"နှင်းဖြူ မလိုက်နိုင်ဘူးလေ... သည်ရွာဟာ နှင်းဖြူရဲ့ရွာ
သည်တော သည်တောင်တွေဟာ နှင်းဖြူရဲ့နေရာ... နှ
ဖြူ ခွဲမသွားနိုင်ပါဘူး အစ်ကို... သူရို့ကလည်း နှင်းဖြူ
သွားခိုင်းမှာ မဟုတ်..."



စနေသက်ပြင်းချလိုက်သည်။ နှင်းဖြူအနားမှာ နေ
ရတာ ရွှန်းလဲ့အနားမှာ နေရတာနှင့်မခြားပါ။ နှင်းဖြူသည် ဘာ
ကြောင့် ရွှန်းလဲ့နှင့် လာတူနေရသလဲ။ ဟိုသေနာကောင် ရွှေဖုန်း
လူကကော ဘာကြောင့် ဇာနည်ဘိုနှင့် လာတူနေရသလဲ။

"အစ်ကို..."

"နှင်းဖြူ..."

"အစ်ကို သွားပြီဆိုသပ... နှင်းဖြူဆီ အစ်ကိုပြန်ရောက်
လာနိုင်တော့မှာ မဟုတ်ဘူးပ... ဒါပေသိ နှင်းဖြူလေ
အစ်ကို့ကို မျှော်နေမှာပဲ... အစ်ကိုအဝေးကို သွားရင် နှင်း
ဖြူဆိုသဲ့ သည်တောသူမက လွမ်းနေမှာပဲလေ... အစ်ကို
လည်း နှင်းဖြူကို အဝေးရောက်ရင် မေ့များမေ့မလား"

"နှင်းဖြူရယ်... တို့မမေ့ပါဘူး..."

"နှင်းဖြူကိုယ်စား သည်ဟာလေးကို အစ်ကို့ကိုပေးလိုက်
ချင်သပ... အစ်ကို နှင်းဖြူကို သတိရအောင် ယူထားလိုက်
နော်... နော်... အစ်ကို"

သူမက လက်ဝါးကလေးကို ဖြန့်လိုက်၏။ အဲဒါက
သူမရဲ့ ချစ်လက်ဆောင်ပေပဲလား။

လက်ဝါးလေးပေါ်မှာက နီရဲရွှန်းမြနေသော ပတ္တ
မြားလုံးလေး။ အလုံးက ငုံးဥလောက်ရှိပေမည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသာ နှင်းဖြူရဲ့ လက်ဆောင်ပဲပေ... အစ်ကို"

စနေ၏ လက်တစ်ဖက်ကို ကိုင်ဆွဲ၍ နှင်းဖြူ သူမလက်မှ ပန်းများကို ထည့်ပေးသည်။

"အစ်ကိုယူပါ..."

သူမအသံလေးက မသိမသာ တုန်သွားသည်။

စနေက ပန်းများကို ယူကြည့်သည်။ အင်မတန် အရည်အသွေးကောင်းသည့် လုံးချောပန်းများဖြစ်သည်။

"နှင်းဖြူရယ် ဒါလောက်အဖိုးအနဂ္ဃ ထိုက်တာ..."

"နှင်းဖြူမှာ ဘိုးဘွားပိုင်တွေ အများကြီး ကျန်ပါသေး တယ်... အစ်ကို့ကိုလည်း ပြလ...ှူးတာပဲ... ဒါနှင်းဖြူရဲ့ အမှတ်တရလက်ဆောင်..."

စနေကလည်း နှင်းဖြူကို တစ်ခုခုအမှတ်တရ ပြန် ပေးရမည်ကိုတော့ နားလည်သည်။

သူက သူ၏လည်တိုင်မှ ရွှေဆွဲကြိုးကို ဖြုတ်ကာ နှင်းဖြူလည်တိုင်လေးမှာ စွပ်ပေးလိုက်၏။

"နှင်းဖြူအတွက် အမှတ်တရပစ္စည်းက ဒါပဲနှင်းဖြူ... နှင်း ဖြူဆွဲထားပါနော်... သည်ဆွဲကြိုးလေးဟာ ကိုယ့်အသည်း နှလုံးနဲ့ ကပ်နေတဲ့ အရာကလေးပါ... နှင်းဖြူလက်ခံမယ် မဟုတ်လား..."



နှင်းဖြူက ဆွဲကြိုးကလေးကို ကိုင်ကြည့်ကာ ခေါင်းကလေးကို ညိတ်ပြသည်။ တယုတယပင် ဆွဲကြိုးကလေးကို ကြည့်၏။

စနေ ဘယ်ရက်ပြန်မည်ကို မသတ်မှတ်ရသေးခင်မှာပင် ပြဿနာက ပေါ်လိုက်သေးသည်။

နှင်းဖြူဆွဲကြိုးလေးဆွဲထားတာကို ရွှေဖုန်းလူက မြင်သည်။ ထိုဆွဲကြိုး ဘယ်သူ့ဆွဲကြိုးဆိုတာကိုလည်း သိသည်။

ဒါကြောင့် ရွှေဖုန်းလူက နှင်းဖြူအိမ်ဖြင့်တွင် တစ်ဦးချင်းတွေ့ရတော့ မလိုမုန်းတီးသံနှင့်

"ရှင်နှင်းဖြူ... နင်ဟာ တစ်နယ်သားကိုမှ အရေးပေးချင်သယ်ပေါ့... ဟုတ်စ..."

"ကိုရင်ဖုန်း အကျွန်က ဘာဇာလုပ်လို့လဲ..."

"ရို... ဘာဇာလုပ်လို့လဲ... မေးတာကတော့ ဟုတ်ပများ ခင်ဗျလည်တိုင်ပဲ ခင်ဗျားပြန်ငုံ့ကြည့်စမ်းပါဦး... ဟင်း... မပြောလိုက်ချင်ဘူးနော်... လည်တိုင်မှာ ရွှေထွက်နေပြီ ဒါ အသူပေးတာလဲ... ဟိုဗိုင်းတာမသား မြို့သားကောင် မဟုတ်လား..."

"အသူပေးပေး ကိုရင်ပြောစရာမလိုဘူးပဲ..."

www.burmeseclassic.com



"လက်ဆောင်ပေးသယ်ဆိုတာ ချစ်လို့ပေးသဟာပဲ ပြော ဟာ... နှင် ဒီမြို့ကောင်နဲ့ ချစ်နေကြပြီပေါ့လေ..."

"ကိုရင်... ကိုရင်အဘိဓမ္မာစိတ်ညစ်နဲ့ စွပ်စွပ်စွဲစွဲနဲ့ မပြောပါ နဲ့..."

"ဗျို့... ကျုပ်ယူမယ့် မိန်းမကို ချင်းတစ်နယ်သားက လာ ကြိုက်နေသဟာကို ကျုပ် သည်အပေါက်ကြီးက ဝိတ်ထား ရတော့မလား... အမိငယ်စဉ်းစဉ်းစားစားလည်း ပြောပါဦး နော်..."

"ရှင်နဲ့ စကားပြောရတာ အပေါက်အလမ်းမတည့်ဘူးဟေ့ ကျုပ်သွားမယ်..."

ပြောလည်းပြော အိမ်ထဲဝင်ရန် နှင်းဖြူက လှည့် လိုက်သည်။ ရွှေဖုန်းလူက မြန်သည်။ နှင်းဖြူလက်လေးကို ဖမ်း ဆွဲ၍...

"ရှင်ဖြူငယ်... ကျုပ်ရှင်ဖြူငယ်ကို ချစ်တယ်... တစ်ပါးသူ လည်တိုင်ကြီးက ရှင်ဖြူငယ်လည်တိုင်မှာ ရောက်နေမယ် ဟာကို ကျုပ်မလိုလားဘူး... အခုဆွဲချွတ်ပါ..."

"အံမယ်တော်ရေ... မွေးမေ့လေးစကား... မွေးဖေ့လေး စကားကျနေတာပဲ... ကျုပ်က ဘောက်မွဲကြောင့် ချွတ် မှာလဲတော့ တော်မရိုင်းနဲ့..."



"ကျုပ်မရိုင်းဘူး... ကျုပ် ချစ်သဟာ... ကျုပ်ရှေ့မှာ ဒီလည် တိုင်ကြီးမဆွဲနဲ့... ဆွဲရင် ကျုပ်မကြိုက်ဘူး..."

"မကြိုက်ရင် ရွာပြင်ထွက် ငရဲကိုသွား..."

"ရှင်ဖြူငယ်... မင်း"

စိတ်ပေါက်လက်ပေါက်ရှိလှသည်။ ရွှေဖုန်းလူက နှင်းဖြူလည်တိုင်မှ ဆွဲကြိုးကို လှမ်းဆွဲဖြုတ်လိုက်သည်။

နှင်းဖြူက သူ့ထက်မြန်သည်။ ကိုယ်ကလေး ယို့ ကာ ရှောင်တိမ်းလိုက်သည်။

ရွှေဖုန်းလူပါးကို ဖြန်းခနဲချလွှတ်လိုက်သည်။

"ဟင်... ဟင်... နှင်..."

ရွှေဖုန်းလူ ဒေါသအိုးပေါက်ကွဲသွားရသည်။ နှင်းဖြူ ကိုလွှတ်၍ သူ့ဘေးတွင် ကန့်လန့်ဖြတ်လွယ်ပိုးထားသော ဓါးအိမ် မှ ဓါးကို ရှမ်းခနဲဆွဲထုတ်လိုက်သည်။

"အလိုတော်... တော်က ကျုပ်ကို ဓါးနဲ့ခုတ်မလို့ပေါ့လေ... တော်က ယောက်ျားရင့်မာကြီးပါ... ခုတ်လေ... ခုတ်စမ်းပါ"

နှင်းဖြူငယ် သတ္တိမည့်။

ရင်ကလေး ကော့ကာဟစ်ကြွေးသည်။

"ဗိုင်းတာမ... နင်ဇက်ကောင်းလို့ ဓါးတောင်းသပ..."

www.burmeseclassic.com

www.burmeseclassic.com



"ဇက်ကောင်းသဟာ မဟုတ်ဘူး ကိုရင်… ဇက်ညောင်းနေတာ… ကိုရင့်ကို ကြည့်ရတာဟာ ဇက်ညောင်းပါဘိ… ခုတ်လေ… ခုတ်စမ်းပ… ကိုရင်ဇာ မိန်းမကို သတ်ရဲတဲ့သူရဲကောင်းကြီး… "

ဒေါသတကြီးနှင့် သူတို့ရွာလမ်းပေါ်မှာ စကားများနေကြ၏။ ရွှေဖုန်းလူက ဓါးကြီးတရွယ်ရွယ်။

ကောင်မလေးက ဖာတ်ခင်းပြီး ခေါင်းတထိုးထိုး။

"ဟင်းနော်… မိန်းမမို့ သည်းခံရသဟာပ… သယ်လေ… ငါမထိန်းနိုင် သေရော့မယ်… "

"အကျွန်ရှိဘဝဟာ သေပြီးလည်း ငရဲနဲ့အသူရကာယ်ပဲ… ခုတ်ပလေ့… ခုတ်"

"နင့်ဒါလောက် သေချင်ရင် နင့်ဓါးကို သွားယူခဲ့ ရှင်ဖြူငယ်… နင်လည်း ဓါးရေးညံ့သဟာမှ မဟုတ်သဟာဘဲ… အဲသည်တော့မှ နင့်ခေါင်းကို ငါဖြတ်ပြမဟာ… "

"ယူသယ်… ယူသယ်… "

နှင်းဖြူက စွာသည်။ သတ္တိရှိသည်။ ဒေါသရှိသည်။ အိမ်ပေါ်တက် ဓါးဆွဲတော့၏။

"ဟာ… နှင်းဖြူ… ညီမလေး ဘယ်လိုဖြစ်တာလဲ… "



စနေက မြင်တော့ နှင်းဖြူကိုဆွဲသည်။ နှင်းဖြူက ဒေါသနှင့် သယ်လေ… အကျွန့်ကို ဓါးနဲ့ခုတ်မလို့သဲ့ အစ်ကိုရဲ့… သည်မိန်းမသတ္တိဆိတ်စာမရှိဘူးများ မှတ်နေသလားပ… အခုအကျွန့်အကြောင်း သိစေရမယ်… "

"မလုပ်ပါနဲ့ နှင်းဖြူရယ်… ပေး… ပေး ဓါး… "

စလူပူးဓါးကို သူမလက်ထဲမှ စနေက လုယူ၏။ နှင်းဖြူက မဖယ်ပါ။ ဂါထိန်သော မျက်နှာမှာ ဒေါသကြောင့် ပြူးပြဲပြဲဖြစ်နေသည်။

နှင်းဖြူ ဘယ်လောက်သန်သလဲဆိုတာ အခုမှ သိရတော့၏။ စနေထွန်းဓါးလုနေသည့် ကြားမှထွန်းဖယ်ရုန်းကန်ထွက်သွားသည်။

အိမ်ပေါ်မှ ပြေးဆင်းသွားသည်။

စနေက နှင်းဖြူ… နှင်းဖြူဟု ခေါ်ရင်းပြေးလိုက်သွား၏။

ရွှေဖုန်းလူက ဓါးစင်းစောင့်နေသည်။

"ကျူပ်လာပြီး ရွှေဖုန်းလူရေ… "

ပြောလည်းပြော ပင်ပျို့ပြတ်စလွယ်ဓါးချက်နှင့် နှင်းဖြူက စဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖုန်းလူက ခြေကိုရှေ့တစ်ကွက်ခင်းပြီး စလွယ်ခါးကို သူ့ခါးနှောင့်နှင့် ဆီးခံ၏။

"ချင်း…"

သံကို သံချင်းထိသည်။ မီးပွင့်သွားသည်။

"နှင်းဖြူ မလုပ်နဲ့ ဒီလူကို တို့ရှင်းမယ်…"

"အစ်ကို မပါနဲ့… ချင်းကို ဒီလောကမှာ အရှင်မထားဘူး"

နှင်းဖြူက ဟစ်ကြွေးပြီး ဆက်ရက်ခုန် ဆက်ရက်ဖစ်ခြေလှမ်းများနှင့် ဓါးချက်တွေကို စကောပြတ်၊ စွန်ဘုတ်ထိုး၊ ဘယက်လည်လျှောက် ဆက်သွင်းသည်။

သည်ဓါးတွေကို ရွှေဖုန်းလူက ဖျက်သည်။

ဖျက်ရင်းမှ နှုတ်မှလည်း "အစ်ကိုတောင် ဖြစ်နေပါပေါ့လား… နင်ရို့က အခြေအတော်ရောက်နေမင့်ကို… ကောင်မသစ္စာမရှိတဲ့ ကောင်မ… သေဖို့သာပြင်ဟာ…"

သူကလည်း နှင်းဖြူကို ဆက်ဆက်ခုတ်သည်။

ဓါးနှစ်လက်၏ သွက်လက်ပုံက ဓါးကိုမမြင်၊ ရှောင်တိမ်းနေသော ကိုယ်သဏ္ဍာန်တွေကိုပဲ မြင်နေရ၏။

နှစ်ယောက်လုံးမှာသွက်လက်ဖျတ်လတ်ကြသည်။ လျင်မြန်ကြသည်။ နှင်းဖြူကို ဓါးရေးမကာစားတတ်သော မိန်းကလေးတစ်ယောက်လို့ စနေထွန်းထင်ထားခဲ့တာ မှားသည်။



နှင်းဖြူ၏ အတက်အဆုတ်၊ အရှောင်အတိမ်း၊ လက်ယူလက်ဆ၊ ဓါးသွင်းဓါးနုတ်မြန်တာ စနေ့တစ်သက် သည်တစ်ခါပဲ တွေ့ဖူးသည်။

သူက လူနှစ်ယောက်၏ဓါးပွဲကြားကို မဝင်ရပါ။

အသာပဲ ရပ်ကြည့်နေသည်။

လူနှစ်ယောက် ဓါးချင်းယှဉ်ပူး၍ တစ်ယောက်အကဲ တစ်ယောက်စမ်းကြသည်။

တစ်ယောက်အတွင်းအား တစ်ယောက်ပြိုင်ကြ၏။

နှင်းဖြူကို ရွှေဖုန်းလူက တွန်းထုတ်လိုက်သည်။ နှင်းဖြူနောက်ကို ဆုတ်သွားသည်မှာ မြေကြီးနှင့် ခြေမထိဟု ထင်ရလောက်အောင် ပေါ့ပါးလွန်းသည်။

နှင်းဖြူက ကိုယ်ကိုယ်ယို့ပြီး ဓါးကို ဆင်စွယ်ပြခင်းသည်။

ရွှေဖုန်းလူက မီးတိုင်ပြခင်းသည်။

ဓါးရေးယှက်ငင်ပွဲဝင်ချိန်မှာ သတိမလစ်ဟန်ရေးသိပ်လျှစ်တာဆစ်တာလျှား ဓါးသွားဝါးဖို့ ပြင်နေကြရဲ့။

ကောင်းပ။

အမျိုးသမီးတွေ အစွမ်းပြတယ်ဆိုတာ သည်လိုမျိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



စနေက ဘာမပြောညာမပြော လက်ခုပ်တီးသည်။ ပါးစပ်ထဲ လက်ကွင်းထည့်မှုတ်လိုက်သည်။

"ချကွ... ချပေး... နှင်းဖြူတဲ့ဟေ့..."

သက်သက်ကို အားပေးလိုက်ချိန်မှာ ကိုယ်ကာယ နှစ်ခုလုံးက မြေပြင်ပေါ် ပျံ့ဝဲလာသည့်အသွင်ပြေးလာပြီး ခုတ်ကြ ထစ်ကြသည်။

ဒေါသတရားတွေ ဆောင်ကြတာမို့ ဓါးတွေက လည်း တစ်ခုနှင့်တစ်ခု ဓါးချင်းဒေါသနှင့် ချွင်ခနဲ ချွင်ခနဲနှုတ်ဆက် ကြသည်။

လူနှစ်ယောက်၏ လှုပ်ရှားမှုမှာ ဖြူဖြူသဏ္ဍာန် အဖြစ်မြင်ရပြီး ဓါးသွားချင်းထိပုံတောင် မမြင်လိုက်မိ။

စနေမှာ ရင်တမမ။

သည်ပွဲကို သူက သေချင်သေပါစေ။

နှင်းဖြူကိုယ်စား ဝင်လိုက်ချင်၏။

သို့သော်... နှင်းဖြူက အဝင်ခံမည် မဟုတ်။ သည် မည့်သည့် မိန်းကလေး။ ဓါးရေးကြွယ်သည့် မိန်းကလေး။

သဏ္ဍာန်နှစ်ခုလုံး ရောထွေးခုတ်ထစ်ကြပုံက ေ ထဲ ပျံနေသလား ထင်ရသည်။

"အား..."



အသံနက်နှင့် အော်လိုက်သံ။

ဓါးသွားက ရွှေဖုန်းလူ ပခုံးတစ်ဖက်ကို ထိသွား၏။ နှင်းဖြူဓါးသွား ဝင်ကစားသွားသည်။

ပခုံးသားကြီးတစ်ဖက် ဘတ်လပ်ကြီးကျနေ၏။

အံ့သြစရာမှ အံ့သြစရာ။

အဲသည်အသားဘတ်လပ်ကြီးကျနေသည့် နေရာ မှ သွေးတစ်စက်မှ ထွက်မလာ။

စနေ အံ့သြစိတ်တုန်လှုပ်စိတ်နှင့် ငေးမောနေမိ၏။

"အကျွန်အကြောင်း ကိုရင်သိတယ်နော... နောက်တစ်ခါဆို အသည်းထဲပဲ..."

ဓါးကို သက်တန့်ရေသောက်ခင်းထားရင်း နှင်းဖြူ က အော်ပြောသည်။

ရွှေဖုန်းလူ ဆက်မဝင်ရဲဘဲ ဓါးကိုဝက်စွယ်ပြခင်း ရင်း အံကြိတ်ကိုကြိတ်ထား၏။

သင်း... ရှင်နှင်းဖြူသည် ရွာမှာဓါးရေးထိပ်ရောက် နေတာကို သူကိုယ်တိုင် အသိပဲ။

ဒါကြောင့် ရှင်နှင်းဖြူ ဩရွာတွင် ကြေးထင်ကြီး ဖြစ်နေတာပေါ့။

"ကိုရင် ဝင်လေ..."

www.burmeseclassic.com

www.burmeseclassic.com



မထေမဲ့မြင်ပင် နှင်းဖြူကပြောသည်။ ရွှေဖုန်းရ စိမ်းစိမ်းကြည့်ရာမှ သတ်လုပ်ကြီးတွဲကျနေသော သူ့ပခုံးသားရဲ ကြီးကို ကျန်လက်တစ်ဖက်နှင့် ကောက်တင်ပွတ်သပ်လိုက်သည်

ဗုဒ္ဓေါ။

ပခုံးတစ်ခုလုံး သွေးတစ်စက်မှမထွက်ဘဲ ဒဏ်ရာ က အကောင်းပကတိဖြစ်သွားသည်။

"တစ်နေ့ နင်သိမယ်... နင်ရော နင့်အကောင်မိုင်းဖော သားပါ သတိထား..."

ပြောလည်းပြော ထွက်လည်းထွက်ပြေးသွားခ ကြောက်လို့ပြေးသလား။

ရှက်လို့ပြေးသလား။

စနေထွန်း မသိပါ။

*****



## ဇာတိလမ်းစဉ် ၈

"ရွာထဲမှာ ရွှေဖုန်းလူ မရှိတော့ဘူး နှင်းဖြူ..."

"ကြားသယ်... အစ်ကို ရှင်းအေးကျွန်နဲ့ ခါးပွဲဖြစ်ပြီးကတည်း က ခါးပွဲမှာ သူအရေးနိမ့်သွားလို့ ရှက်ရှက်နဲ့ ထွက်သွား ပြီဆင်သယ်..."

"သူက နှင်းဖြူကို လက်ထပ်မှာလား..."

ရွာပြင်ဘက် တောင်ခြေတစ်နေရာတွင် စနေနှင့် နှင်း တို့တစ်ရပ် စကားပြောနေမိကြသည်။

စနေလည်း ပြန်တော့မည်။

www.burmeseclassic.com



သူပြန်မှာကို နှင်းဖြူအား မပြောရက်အောင် ဖြစ်
နေသည်။ မနက်ဖြန်ဆို သူပြန်တော့မှာ။

"သူက အကျွန်ကို လက်ဆက်ချင်နေသာပ… အကျွန်က
တော့ သူ့ကိုဆိတ်စာမှ မကြိုက်ပေါင်… မေတ္တာက အချည်း
နှီးပါ… "

"မကြိုက်ရင် စကတည်းက မကြိုက်ဘူး… လက်မထပ်နိုင်
ဘူးလို့ ပြောလိုက်ပါလား နှင်းဖြူရယ်… "

"အစ်ကို မသိပါဘူးနော်… သည်ရွာမှာ သူကလူကြမ်းကြီး
အစ်ကိုရဲ့ သူ့ကို လူတွေက ကြောက်ကြရသယ်… စိတ်
ထင်ရင် ချင်းက ရွာကလူတွေကို သတ်ပစ်တာ… "

"နှင်းဖြူက ကြေးထမ်းကြီးပဲ မပြောဘူးလား… "

"နှင်းဖြူက အလိုက်အထိုက်ပဲ နေချင်သာပ အစ်ကိုရဲ
တစ်ခါကလည်း လူတစ်ယောက်ကို သူသတ်ပစ်ပြန်တာ
အဲဒီလူက သိပ်သနားစရာကောင်းသဟာပဲလေ… သူ
ရွာပြင်မှာတွေ့ရတာလေ သူကအားလည်း မရှိဘူး… 
ဖျားလည်း မိနေသယ်… သူက ဟိုခါးကုန်းကြီးတောင်ခြေ
နားမှာ ရွှေလာတူးတာသွဲလေ… အဲဒါ ကိုရင်ဖုန်းလူ
နယ်ကျူးသယ်ဆိုပြီး သတ်ပစ်လိုက်ရော… နှင်းဖြူရှိ တာ



တာတောင် မရဘူး အစ်ကို… "

"ရွှေလာတူးတာ… "

စနေ စဉ်းစားသည်။ ခင်မောင်ဆွေပြောတာ ပြန်
သတိရသည်။

လူခြောက်ယောက် ခါးကုန်းကြီးတောင်ခြေနားမှာ
ရွှေတူးတော့ သေသူသေ ရူးသူရူးဖြစ်ကုန်သည်။

တစ်ယောက်က တောထဲဝင်ပြေးရာကမှ ပြန်မ
လာဟု ဆိုသည်။

ဒါဆို ရွှေဖုန်းလူသတ်ပစ်တာ အဲသည်လူပဲဖြစ်နိုင်
သာပေါ့။

"ဒီ ရွှေဖုန်းလူဟာ တော်တော်ရက်စက်တာပဲ… ကိုယ်တို့
ဆီမှာဆို ရဲကဖမ်းပြီပေါ့… "

"ရဲဆိုတာ ဘာဇာလူလဲ… "

တောထဲနေပြီး လူတွေအကြောင်းနားမလည်၊ လူ
တွေအကြောင်း မသိသော သည်မိန်းကလေးကို စနေက ရဲဆိုတာ
ဘာဆိုတာကို ရှင်းပြရပြန်၏။

"ဘာပဲဖြစ်ဖြစ် သည်လူဟာ လူသတ်သမားပဲ လူတွေကို
သတ်နေတာ လက်ပိုက်ကြည့်နေလို့ မရဘူး… "

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဘာဖြစ်မလို့လဲ... သူနဲ့ အစ်ကိုယှဉ်လို့မရဘူး
လေ... သူက"

တစ်စုံတစ်ခု ပြောမည်ပြုပြီးမှ နှင်းဖြူပါးစပ်ပိတ်
သွား၏။

"မယှဉ်နိုင်လည်း ယှဉ်မယ်လေ... နှင်းဖြူတောင် ယှဉ်
သေးတာပဲ... နှင်းဖြူကော ခါးကျွမ်းတယ် ခနော်..."

"နှင်းဖြူခါးက ပွဲကျွင်းခါးမဟုတ်ဘူး... အဘသင်ပေး
ခဲ့သဲ့ ခါးပါ... အဘက သည်နယ်တရိုးမှာ ခါးအရှင်ပဲ
ကုလားဖြူတို့ တိုက်ခဲ့သဟာလည်း အဘပဲ... နှင်းဖြူ
လည်း..."

ပြောပြီး နှင်းဖြူစကား ဖြတ်သွားသည်။ ပြီး
စကားကို ပြင်သည်။

"နှင်းဖြူရှိလည်း ဒီရွာမှာပဲ ဆက်နေကြသဟာပါပဲ..."

"ကိုယ့်စိတ်ထဲ အံ့သြနေတာ ရှိတယ်..."

"ဘာလဲ..."

"နှင်းဖြူက ခါးနဲ့ခုတ်လိုက်တာ ရွှေဖုန်းလူကြီးကို ထိ
တယ်လေ... ခါးထိရင် ဒဏ်ရာသွေးထွက်ရမယ် မဟုတ်
လား... ကိုယ့်ဒဏ်ရာကိုကြည့်... အဲဒီဒဏ်ရာက သွေး



ခဲ့သေးတာပဲ... ရွှေဖုန်းလူဒဏ်ရာဆို နည်းနည်းနောနော
မဟုတ်ဘူး... အဲဒီဒဏ်ရာက အသားဖတ်တောင် လန်ကျ
ခဲ့တာ... သွေးတစ်စက်မှ မထွက်တာ အံ့ရော... ပြီးတော့
အဲသည့်အသားဖက်ကြီးကို သူနေရာသူပြန်တင်ပြီး လက်
နဲ့ သပ်လိုက်တာ တစ်ခါတည်း အကောင်းဖြစ်သွားတယ်...
ရွှေဖုန်းလူဟာ လူမှဟုတ်ရဲ့လား..."

"လူပါပဲ အစ်ကိုရဲ့... ဒါပေသိ သူမှာ သိဒ္ဓိတစ်မျိုးပေါက်
နေတယ်ဆိုတာ အစ်ကိုမှသိပဲကိုး..."

"ဘယ်လို..."

"သူမှာ ကာယသိဒ္ဓိပြီး ဆေးရှိသပ အစ်ကိုရယ်... အဲဒီ
ကာယသိဒ္ဓိကို သူဘယ်လိုရလာမှန်း မသိဘူးလေ အဲသည့်
ဆေးကြောင့် သူ့ကိုခုတ်လို့ပြုလို့ မရဘူးလေ... အဲဒါပဲ"

ခပ်ပေါ့ပေါ့ပင် နှင်းဖြူကဆိုစေကာမူ မျက်လုံး
တွေကတစ်ခုခုကို စိုးရိမ်ပူပန်နေသည်။ ယင်းမျက်လုံးများ၏ အရိပ်
သကေတကို စနေထွန်းမရိပ်မိပါ။

"ရွှေဖုန်းလူကို နှင်းဖြူကြောက်သလား..."

"ဘောက်မဲ့ကြောင့် ကြောက်ရမှာတုန်းဟော်... အဲရွှေနဲ

www.burmeseclassic.com



လည်း အကျွန်ုပ်ဖာသာနေတယ်... သူလည်းသူ့ဟာသူပဲ ဟာ... ”

“မဟုတ်ဘူးလေ... တစ်နေ့ သူ့ကိုနှင်းဖြူယူရမှာ... ”

“မယူနိုင်ပေါင်တော်... အစ်ကိုက လွဲပြီး သည်ဘဝမှာ ခံရ သလဲ... ဖွဲ့နဲ့ ဆန်ကွဲ... ”

ပြောကာ နှင်းဖြူရယ်သွားသည်။

ရင်တွင်းစကားလေး ကျုံထွက်သွားပါရောလား။

စနေသည် သူ့အပေါ် နှင်းဖြူခိုက်နေပြီကို နားလည် သဘောပေါက်ထားသည်။

သာမန် ယောကျ်ားတစ်ယောက်ဆိုလျှင် နှင်းဖြူ ပြောလိုက်ရုံနှင့် နှင်းဖြူ၏ယ်စကားထဲ ချော်လဲရောထိုင်ပြီး သူမ၏ ခန္ဓာကိုယ်၊ သူမ၏အချစ်တွေကို သိမ်းယူလိုက်ရုံပဲ။

စနေထွန်းမှာ သည်လိုယောကျ်ားစားမျိုး မဟုတ် ပါ။ သူက တစ်ဘဝတွင် ရွှန်းလဲ့ကို ချစ်ခဲ့သမျှ ထိုအချစ်ကိုပေးဖို့ လူစားမရှိပါ။

သို့တစေ နှင်းဖြူနှင့်တွေ့သောအခါ ရွှန်းလဲ့ကို သတိရ၏။ ရွှန်းလဲ့ကို ချစ်သည့်စိတ်နှင့် နှင်းဖြူကို အစားထိုးမ ချစ်ချင်ပါ။



နှင်းဖြူက စနေကို ငေးကြည့်နေ၏။

စနေက အထက်ကိုမော်ကြည့်သည်။

ဖြူလွသောနှင်းခိုးဖြူတိမ်သို့ အာကာသယ်တွင် ဈေ့ဝဲ နေကြဆဲ။

“နှင်းဖြူအတွက် တို့မျှားစိုးရိမ်တယ်... ”

သူ့အသံက နှင်းဖြူပြောစကားကို မသိသလိုလို။

“နှင်းဖြူ ကလေးမှ မဟုတ်တာ... ”

“နှင်းဖြူကို ရွှေဖုန်းလူက အနိုင်ကျင့်တော့ ဘယ်လိုလုပ်မ လဲ... ”

“မပူပါနဲ့ အစ်ကိုရယ်... နှင်းဖြူအကြောင်း အစ်ကိုသိပါ သယ် ဟုတ်စ... ချင်းခေါင်းပြုတ်သွားမှာပေါ့... ”

“မဟုတ်သေးဘူးလေ... နှင်းဖြူ လူမှာဖြောင့်တဲ့လူကို သူ ဘာလုပ်ရင်ဘာလုပ်တယ်ဆိုတာသိရတယ်...ကွေ့ကောက် တဲ့လူကျတော့ သူ့ကောက်ကျစ်မှုကို မသိရဘူးလေ... ရွှေ ဖုန်းလူက နှင်းဖြူကို တွေ့တွေ့ဆိုင်ဆိုင် ရင်မဆိုင်ဘဲ ကောက်ကျစ်မှုနဲ့ ကွယ်ရာက လုပ်မှာကို ပြောတာပါ... ”

“အင်း... အစ်ကို ပြောတာဟုတ်သပ... နှင်းဖြူ ‘အ’လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတီတော့မလေး… မှတ်သည်… ဟုတ်ပါသယ်… ရွှေဖုန်းရှ

က လှူကောက်ဆိုတော့ရော… အင်း…"

နှင်းဖြူမျက်လုံးကလေးမှိတ်စဉ်းစားလိုက်သည်

နောက်မှ မျက်လုံးကလေးတွေ ပြန်ပွင့်လာပြီးတော့…

"ဟုတ်ပင်နော်… နှင်းဖြူခုထိတော့ကို မစဉ်းစားမိခဲ့ဘူး… သ

ဟာဆိုရင် ဘာလေလုပ်ရင် ကောင်းကြမှာလဲ… အစ်ကို"

"သူကို ကိုယ်နဲ့နှင်းဖြူ လိုက်ရှာပြီး ရှင်းလိုက်ကြစို့ရဲ–"

"ရှင်းတယ်ဆိုသဟာ ဘာလဲ… အစ်ကို့စကားက…"

"သြော်… ရှင်းတယ်ဆိုတာက သတ်ပစ်လိုက်တာပဲ… ကိုယ်

တို့ခေတ်စကားတွေက ဒီလိုပဲပြောကြတာပဲလေ…"

"ရယ်စရာကြီးနော်…"

"ဘာရယ်စရာလဲ…"

"သြော်… အစ်ကိုရို့ ခေတ်မှာပြောသဲ့ စကားတွေက မြ

မာစကားလည်း မြန်မာစကားပေမင့် တစ်မျိုးကြီးပါ…

ရယ်စရာကြီးပါ…

"အဲဒါ တိုးတက်မှုခေါ်တယ် မချောရဲ့…"

"လုပ်ပြန်ပြီးကော်လေ… အကျွန်နာမည် မချောမဟုတ်ပါ

ဘူး… နှင်းဖြူငယ်ပါ…



ကျွန်ုပ်ယောက်နှင့် တစ်ယောက် မြန်မာဖြစ်ပါလျက်

ပြောသောစကားတွေ ကွဲကွာမှုကြောင့် ရယ်စရာတွေပါ။

ကျွန်ုပ်တို့နှစ်ယောက် ရွှေဖုန်းလှူကိုလိုက်ရှာမှီသဘော

တူလိုက်ကြသည်။

"နေ့မှာတော့ မရှာဘူး… ညမှာ ရှာမယ်…"

သူမ၏ ဆန္ဒကို နှင်းဖြူငယ်က လက်ခံချုံးလိုက်

သည်။

"ကောင်းပါတယ်… ညဘက်ဆိုရင်တော့ ရွှေဖုန်းလှူကို တွေ

ချင်တွေ့နိုင်တယ်… နေ့ဘက်မှာ သူက မှိန်းမှာ…"

သည့်စကားကိုစနေဘာကြောင့် ပြောလိုက်မိသည်

မသိ။

အိမ်ရောက်သောအခါမှာ နှင်းဖြူက ပစ္စည်းနှစ်ခု

ထုတ်ပေးသည်။ စနေထွန်း ပတ်ထားခဲ့သော လက်ပတ်နာရီနှင့်

လက်နှိပ်ဓါတ်မီးဖြစ်သည်။

သူမက အဲသည့်ပစ္စည်းတွေကို ရွှေဖုန်းလှူဆီမှယူ

ကာ သိမ်းဆည်းထားသည်။

"အဲဒါ ဘာတွေလဲ အစ်ကိုရဲ့…"

"ဒါက လက်ပတ်နာရီ… နာရီဆိုတာ အချိန်ကိုကြည့်တာပဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီ… နှစ်နာရီစသည်ပေါ့… နှင်းဖြူ ဒါတောင်မသိဘူးလား…”

“နှင်းဖြူရှိ သည်တော့ သည်တောင်ထဲမှာနေသဟာ အစ်ကိုရဲ့… ဘယ့်ကလိုလုပ်ပြီး သဟာတွေသိမှာလဲ… ကြည့်ရတာ ကုလားဖြူလုပ်နဲ့ တူပါသယ်…”

“အင်း… ကုလားဖြူမကောင်းဘူးဆိုတာ သိပေမယ့် ဒီကနေ့ခေတ်အသုံး အဆောင်တွေ လူနေမှုစနစ်မှာ ပြောင်းလဲတိုးတက်လာတာ သူတို့ကမဲ့ စတင်တီထွင်ပေးခဲ့ကြတာပဲ နှင်းဖြူရှိ ဒီတောထဲနေသမျှ လူရိုင်းတွေဖြစ်ပြီး လိုက်မမီတော့ပါဘူး… ဘာဖြစ်လို့ ဒီလိုနေရတာလဲ… တံခါးပိတ်ထားသလိုပဲ… အိမ်တစ်အိမ်ဟာ တံခါးပိတ်ပြီး ကိုယ့်ဟာကိုယ်နေလို့မရဘူးလေ… ပတ်ဝန်းကျင်နဲ့ ဆက်သွယ်ရတယ်… ဒါမှ တိုးတက်မှုရှိမှာပေါ့…”

စနေ့စကားတွေကို နှင်းဖြူသဘောမပေါက်ပါ။ ဒါပေမယ့် လိုရင်းကိုတော့ ပြောသည်။

“လူတွေနဲ့ မနေလို့မရလို့ပေါ့… ထားလိုက်ပ… အဲသဟာကတော ရှည်ရှည်မည်းမည်းကြီး…”

“ဒါက လက်နှိပ်ဓါတ်မီးခေါ်တယ်…မီးတုတ်လိုပဲ…အမှောင်ထဲမှာ မီးလင်းတာ…”



ပြောပြီး လက်နှိပ်ဓါတ်မီးကို ဖွင့်ပြလိုက်သည်။

“အလိုတော်ဟုတ်ပါရဲ့…မီးလင်းသတော့…ဒါကောကုလားဖြူလုပ်သလား… ဟုတ်စ ကိုရင်”

“မူရင်းကတော့ ကုလားဖြူပေါ့… နောက်တော့ ကမ္ဘာမှာရှိတဲ့ နိုင်ငံအချို့က ကုလားဖြူပစ္စည်းတွေကို အတုယူလုပ်လာကြတယ်… တို့နိုင်ငံမှာလည်း ဒီလိုပဲလုပ်လာကြတာ တိုးတက်ဖြစ်ထွန်းလာတာပဲ…”

“ကုလားဖြူတွေကို ကျေးဇူးတင်ရမလို ဖြစ်နေပြီလေ”

“ဒီကောင့်တွေ အလကားကောင်တွေပါ… ကမ္ဘာမှာ အမြဲတမ်း သူများနိုင်ငံတွေကို အနိုင်ကျင့် ကျူးကျော်ဖို့စဉ်းစားနေတဲ့ကောင်တွေ… လူ့အသုံးအဆောင်ပစ္စည်းတွေ တီထွင်နိုင်သလောက် လက်နက်ကိုလည်း တီထွင်တယ်… အခုနှင်းဖြူတို့ကိုင်နေတဲ့ဓါးဟာ နှစ်ပေါင်းတစ်ရာကျော်လောက်နောက်ကျ ကျန်ရစ်ခဲ့ပြီ… ဒီကောင်တွေကို ဓါးနဲ့ခုတ်လို့ရတဲ့ ခေတ်မဟုတ်တော့ဘူး… မြန်မာ့ဓါး ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ပြောလို့ရတဲ့ကောင်တွေ မဟုတ်တော့ဘူး အထက်မြက်ဆုံး သေနတ်လက်နက်တွေ ကိုင်ပြီးဒီကောင်တွေကို ချနိုင်မှရမှာ…”

www.burmeseclassic.com

www.burmeseclassic.com



စုနေ့စုံကားဓလေ့ကို နှင်းဖြူနားမလည်။ သဘော လည်းမပေါက်ပါ။ ခေါင်းကိုသာ ယမ်းခါပြနေ၏။

နှင်းဖြူရယ်...

နင် ဘာဆိုဘာမှ မသိတော့ပါလား...

နင်တို့ဘာယဉ်ကျေးမှုတွေလဲ။

*****



## ဇာတ်လမ်းစဉ် (၉)

ညနေစောင်းချိန်တွင် သူတို့နှစ်ယောက် ရွာမှထွက်လာကြသည်။ တစ်ရွာလုံးလည်း လူမရှိသလို တိတ်ဆိတ်နေသည်။

ရှမ်းဘောင်းဘီနှင့် ဖျင်အင်္ကျီလက်တိုကို ဝတ်၊ ခေါင်းတွင် ပုဝါနက်တစ်ထည်ကို စည်းထားလျက် ဆံပင်ကိုမမြင်ရအောင် အစ်ကိုယောက်ျားလေးတစ်ယောက်လို ထုံးထားပြီး ခါးကိုအိမ်နှင့်တကွ ကျောတွင် လွယ်ပိုးထားသည့် နှင်းဖြူ၏ယောက်ျား ရှေ့မှ မတွေ့ရသေးပါ ဖြစ်နေသော ကျောက်။ တိုက်နှင့် ဘောင်းဘီရှည်ဝတ်ထားသော စနေကအင်္ကျီလက်ရှည်နက်ကိုမပေါ် သဲ့နှင်းဖြူယောက်ျားနောက်မှ လိုက်လာသည်။

www.burmeseclassic.com



စဖွေက်လာစက အမှောင်ကို သူတို့ရင်ဆိုင်ရသော် လည်း လမင်းထွက်လာတော့ သူတို့အတွက်သွားရတာ သက် တောင့်သက်သာရှိသည်။

စနေက သူ့လက်ပတ်နာရီကို ကြည့်၏။

လက်ပတ်နာရီ အိမ်မြှောင်လက်တံတွေက ဆယ့် နှစ်နာရီခွဲတွင် ရပ်မြဲရပ်နေသည်။

စနေတွင် ရွှေဆွဲကြိုးမရှိတော့ပါ။

ရွှေဆွဲကြိုးအစား သူ့ဘောင်းဘီအိတ်ထဲတွင်နှင်းဖြူ ငယ်ပေးထားသော ပတ္တမြားကျောက်သာရှိသည်။

နှင်းဖြူငယ်နှင့် ယုဉ်လျှက်ကပင် စကားကို တစ်ခါ တစ်ခါ တီးတိုးပြောကြသည်။

လရောင်မဝင်သော နေရာရောက်လျှင် စနေက သူ့လက်နှိပ်ဓါတ်မီးကို အသုံးပြု၏။

သို့သော်… လက်နှိပ်ဓါတ်မီးမှာ ဓါတ်ခဲအားနည်း လာသောကြောင့် အသုံးပြုဖို့ ခက်ခဲလာသည်။

ဒါကြောင့်… လက်နှိပ်ဓါတ်မီးကို ပိတ်ကာ သွေး ကြားတွင် ထိုးလိုက်၏။

အတော်ကလေး ညဉ့်နက်လာလျှင် တောတောင်



တွေ၏အသံတွေကို ဟိုမှသည်မှကြားလာရစပြု၏။

"ကြောက်နေသလား… အစ်ကို"

"ဟာ… ဘာလို့ကြောက်ရမှာလဲ… ယောကျ်ားပဲ"

"ယောကျ်ားတိုင်း သတ္တိမရှိကြပါဘူး…"

"မိန်းမတိုင်းလည်း ကြောက်တတ်သူမဟုတ်ပါဘူး"

သူတို့နှစ်ယောက် ပြောပြီးရယ်သည်။

"အကျွန်ုပ်ရို မိန်းမတွေမှာသာ သတ္တိရှိနေကြရင် ယောကျ်ား တွေက မိန်းမတွေကို အုပ်စိုးလို့ရရောလား…"

"မှန်တယ် နှင်းဖြူ… နှင်းဖြူတို့ ခေတ်မိန်းကလေးတွေက ယောကျ်ားတွေကို ကြောက်ကြရတယ်… ခုခေတ်မှာ ကမ္ဘာ့ နိုင်ငံတွေမှာ မိန်းမတွေက ယောကျ်ားတွေကို မကြောက် ကြတော့ဘူး… အလုပ်တွေ လုပ်ကြတယ်… ပညာတွေ သင်ကြတယ်…"

"ဘုန်းကြီးကျောင်းလား…"

"အယ်… ဘယ်က ဟုတ်ရမှာလဲ… စာသင်ကျောင်းမှာပေါ့"

"ဒါတွေ မသိသဟာ နှင်းဖြူတော်တော် အတာဘဲအသုံး မကျဖြစ်တာပဲနော့ အစ်ကို… ဟုတ်စ"

"ဒါကြောင့် နှင်းဖြူကို တို့နဲ့ မြို့ကိုလိုက်ခဲ့ပါပြောတာပေါ့

www.burmeseclassic.com

www.burmeseclassic.com



ကွာ…နှင်းဖြူကို စာသင်ပေးမယ်… ညီမလေးတစ်ယောက်

လို ကောင်းကောင်းထားမယ်…"

"နှမလေးတစ်ယောက်လို…"

"အေး ဟုတ်ပါတယ် နှမလေးလိုပါ… 'နှမ'လေး မဟုတ်

ဘူး…"

"နှမလို ထားရင် အကျွန်… နွားဖြစ်သွားမှာပေါ့…"

ပြောပြီး ရယ်ကြပြန်သည်။ နှင်းဖြူ၏ကိုယ်

အမွှေးရနံ့သာတွေ ဝေ့ဝေ့ဝဲလာသည်။ နှင်းဖြူကိုယ်မှ မည်သည့်

အနံ့အသက် နံ့နံ့စော်စော်မရဘဲ မွှေးသောရနံ့သာ ရတတ်သည်။

အင်း… ဒါလည်း ထူးခြားတာပဲ။

"အစ်ကိုဟာနှင်းဖြူအတွက်ထူးဆန်းသလို နှင်းဖြူကလော

အစ်ကို့အတွက် မထူးဆန်းနေဘူးလား…"

"ဟာ ဆန်းကြယ်တာပ… အကျွန်က နှင်းဖြူကို နတ်သမီး

လေးတောင် ထင်ထင်မှားမှားနေသဟာ…"

နှင်းဖြူလေသံနှင့် ခပ်နောက်နောက် ပြောသည်

နှင်းဖြူက အသံမထွက်တထွက် ရယ်လိုက်ပြီး…

"ဟော… ကြည့်ပ… ငါရို့အစ်ကိုတောင် ငါရို့မြန်မာစကား

ဆိုတတ်ပါသလေ့… ကောင်းပ… ကောင်းပ"

သည်တော့ စနေကလိုက်ရယ်သည်။

လှေကြီးတစ်ခုထဲကို ဆင်းသည်။ မှောင်နေသဖြင့် စနေ

က စမ်းတဝါးဝါးနှင့် တဖြည်းဖြည်းချင်း ဆင်းသော်လည်း နှင်းဖြူ

ကတော့ ပကတိမျက်စိမြင်နေရသလို သွက်သွက်ကလေးပဲ လှေ

ထဲဆင်းသွား၏။

တစ်နေရာအရောက် စနေကကျောက်ခဲလား သစ်

ငုတ်လား တစ်ခုခုကို တိုက်မိသည်။

စနေ ရှေ့သို့ ထိုးကျသွားသည်။

သန်မာသော လက်တစ်ခုက စနေ၏လက်ကို ဖမ်း

ကိုင်လိုက်၏။

ရေခဲတုံးလို အေးစက်သော ကိုင်တွယ်မှုကြောင့်…

စနေလန့်သွားမိသည်။

ထိုလက်ရှင်သည် နှင်းဖြူ၏လက်မှန်းသိလိုက်ပြီး

ပြီ။

"သတိရှိမှပေါ့ အစ်ကို…"

"ဆောရီးကွာ…"

"ဘာဇာရယ်…"

"အာ… အို… တို့အပြောမှားသွားတယ်… ကိုက မြို့မှာသုံး

www.burmeseclassic.com

www.burmeseclassic.com



နေကျစကားသုံးမိတယ်... ကိုယ်လဲတော စိတ်မရှိပါနဲ့လို့... မှောင်လည်းမှောင်... နှင်းတွေကလည်း ဆိုင်းတော့အထဲ ဘာမှမမြင်ရဘူး... "

"အစ်ကို့ လက်နှိပ်ဓါတ်မီးဆိုသဟာ ထုတ်ပါလား... "

"ဓါတ်ခဲကုန်နေပြီ... ဒါက ဓါတ်ခဲနဲ့သုံးရတာ... "

"မွေးမေ့လေ့... အစ်ကိုရို့ကိရိယာဆိုတာဟာလည်း မီးစည်းလောက်မှ အသုံးမဝင်ပါလား... တစ်ခုမရှိရင် တစ်ခုသုံးမရတော့ဘူး... နှင်းဖြူရို့ ကာလတုန်းက မီးစည်းသာ သုံးသယ် အစ်ကို... "

"ဘယ်ကာလလဲ... "

နှင်းဖြူတိတ်သွားသည်။ စနေကလည်း ထပ်မမေးတော့။

နှစ်ယောက်သား စကားမပြောဘဲ လှိုဏ်အတိုင်း လျှောက်လာ၏။ လှိုဏ်ထဲမှာ မှောင်နေတာမှ လရောင်ကြောင့် တ… တစပြန်လင်းလာ၏။

သည်မှာတော့ ညဥ့်ငှက်ကလေးတစ်ကောင်နှ… ကောင်ကို ပြန်တွေ့ရသည်။

လှိုဏ်အတွင်းမှ မြေပေါ်ပြန်တက်လာမိကြ၏



"အဲသည့် နေရာတွေဟာ ကိုရင်ဖုန်းလူ သွားတတ်နေတတ်တဲ့နေရာတွေပ... အခု သူ့ကိုမတွေ့ဘူး... "

"သည်ဘက်တွေမှာ သူမရှိရင် အကျွန်နဲ့ သူနဲ့စတွေ့တဲ့ နေရာကိုသွားရင် မကောင်းဘူးလား... "

စနေကပြောပြီး ခွိခနဲရယ်သည်။ အကျွန်လို့ ပြောရတာ သူ့စိတ်ထဲတစ်မျိုးကြီး။ ရယ်ချင်သည်။

"အစ်ကိုက အကျွန်ရို့ မျိုးရိုးစကားကို လှောင်တယ်ပေါ့လေ ဟုတ်စ... "

သည်တစ်ခါတော့ နှင်းဖြူက စနေ့ထွန်းစိတ်ကို သိသလို ခတ်ဆတ်ဆတ်မေးသည်။ စနေက အားနာသွား၏။

"မဟုတ်ပါဘူး နှင်းဖြူ... တစ်လွဲမထင်ပါနဲ့... ကိုယ်က မပြောဖူးတဲ့ စကားလုံးသုံးလို့ ကိုယ့်ကိုယ်ကို ရယ်ချင်သွားတာပါ... "

"အစ်ကို့စကားပဲ အစ်ကိုသုံးပါ... နှင်းဖြူရို့က ရှေးကျနေတော့ အစ်ကိုရို့ ခေတ်စကားတွေကို ပယ်ကလိုမီတော့မှာလဲ... "

"ဟုတ်ပါတယ် နှင်းဖြူ... ခေတ်ဆိုတာ ပစ်ပယ်ထားလို့ မရပါဘူး... ခေတ်တစ်ခေတ်မှာ ရှေးရိုးကျပြီး နောက်ကျ

www.burmeseclassic.com



လွှန်းရင်လည်း မကောင်းဘူး… ခေတ်ကိုကျော်ပြီး ခေတ်လွန်သွားရင်လည်း မကောင်းဘူး… မချိုမချဉ်ပဲဒါကျင့်သုံးမှုဟာ ကောင်းမွန်တဲ့ လူနေမှုစနစ်ပဲ… ”

“အစ်ကိုစကားတွေဟာ အဆန်းချည်းပဲ… အစ်ကိုကို နှင်းဖြူလိုက်မမီပေါင်… ”

သူတို့ပြောနေစဉ် ရိပ်ခနဲအရိပ်တစ်ခုကျလာ၏။

“ဟိုက်… ”

“မွေးမေ့လေး… အလိုတော်… ”

ပထမ စနေ့အသံ။

ဒုတိယက နှင်းဖြူအသံ။

သူတို့နှင့် မလှမ်းမကမ်းမှာ ကျလာတာက ဥဘက်အစာရှာထွက်လာဟန်တူသော ကျားတစ်ကောင်။

လရောင်တွင် အနက်နှင့်အဝါရောင်အစင်းပါသော ကိုယ်ထည်နှင့် မျက်နှာတွင် နှုတ်ခမ်းမွေးတွေနှင့်အကောင်။

အမလေးဟဲ့ ချစ်စရာကြီး။

“ကျား… နှင်းဖြူ… နောက်ဆုတ်”

ကျားကြီး၏ မီးကျီခဲလိုနီရဲနေသော မျက်လုံးတွေက ပတ္တမြားလို တောက်ပနေသည်။



စနေက ပြောလည်းပြော နှင်းဖြူလက်ကိုဆွဲ၍ သူ့နောက်မှာ ရပ်စေပြီး သူက နှင်းဖြူရှေ့မှာ ရပ်လိုက်သည်။

လာမယ့်ဘေး ပြေးတွေ့။

ကျားကို ရင်ဆိုင်ပစ်လိုက်၏။

ဝေါင်း…

ကျားကြီးက မာန်ဖီသံနှင့် ဟိန်းလိုက်သည်။

“လာ… လာ… တခြားလမ်းက သွားကြရအောင် နှင်းဖြူ”

“မကြောက်နဲ့ကွယ်လေ… သည်ကောင် နှင်းဖြူ့ကို ဘာမှ လုပ်နိုင်တာမှတ်လို့ အစ်ကိုရှိတယ်… ”

ဟာ… ကိုက်စားသွားမှာပေါ့… ”

“သဟာဆို နှင်းဖြူလုပ်မယ်… အစ်ကိုဖယ်”

“ဟာ… နှင်းဖြူဘာလုပ်နိုင်မှာလဲ… ”

ကျားက သူတို့ကို မျက်လုံးဝင်းဝင်းနှင့် ကြည့်နေစဉ် နှင်းဖြူက စနေကို သူ့မရှေ့မှ ဖယ်ထုတ်ပစ်လိုက်သည်။

ကျား၏စူးစိုက်သော မျက်လုံးတွေက လူသားနှစ်ဦးဆီတန်းတန်းမတ်မတ် ကြည့်နေဆဲမှ ခုန်အုပ်တော့မည့်ဟန်ဖြင့် နောက်ကို ကိုယ်ယို့လိုက်သည်။

ကစားနေသော အမြီးမှာလည်း ငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့သို့ နှင်းဖြူရဲရဲတင်းတင်း ထွက်လိုက်၏။ နှင်းဖြူရပ်နေရာနှင့် ကျားရှိရာသည် ငွေလေးငါးခြောက်တောင် လောက်ပဲ ဝေးပါလိမ့်မည်။

"ဟဲ့ ဗျူ…"

နှင်းဖြူ၏အသံက ဝေါက်ဆတ်ဆတ်အသံနှင့်ထွက် မာလှသည်။ ပြီးတော့ တစ်ဘက်ကို လက်ညှိုးထိုးပြသည်။

"သည့်နေရာ နှင့်နေရာမှမဟုတ်ဘဲပ… သွားစမ်း… ဖယ် စမ်း…"

"နှင်းဖြူရယ်… နင်တော့ ကျားကိုက်ခံရတော့မှာပဲ"

စနေညည်းဘိသည်။ ရင်ထဲတထိတ်ထိတ်။

လက်နက်ပါလျှင် တော်သေးရဲ့။

လက်နက်မပါတော့ အသည်းထိတ်စရာ။

စနေထွန်း မကြောက်ပါ။ နှင်းဖြူအတွက် အသည်း ထိတ်လှပါသည်။

ကျားကြီးက နှင်းဖြူကို စိုက်ကြည့်၏။ နှင်းဖြူက လည်း ကျားကို စိုက်ကြည့်နေသည်။ အားပြိုင်သလိုဖြစ်နေရာ ကျားကြီးက တစ်ဘက်သို့ ရုတ်ခနဲရှောင်သွားသည်။

ထူထပ်သော ချုံနွယ်တွေကြားထဲ ခုန်ဝင်ပျောက်



ကွယ်သွားတော့၏။

စနေ ဟင်းခနဲသက်ပြင်းချလိုက်သည်။

နှင်းဖြူကိုလည်း အံ့ဩသွားသည်။

ဘယ်လိုမိန်းကလေးပါလိမ့်။

ကျားက နှင်းဖြူကို မစော်ကားရဲဘဲနှင့် နှင်းဖြူအမိန့် အတိုင်း ရှောင်ထွက်သွားတာ အံ့ဩမှုတစ်ခုပဲပေါ့…"

"ကဲ… အစ်ကို သွားကြစို့…"

"ဒီအတိုင်းသွားနေလို့ကတော့ မလွယ်ဘူး နှင်းဖြူ ရှေ့ဖုန်းလူမတွေ့ဘဲ ကျားနဲ့ဆင်နဲ့ ထပ်ပြီးတွေ့ပြီး ကျားစာဆင်စာ ဖြစ်တော့မှာပဲ… "

"အစ်ကိုကြောက်သလား…"

"အို… ဘာလို့ ကြောက်ရမှာလဲ… ဒီမှာ သတ္တိ အပြည့်ရှိတယ်… ခင်ဗျားလေးအတွက် ပြောနေတာ…"

"ခင်ဗျားလေး… ခင်ဗျားလေးဆိုတာ ဘယ်သူလဲ"

"အမိအတွက်… အမိအတွက်ပြောနေတာ…"

သည်တော့ စိတ်တိုသွားသော စနေကိုကြည့်ကာ နှင်းဖြူက ခွက်ထိုးခွက်လန်ရယ်သည်။

"အဟားဟား… အစ်ကိုတို့ တစ်နယ်သားတွေ စကားက

www.burmeseclassic.com

www.burmeseclassic.com



လည်း ဆန်းပ… မိန်းမတစ်ယောက်ကို ခင်ဗျားလေးသဲ့တော့… အဲသဟာ ယောကျ်ားကိုပြောရတာ အစ်ကိုရဲ့"

"တို့မြို့မှာတော့ မိန်းမကလည်း ယောကျ်ားလို့ပြောတာပဲ ယောကျ်ားကလည်း မိန်းမလို ပြောတာပဲ…"

"ယောကျ်ားက ဘဇာလိုပြောတယ်…"

"ဂိန်… ဂိန်"

စနေက ခွေးအော်သည့်အသံ လုပ်ပြလိုက်သည်။

တေမ်မလေးကိုကြည့်…။

တောထဲတောင်ထဲ ရောက်နေပါလားလို့တောင် မသိရအောင် တခစ်ခစ်ရယ်မောနေ၏။ အရယ်ရပ်လိုက်သည်။

"ကဲ သွားမယ်…"

"ဒီဘက်မှာ ရှာမနေနဲ့တော့ နှင်းဖြူ… ကိုယ်တို့လာတဲ့ဘက်ကိုသွားရှာရအောင်…"

"ဂူထဲက မဖြတ်ဘဲ တောင်ခြေကို ကျော်ရမယ်ဆိုတော့ အစ်ကိုဖြတ်ကျော်နိုင်ပါ့မလားမသိ…"

"ဖြစ်ပါတယ်… နှင်းဖြူသိရင် ရှေ့ကသွား…"

"ရော့… နှင်းဖြူရဲ့ဓါး ယူထား…"

သူမက ကျောပိုးလာသော ဓါးကို စနေ့အားပေး



သည်။ စနေက သူ့ပခုံးတွင် ဓားကိုကောက်လွယ်ထားသည်။

နှင်းဖြူက ရှေ့မှသွား။

သူက နောက်မှလိုက်။

နှင်းတွေက တစ်တောလုံးတစ်မြေလုံး ဝေကျနေသည်။ ခြေထောက်တွေတောင် နှင်းရေထိတာကြောင့် စိုစွတ်နေသည်။

ကျားကိုမှ သတိထားနေသည်။

ထွက်သွားသော ကျားမှာထွက်မသွားဘဲ နောက်ဘက်မှ အနံ့ခံအရိပ်ခိုလိုက်မှာ စိုးနေရ၏။

နောက်ဘက်ကို လည်းကောင်း၊ ဘေးဘက်ကို လည်းကောင်း စနေထွန်းက ကြည့်ကွက်ကြည့်ကွက်လုပ်ရင်းနှင့် နှင်းဖြူနောက်မှ လိုက်နေရ၏။

နှင်းဖြူသည် လရောင်အောက်တွင် သစ်ပင်ချုံပင်တွေကို တိုးဝှေ့ပြီး သွားနေသည်။

သူ့နောက်ပိုင်းကို စနေထွန်းက ကြည့်နေမိ၏။

ကိုယ်လုံးကိုယ်ထည်ကတောင့်ပြီး ဖွံ့ဖြိုးကာ သားကောင်းမိခင်ဖြစ်မည့် အသားအရေနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးတည်ဆောက်မှုပိုင်ရှင်။

www.burmeseclassic.com

www.burmeseclassic.com



ခါးကလေးမသိမသာ တုပ်သွားတာကလွဲလို့အရိုး အဆက်ကွေ့ကြောင်းကောက်ကြောင်းတွေ မှန်ပါသည်။

ရွှန်းလဲ့နှင့်တူလို့ ချစ်ခင်မိတာတောင် နှင်းဖြူကို မချစ်ရဲသလိုပါပဲ။

နှင်းဖြူသည် သာမန်မိန်းကလေးတွေမှာ ရှိအပ် သည့်အရည်အချင်းထက် ပိုနေပါ၏။

အဲဒါက သတ္တိနှင့် ဖျတ်လတ်ခြင်းပဲရှိ၏။

သည်လို အသွေးအရောင်မျိုးကို မြို့ပေါ်မှာရှိသည့် ဘယ်မိန်းကလေးကိုမှ ရှာမတွေ့နိုင်။

မော်ဒယ်မိန်းကလေးတွေဆို ဝေးပါသေးရဲ့။

သူမတို့သည် သူမတို့ကိုယ်ကို အတုအယောင်အလှ တွေနှင့် သ နေကြသူတွေသာဖြစ်သည်။

သူတို့အဖို့ စားမည်။ ပျော်မည်။ ပိုက်ဆံဖြုန်းမည်။ အလှပြင်မည်။

တကယ်လို့သာ နှင်းဖြူမြို့ကိုလိုက်ခဲ့ပါလျှင် သည် မချောလေးတွေနှင့် ဆန့်ကျင်ဘက်ဖြစ်ကောင်းဖြစ်မည်။

ရွှန်းလဲ့ဓါတ်ပုံကိုကြည့်ပြီးတော့တောင် ဘာပြော တယ်မှတ်သလဲ



"အစ်ကို့ ရဲဘော်က နှင်းဖြူမျက်စိထဲ သရဲရုပ်ပဲ... ဆံပင်က တိုတို... မျက်တောင်ကော့ကြီးတွေနဲ့ နှုတ်ခမ်းကလည်း နီရဲနေသဟာ မျက်လုံးအောက်မှာလည်း သူတပါးတို့ထား လို့လား... ညိုမည်းနေသဟာ... မျက်ခွံမှာလည်း စိမ်းစိမ်း ညိုညိုတွေနဲ့... အစ်ကိုလှသယ်ဆိုပေမဲ့ နှင်းဖြူမျက်လုံး ထဲမှာတော့ သရဲပဲ... "

စနေက အောင့်သက်သက်နှင့် ဘာမှမပြော။

ခေတ်မိန်းကလေးဆိုတော့ ဆံပင်ကို ဖြတ်ကြပြု ပြင်ကြတယ်ပေါ့။

ဒါကို မချောလေးက သဘောကျပုံမပေါ်။

"နှင်းဖြူရို့အရင်က ကြားဖူးသဟာက ယောကျ်ားတို့ဘုန်း လက်ရုံး... မိန်းမတို့ဘုန်း ဆံထုံးတဲ့လေ... အခု အစ်ကို့ ရဲဘော်က ဆံပင်ကြီးဖြတ်ထားတော့... မိန်းမဘုန်း ဘယ်မှာ ရှိတော့မလဲ... "

တကယ်တော့ ရွှန်းလဲ့သည် စိုးမြတ်နန္ဒာ ခေါက် ဘလေးနှင့် တကယ့်ကို လှပါသည်။

နှင်းဖြူအတွက်တော့ ဆန့်ကျင်ဘက်။

"နှင်းဖြူရယ်... အလှဆိုတာ သူ့ခေတ်သူ့အခါနဲ့ လှကြ

www.burmeseclassic.com

www.burmeseclassic.com



တချည်းပါပဲ… နှင်းဖြူကော… သူတို့အထဲ သွားကြည့်စမ်း… ဘာပြောမလဲ တကယ့်ဒိုက်… အကယ့်ဂျုန်ဂဲ(လ်) တကယ် တောသူမလို့ ပြောကြမှာပဲ… ”

နှင်းဖြူကို ကြည့်၊ နှင်းဖြူ၏ စကားတွေကို အောက်မေ့ရင်းမှ စနေက ရင်ထဲတီးတိုး ဖော်ကျူးမိသည်။

သူတို့နှစ်ယောက် ပြန်ယှဉ်သွားမိကြသည်။

လရောင်အောက်တွင် သည်လောကကြီးမှာ သူတို့နှစ်ယောက်တည်းပဲ ရှိသည်ဟု နှင်းဖြူက အောက်မေ့မိ၏။

မိမိ၏ ရင်တွင်းခံစားချက်ကို စနေအား ဖောင်းပဲရိပ်ခြေ ပြောမိသော်လည်း စနေ၏ မတုန်မလှုပ် အမူအရာကို တွေ့ရတော့ နှင်းဖြူစိတ်ထဲမှာ အောင့်သက်သက်လို ဖြစ်မိ၏။

ရှက်သလိုလိုလည်း ခံစားမိ၏။

မြင်းကမလှုပ် ခုံကလှုပ်ရသတဲ့လား။

စနေကိုတောင် မကျေနပ်သလိုလို။

ဒင်းက ဘာမို့လို့တုန်း ဒင်းလည်းယောကျ်ားပဲကိုရင်ဖုန်းလူဆိုရင် ငါ့ကို အသေအလဲ ကြိုက်ခဲ့သာပဲဟာ။

အတွေးကလေးတွေက ဖုံးသွားသည်။

ခြော် သည်လိုလည်း မဟုတ်သေးပါဘူးလေ။ သူ



မှာ ရဲဘော်ရှိခဲ့သားပဲ၊ အဲ့ဒီ ရဲဘော်ကို သူလွမ်းနေတုန်းဆိုတော့လည်း ငါ့ကို သူချစ်တောင် သူပြန်ချစ်ရဲပါ့မလား။

သေသွားတဲ့ သူ့ရဲဘော်ကို သစ္စာယှဉ်းသလို ဖြစ်မှာ။

အကောင်းဘက်က ပြန်တွေးမိ၏။

နှင်းတွေထဲ သွားကြရင်းက မျက်လုံးတွေက ဟိုဟိုသည်သည် ရှာဖွေမိကြသည်။

*****

www.burmeseclassic.com



# ဇာတ်လမ်းစဉ် ၁၀

ရွှေဖုန်းလူ၏ အရိပ်အယောင်ကို မြင်ကို မမြင်ရပါ။

ရွှေဖုန်းလူတွင် မကဘဲ ရွှေဖုန်းလူနှင့်အတူ ပျောက်ကွယ်သွားတာက ကိုရင်ပန်းမွှေးပဲ။

ကိုပန်းမွှေးပါ သူ့ရောင်းရင်းနှင့်အတူ ပျောက်ကွယ်သွားပုံပဲ။

ကိုပန်းမွှေးပါ ရှိပါက ရွှေဖုန်းလူကို ခြေရာခံလို့ကောင်းပါဦးမည်။ အခွင့်သင့်ပါလိမ့်ဦးမည်။

တောင်ခြေကို ဖြတ်ကျော်ကာ ကွေ့ပတ်လျှောက်လာကြသည်။



မကြာမီ တစ်ချိန်က စနေအိပ်ပျော်ခဲ့သောနေရာကို ရောက်လာ၏။

ဒီနေရာတွင်လည်း သူတို့ အရိပ်အခြည်ကြည့်၏။ ရွှေဖုန်းလူကို မမြင်ရမတွေ့ရ။

သည့်လိုနှင့် ဆက်ထွက်လာခဲ့၏။

စနေသည် သူလာခဲ့သော မူရင်းနေရာကို ရောက်နှင့်လာသည်။

"ကိုယ်လာခဲ့တဲ့ နေရာကို ရောက်ရင်... ကောင်းမယ်..."

ကောက်ကာငင်ကာပင် ပြောချလိုက်သည်။

သူ့ကို နှင်းဖြူက စောင်းငဲ့ကြည့်သည်။

"ရို့... အစ်ကို ဘာပြောသလဲ..."

"ဩော်... ဒီနေရာ ရောက်တော့... ကိုယ်လာခဲ့တဲ့လမ်းကို ကိုယ်သိချင်တယ်... အဲ့ဒီနေရာကို ပြန်သွားရရင် ကောင်းမှာပဲလို့..."

"အစ်ကိုက... ကိုယ့်နေရာ ကိုယ်ပြန်ချင်သလား..."

"ဟုတ်တယ်... နှင်းဖြူ..."

နှင်းဖြူ သက်ပြင်းကလေး ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာ သည်စကားကို ကြားရလိမ့်မည်ဟု မျှော်လင့်ပြီးသား။

"အစ်ကိုနှယ်... ပသို့ဖြစ်သွားသဟာ... ရွှေဖုန်းလူကို ရှာမယ်ဆို လာပြီးကာမှ... သည်နေရာရောက်လို့ ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ... "

"ကိုယ်ထွက်ခဲ့တာ ရက်နည်းနည်း ကြာသွားပြီ နှင်းဖြူ ကိုယ့်သူငယ်ချင်းက စိတ်ပူနေလိမ့်မယ်လေ... "

"အစ်ကိုရယ်... နှင်းဖြူ တစ်ယောက်တည်း ထားခဲ့မှာလား... အစ်ကို ခဏလောက် နေနိုင်ပါဦးလား... "

"ကိုယ်... ပြန်မလိုက်ချင်တော့ဘူး နှင်းဖြူ... ရွှေဖုန်းလူကို ရှာဖွေဖို့... တို့ စိတ်မပါတော့ဘူး... "

နှင်းဖြူ ငေးသွားသည်။

အေးလေ သွားမယ်ဆို သွားပါစေတော့။ ရှင်နဲ့ငါ ဘာဆိုင်တာမှတ်လို့။

"အစ်ကို... လမ်းသိလား... "

"ဒီလိုပဲ မှန်းဆပြီး... သွားရတော့မှာပေါ့... "

"အစ်ကို... တစ်ယောက်တည်း သွားလို့ကတော့... အကျွန် စိတ်မချပါဘူး... "



"တို့... သွားရဲပါတယ်... "

"သွားရဲတာထက်... သွားတတ်ဖို့ လိုတယ်အစ်ကိုရဲ့... "

စနေက ခေါင်းကို ကုတ်ပစ်လိုက်သည်။ နှင်းဖြူက ရယ်လိုက်၏။ စနေက ခြေလှမ်းပြီး တစ်လှမ်းနှစ်လှမ်း လျှောက်ပြီးကာမှ လှည့်၍ နှင်းဖြူကို ရင်ဆိုင်လိုက်သည်။

"နှင်းဖြူ... ပြန်တော့... "

"မနှင်းပါနဲ့... အစ်ကိုရယ်... "

"ဟုတ်ဘူးလေ... နှင်းဖြူက တို့နဲ့လိုက်နေတော့ ပင်ပန်းမယ်... နှင်းဖြူ ပင်ပန်းမှာကို တို့မလိုလားလို့ပါ... ပြီးတော့ လမ်းကို ရှာသွားနေရတော့... ဟိုကို အချိန်မီ ရောက်ချင်မှ ရောက်မယ်... "

"အဲသဟာကို... နှင်းဖြူ ပြောတာပါ အစ်ကို... အစ်ကို လမ်းမသိဘဲ စွပ်သွားမယ်... လမ်းတွေမှားပြီး တလွဲတချော်ဖြစ်မယ်လေ... "

"ဒါဆို... တို့ ဘာလုပ်ရင် ကောင်းမလဲ... "

"ဒီလိုလုပ်... အစ်ကို့ စိတ်က လာလမ်းကို စိတ်ကူးပိုက် မျက်လုံးမှိတ်ပြီး စိတ်ကူးနော်... "

"ဘာလုပ်ဦးမှာလဲ... "

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဖြူ… လမ်းရှာဖွေပေးချင်လို့ပါ… "

နှင်းဖြူ စကားကို သူလက်ခံသင့် မခံသင့် ခဏစဉ်းစားသည်။ နှင်းဖြူသည် ထူးခြားသော မိန်းကလေးတော့ ဖြ
သည်။

"နှင်းဖြူက… ဘယ်လို ရှာမှာလဲ… "

"စကားများသရန်ကော အစ်ကိုရယ်… အစ်ကို မျက်စိမှိတ်ပြီး… အစ်ကို လာလမ်းကို စိတ်ကူးစမ်းပ… နှင်းဖြူ သိ
သယ်… "

စနေ မျက်ခုံးတွေ မြင့်လိုက်သည်။

ထိုသည်နောက် မျက်လုံးလေးတွေကို မှိတ်လိုက်၏။

သူလာသည့်လမ်းကို မှန်းဆပြီး စိတ်ကူးသည်။

သူ့ စိတ်အစဉ်သည် တစ်ခုခုကို ဖြတ်သန်းသွား သလို ခံစားနေရသည်။ ပြီးတော့ ဇာစ်စုံတစ်ခုကို တိုးဝှေ့နေသည်ကိုဂ ည်း ခံစားနေရသည်။

အတန်ငယ်ကြာမှ

"ရပြီ… ရပြီ… ဖွင့်လိုက်တော့… "



နှင်းဖြူ၏ အသံကို ကြားရသည်။ စနေ မျက်လုံးများကို ဖွင့်လိုက်၏။

နှင်းဖြူသည် သူ့ရှေ့တွင် ရပ်ကာ လက်ကလေးနှစ်ဖက်ကို သူ့ရင်အုံဘက်သို့ ဆန့်တန်းထားသည်။ မျက်လုံးကလေးတွေကို မှိတ်ထား၏။

ချက်ချင်းပဲ မျက်လုံးလေးတွေ ပြန်ပွင့်လာ၏။

"သိပြီ… အကျွန် သိပြီ… "

"ဘာသိတာလဲ… "

"အစ်ကို… လာခဲ့တဲ့လမ်းကိုပေါ့တော်… "

သူမ၏ စကားကို စနေထွန်း မယုံကြည်နိုင်။

ဒါပေမဲ့ သူမ၏ မျက်နှာတွင် ထူးခြားပြီး တက်ကြွမှုကို မြင်ရသည်။ သည့်တော့လည်း ယုံရမလို။

"ကိုင်း… သွားမယ်… "

သည်စကားသာ ပြောပြီး နှင်းဖြူ လှည့်ထွက်သွားသည်။

သူ့နောက်မှ စနေက လိုက်သွား၏။

နှင်းဖြူဆီမှ သူသွားနိုင်တာ သူ့အတွက် ဤအချိန်သည် ကောင်းမွန်သော အခွင့်အရေးတစ်ခုပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူဆီမှ သူသွားရမည်ကို စဉ်းစားမိပြန်သော်လည်း မခွဲနိုင်မခွာရက်သလို ခံစားမိသည်။

နှင်းဖြူသည် စတွေ့သည့်အချိန်မှ ယခုအချိန်အထိ သူ့အပေါ် ကောင်းခဲ့သည်။ ကောင်းခဲ့တာမှ အသက်ပေးပြီးကို ကောင်းခဲ့တာပါ။

ပထမဆုံး ရွှေဖုန်းလူတို့နှင့် စတွေ့သည့်အချိန်မှာ ရွှေဖုန်းလူတို့က သူ့ကိုသတ်မည်လုပ်ရာမှာ နှင်းဖြူက သူ့အသက်ကိုကယ်ခဲ့၏။

ဒုတိယအကြိမ်က သူနှင့်ရွှေဖုန်းလူ ဓားချင်းယှဉ်ကြဆဲကာလ။

သည်စဉ်က ရွှေဖုန်းလူဓားက သူ့ဆီရောက်မည့်အပြု နှင်းဖြူပဲ ကြားမှနေပြီး သူ့ကို ကာပေးခဲ့သည်။

သူသည် လူလူချင်း ယှဉ်တိုင်း အမြဲအသာစီးရပါလျက်နှင့် ရွှေဖုန်းလူနှင့် ယှဉ်မှ အရေးနိမ့်ခဲ့ရသည်။

သူ့ ဘာကြောင့်လဲ။

ရှေးက တတ်ထားသည့်ဓားရေးကို ခုခေတ် ဓားရေးနှင့် သွားယှဉ်မိလို့ ဖြစ်ပါလိမ့်မည်။

ရှေးက ပညာသည် ခုခေတ်ပညာထက် ပိုအဆင့်



မြင့်ပါလိမ့်မည်။ ဓားခေတ်မှာ ဓားကိုပဲ အားကိုးကြတော့ ဓားရေးပညာ ပိုထိရောက်ပါလိမ့်မည်။

ခုခေတ်မှာ ဓားထက်သေနတ်က ပိုစွမ်းသည်။

သေနတ်ထက် ကလပ်စတာဗုံးတွဲတွေ၊ နျူးကလီးယားလက်နက်တွေက ပိုစွမ်းသည်။

အမေရိကန်သည် နျူကလီးယား လက်နက်ပိုင်သောကြောင့် ကမ္ဘာပေါ်တွင် ဖင်ခေါင်းအကျယ်ဆုံးဖြစ်မည်။

လက်နက်ဆိုတာ လူ့စိတ်အင်အားလို စွမ်းသည်ထက် စွမ်းနေရင် သည်လက်နက်ကို ပိုင်ဆိုင်သူက အနိုင်။

သူ့လက်ထဲမှာသာ သေနတ်ရှိလျှင် ရွှေဖုန်းလူဘယသိဒ္ဓိပဲ ငြီးငြီး ဘာပဲပြီးပြီး ပွဲပြီးသွားပြီ။

မိမိကသာ အနိုင်။

လက်နက်ဆိုတော့မှ ကားပေါ်မှာ သူ့သေနတ်ကို သတိရသည်။ ကားဒက်(ရှ်)ဘုတ်ထဲတွင် သေနတ်က ကျန်ခဲ့သည်လေ။

နှင်းဖြူသည် စကားမပြောတော့ပါ။

နှင်းဖြူ သွားသလိုပင် သူသွား၏။ နှင်းဖြူကွေ့

www.burmeseclassic.com



လျှင် သူ့ရွေ့၏။ တစ်နာရီလောက် သွားမိလျှင်ပင် သူအားတက်လာသည်။

သူလာခဲ့သော လမ်းလို့ပဲထင်၏။

နှင်းဖြူယေ်သည် ထူးခြားတာထက် ထူးဆန်းသော မိန်းကလေးဟု ဆိုရပါမည်။

သူမသိသောလမ်းကို သူမသိ၏။

သည်ကြားထဲမှာ သူမ လမ်းလျှောက်တာကို သတိထားကြည့်မိ၏။

နှင်းဖြူ လမ်းလျှောက်ပုံမှာ ခြေဖနောင့်နှင့် ခြေကြီး မထိသလို ထင်ရသည်။

လမ်းလျှောက်တာကလည်း သွက်ပါပေ့။

စနေလို လမ်းမြန်မြန်လျှောက်နိုင်သည့် သူဖော်သူမကို မီအုံမထင်။

ဒါလောက်ချမ်းအေးတာလည်း သူမ မမှု။

အနွေးထည်မရှိ။

အေးလေ တောထဲမှာ ကြမ်းကြမ်းတမ်းတမ်း နေရတော့ ရာသီဥတုကအစ ခံနိုင်ရည်ရှိပြီး အလေ့အကျင့် ရနေရောပေါ့။



"နှင်းဖြူ... သိပ်တော်တာပဲ... လာတဲ့လမ်းကို နှင်းဖြူ သိတယ်နော်... သိပ်အံ့ဩဖို့ ကောင်းတာ... နှင်းဖြူ လူမှ ဟုတ်ရဲ့လားကွယ်..."

"သိပ်မပြောနဲ့ ကိုရင်... နှင်းဖြူ ဆိုတော့... သူမဟာ လူမဟုတ်သရင် တစ္ဆေသရဲ ဖြစ်မလားဘဲနော်..."

"အယ်... ဒီလို မဟုတ်ပါဘူးလေ... နှင်းဖြူက နတ်သမီးကလေးများလားလို့..."

"နတ်သမီးဆိုလည်း... ကိုရင့် နေရာနေရင်းကို နတ်တန်ခိုးနဲ့ အကျိုးဖော်ပြီး... ပြန်ပို့ပေးလိုက်ပြီပေါ့..."

သူမ၏ လေသံကို စနေ သတိပြုမိ၏။

အစ်ကိုလို့ ခေါ်နေရာမှ ကိုရင်လို့ ပြန်ခေါ်နေပြီ။

သံယောဇဉ် ပြတ်ပြီလေလားကွယ်။

"ဒီတစ်သက်မှာ... နှင်းဖြူ ကျေးဇူးကို ကိုယ်မမေ့ပါဘူး... တတ်နိုင်တဲ့အခါ... ကျေးဇူးလာဆပ်ပါဦးမယ်..."

"တန်ပါတော့ ကိုရင်ရယ်... ကြားရသဟာ နားခါးသပ။ ကိုယ့်နေရာ ကိုယ်အရောက် ပြန်ချင်တဲ့သူက... သည်နေရာကို အရောက် ပြန်လာနိုင်ပါဦးမလား... တန်ပါ... လျှာအရိုးမဲ့တိုင်း မပြောပါနဲ့တော့ ကိုရင်..."

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူ အသံမှာ ဝမ်းနည်းသလို ရှိနေသည်။ စနေလည်း ထပ်မပြောတော့။

နှင်းဖြူ သွားရာကိုသာ လိုက်နေစဉ် လရောင်မှာ ထူထပ်လာသော နှင်းငွေ့တွေကြောင့် ရှင်းရှင်းလင်းလင်း သာရာမှ လျော့ကျသွား၏။

"ဟား... ဟား... ဟား... "

"ဟား... ဟား... ဟား... "

တိတ်ဆိတ်ခြင်းကို ဖောက်ထွင်း၍လည်းကောင်း၊ သွားနေသော ခရီးကို ရပ်တန့်သွားအောင်လည်းကောင်း၊ ထွေနေသော စိတ်တွေကို လှုပ်ရှားသွားအောင်လည်းကောင်း၊ နက်ကြောသောရယ်သံကြီးတွေက တစ်တောလုံးတစ်တောင်လုံး ဖောက်ထွင်းသွားမတတ် ပေါ်လာ၏။

လူနှစ်ယောက်၏ ခြေတွေက ရပ်တန့်သွားဘိ၏။

စနေမှာ ထိတ်ခနဲ ဖြစ်သွား၏။ လက်ထဲရှိ ဓားကို မြှောက်လိုက်မိသည်။

ရယ်သံသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။

တောင်ဘက်မှာလား... ၊ မြောက်ဘက်မှာလား အထက်ကလား၊ အောက်ကလား။



"ကြားလား ကိုရင်... ကြားလား... "

"ကြားတယ်... ကြားတယ်... "

"အဲ့ဒါ... ရွှေဖုန်းလူ အသံပဲ... ရွှေဖုန်းလူ အကျွန်ရို့နောက်က လိုက်လာနေပြီ... "

"နှင်းဖြူ... ရွှေဖုန်းလူ လိုက်လာပြီဆိုတော့... သူက ဘယ်လိုလူစားလဲ... ကိုယ်တော့ မသိကာတော့ဘူး... "

"ကိုရင်စနေ... မေးမယ့်အစား ကိုရင့်နေရာရောက်အောင် သွက်သွက်သာ လှမ်းပေတော့... သူ မမီနိုင်သေးပါဘူး... "

နားမလည်ပါ။ တကယ့်ကို နားမလည်ပါ။

နှင်းဖြူ ခပ်သွက်သွက်ကလေး သွားတော့ စနေသွန်း အမောတကော လိုက်ရသည်။ အကြောင်းက နှင်းဖြူခြေတစ်လှမ်းစာက စနေသွန်း၏ ခြေနှစ်လှမ်းစာလောက် ရှိနေသောကြောင့် ဖြစ်၏။

နှင်းဖြူ အသော့နှင်သလို... စနေသွန်းလည်း အသော့နှင်ရတော့သည်။

မြေပြန့်မှာအပြေးသွားသလို ကုန်းမြင့်ပေါ် အပြေးတက်ဆင်းသလို လျှိုတွေမြောင်တွေကိုလည်း အပြေးဖြတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ကို တင်းထားသည်။

တော်တော်ကလေး သွားမိတော့ စနေ့ကာ မရှုက်နိုင်တော့ဘဲ။

"ရပ်ပါဦး နှင်းဖြူငယ်... ရပ်ပါဦး... "

သွက်သွက်ကလေး ရပ်နေသော နှင်းဖြူက ချက်ချင်းရပ်သွားသည်။ စနေကို ကရုဏာစိတ်နှင့် လှည့်ကြည့်သည်။

"ကိုရင်... အတော်ကလေး မောသွားပလား... "

မောနေသော စနေ။ နှင်းတောထဲမှ ချွေးတွေထွက်နေသော စနေ။ ကနဦးက ခိုက်ခိုက်တုန်အောင် ချမ်းအေးနေသော အချမ်းအအေးတို့သည်ပင် ဘယ်ရောက်ကုန်ပြီမသိ။

စနေက မောမောရှုက်ရှုက်နှင့် ခေါင်းညိတ်ပြသည်။

"ဟား... ဟူး မောလိုက်တာကွာ... အား... ရှူး... "

မောသံကြီးနှင့် ပြောကာ အသက်ကို ပြင်းပြင်းရှူလိုက်သည်။ သူမောသလောက် နှင်းဖြူမှာ မောဟန်မပြချေ။ ထို့ပြင် သူမကိုယ်မှာ ချွေးစက်ဆိုတာ တစ်ပေါက်တစ်လေမှမမြင်ရ။

"ခဏလောက်တော့ နားလိုက်လေ... ပြီးရင် ဆက်သွားမယ်... ကိုရင့်နေရာနဲ့ နီးနေပြီ ကိုရင်ရဲ့... "



"ဟုတ်လား... "

စနေ ဒါပဲပြောကာ အသက်ကိုပြင်းပြင်းရှူ လက်နှစ်ဖက်ကိုမြှောက် ပြန်ချ။ ပါးစပ်ထဲမှ လေကိုထုတ်။

အသက် ပြင်းပြင်းရှူ လက်နှစ်ဖက်ကိုမြှောက် ပြန်ချ။ ပါးစပ်ထဲမှလေတွေ ပြန်ထုတ်။

လေးငါးဆယ်ကြိမ်မက အထပ်ထပ်အခါခါ လုပ်ပစ်သည်။ ခြေထောက်တွေကို ခါသည်။

ထိုသည်နောက် မျှဉ်းမျှဉ်းမဲ ရှူလိုက်၊ ထုတ်လိုက်။ အဲ့သည်အချိန် စိတ်ကိုရင်ဝမှာပဲ ထားသည်။

နှင်းဖြူသည် စနေလုပ်ပုံကို ကြည့်လိုက်၊ ကောင်းကင်ထက်က မြူထဲကြားထဲကို မော်ကြည့်လိုက်။

စနေ အသက်ရှူ မှန်လာသည်။ အမောလည်း ပြေသွားလေ၏။

"ကဲ... ဆက်မယ်... လူကို အတော်မောသွားတာ... "

"ယောကျ်ားကောင်းပဲ... သွားမယ်လေ... "

စနေကို နှင်းဖြူကပြောလျက် ဆက်ထွက်သည်။ ခြေလှမ်း တစ်လှမ်းနှစ်လှမ်း လှမ်းကာရှိသေး သူတို့နောက်ဘက်မှ အသံတွေ ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေတွေက တဗျီးဗျီး တိုက်ခတ်သံနှင့် လှုတွေ တိရစ္ဆာန်တွေ ပြေးသလို တဝုန်းဝုန်းအသံတွေ ကြားရသည်။

လေသာတိုက်သော်လည်း သစ်ပင်တွေမှာ ပက တိငြိမ်သက်နေသည်။

ရုတ်ချည်းပင် လင်းနေသော ဖျော့တော့တော့ လရောင်သည် သူတို့ရှေ့မှာ ပျောက်ကွယ်သွားသည်။

နှစ်ယောက်သား အမှောင်ထဲမှာ ရပ်နေမိကြ၏။

"ဒါ... တောချောက်တာပဲ နှင်းဖြူ... "

"ဟုတ်ပ... ဒါ ကိုရင်ရွှေဖုန်းလှ လက်ချက်ပဲ... အကျွန်တို့ သွားရာကို လိုက်ပိတ်ဆို့သဟာပေါ့... ကိုရင်ကြောက် လား... "

"မကြောက်ဘူး... "

"လာ... သွားမယ်... "

နှင်းဖြူက ဆိုတော့ စနေက

"ဒါလောက် မှောင်နဲ့မည်းမည်းထဲ... ဘယ်လိုလုပ်သွားမှာ လဲ... "

"ဟား... ဟား... ဟား... "

"ဝါး... ဟား... ဟား... "



တောချောက်သော ဝုန်းဒိုင်းအသံများကြားထဲမှ ရွှေဖုန်းလှ၏ ရယ်သံကြီး။

စနေ ဒေါသဖြစ်လာ၏။ အော်ဟစ်ဆဲဆို ပစ်သည်။ မှောင်ထဲတွင် ဓားတရမ်းရမ်း ပြုမိ၏။

"ကိုရင်ရယ်... အကျွန်ကိုလည်း ထိပါဦးမယ်... သင်း... အသံသာ ပြုနိုင်သဟာပါ... သည်အထိ မလိုက်လာနိုင် သေးပါဘူး... ကိုင်း လက်နှိပ်မီးဆိုသဟာ... အကျွန့်ကို ပေးစမ်း... "

စနေက ခါးကြားထဲမှ သူ့လက်နှိပ်ဓာတ်မီးကို ပေး လိုက်သည်။

နှင်းဖြူက မှောင်ထဲတွင် မြင်နေရသကဲ့သို့ သူ့ လက်နှိပ်ဓာတ်မီးကို ယူပြီးတော့ အသံတွေ ဆူညံနေရာဘက်ကို ပါးစပ်မှ တစ်စုံတစ်ခု ရေရွတ်ရင်း ပေါက်ပစ်လိုက်သည်။

အဲ့သည်အသံတွေ ချက်ချင်းငြိမ်ကျသွားသည်။

လရောင်သည်လည်း ချက်ချင်း ပြန်လင်းလာ၏။

အော်ဟစ်ရယ်သံကြီးသည်လည်း ပျောက်ကွယ် သွားချေ၏။

"လာ... ကိုရင် သွားကြမယ်... "

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူက ပြောပြီးသော် လှည့်ထွက်သွားသည်။ စနေကလည်း အမေပြေသွားပြီမို့ ယခင်အတိုင်း နှင်းဖြူနောက်သို့ သုတ်သုတ်လိုက်သွားပါတော့သည်။

မိမိလာခဲ့ရာ နေရာနှင့် နီးနေပြီဆိုတော့ အားရှိစရာပဲ။

✲✲✲✲✲



## ဇာတ်လမ်းစဉ် ၁၁

လသည် သူ့တာဝန်ကို ထမ်းမြဲထမ်းလျက်။

မြူနှင်းဝေဝေတွေကြားမှ ရောက်နေသောနေရာကို ကြည့်၍ စနေ အားတက်သွားသည်။

ဟောဒါ မငီပြင်တော့တဲ့ ကားလမ်း။

ဒါက တို့မော်တော်ကား။

ကားမှာ သစ်ပင်ကြီးတစ်ပင်ဘေးနားတွင် ဦးစိုက်ကာ ရှိနေသည်။ ကားတံခါးကလည်း ပွင့်နေလျက်။

မိမိထားခဲ့စဉ်တုန်းက အတိုင်းပဲ။

"ဟင်... ဒါ ဘာကြီးလဲ ကိုရင်ရဲ့... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောခဲ့ဖူးတဲ့ မော်တော်ကားဆိုတာပေါ့... နှင်းဖြူ မမြင်ဘူးသေးရင် သေသေချာချာကြည့်... "

စနေက ပြောလျက် ကားနားကပ်သွားသည်။

နှင်းဖြူက သူ့နားမှ လိုက်လာသည်။

"ကိုရင်... "

"အင်... "

နှုတ်မှ အသံမထွက်တထွက်ပြု၍ စနေက လှည့်ကြည့်၏။

"ကိုရင်... မပြန်ပါနဲ့လား ကိုရင်ရယ်... နှင်းဖြူတို့နဲ့ အတူ ကိုရင် နေလိုက်ပါတော့လား... နှင်းဖြူ... ကိုရင့်ကို ကောင်းကောင်းပြုစု စောင့်ရှောက်မှာပါ... "

"ကိုယ်လည်း သိပ်မပြန်ချင်ဘူး နှင်းဖြူ... ကိုယ့်ရင်ထဲမှာ ပြန်ရမယ်ဆိုရင်တောင် ငိုနေသလိုပဲ... ဒီခံစားမှုကြီးကို ကိုယ်က... အိမ်အထိ သယ်သွားရမှာ နှင်းဖြူ... "

"အစ်ကိုရယ်... ကိုရင်ရယ်... နှင်းဖြူလေ အစ်ကို့ကို ချစ်နေတယ်... ဒါပေမဲ့ မိန်းမသားမို့ မပြောသာလို့ ရင်ထဲမှာ မျိုသိပ်ခဲ့ရတာပါ ကိုရင်ရယ်... ကိုရင် မရှိရင်... နှင်းဖြူ ဘယ်လိုနေရမှန်းတောင် မသိဘူး... "



စနေ သူ့စိတ်ကို တင်းမထားနိုင်တော့ဘဲ နှင်းဖြူကို ဖက်လိုက်သည်။ ရင်ချင်းအပ်လိုက်မိ၏။ နှင်းဖြူ၏ ကိုယ်ကလေးမှာ ပျော့ပျောင်းစွာ သူ့လက်များထဲတွင် ရှိနေသလို မျက်နှာကလေးကလည်း မော့ပြီးသား။

စနေ စိတ်ကို ပြောင်းလိုက်၏။

ချက်ချင်းပဲ သူ့ရင်ခွင်ထဲမှ နှင်းဖြူကို ဆွဲထုတ်လိုက်၏။

"တို့လေ... နှင်းဖြူငယ်ကို ချစ်ပါတယ်... တို့ချစ်တာ ရွှန်းလဲ့နည်းတူ... နှင်းဖြူကို ချစ်တယ်... တို့ရင်ထဲမှာ ရွှန်းလဲ့ဆိုတာ မပျောက်လို့ မရသေးသရွေ့... နှင်းဖြူကို ချစ်မိတာတောင်... ရွှန်းလဲ့နဲ့ နှင်းဖြူ တူလို့ ရွှန်းလဲ့ကို ချစ်မိတဲ့... အချစ်နဲ့ ချစ်မိတာပါ... အဲ့ဒီအချစ်ကို အစားထိုး အချစ်လို့ ခေါ်မလားဘဲ... အဲ့ဒီ အချစ်မျိုးကို တို့... မလိုချင်ဘူး နှင်းဖြူ... ကိုယ့်ကိုယ်ကိုလည်း မညာချင်ဘူး... ဒီလို ပြောလိုက်လို့ နှင်းဖြူ... ကိုယ့်ကို စိတ်ဆိုးမလားတော့ မသိဘူး နှင်းဖြူရယ်... "

စနေ့ အသံမှာ ညင်သာသလို ကြွဲအက်လည်း ရှိနေပါသည်။ စနေ တစ်နည်းတစ်ဖုံ ခံစားနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့နှင့် တူသော နှင်းဖြူကို ရွှန်းလဲ့နှင့်တူလို့ ချစ်မိတာပါဟူသော အစားထိုးအချစ်နှင့် နှင်းဖြူကို မညှာချင်ပါ။

"ကိုရင်ရယ်... ကိုရင့် စိတ်ထဲမှာ ဘယ်လိုဖြစ်နေသယ် ဘာတွေခံစားမှု ရှိနေသယ်ဆိုတာ... နှင်းဖြူ သိသယ် နှင်းဖြူ... ကိုရင့်ကို စိတ်မဆိုးပါဘူး... နှင်းဖြူကသာ ကိုယ့် ရင့်ထဲရှိသဟာကို ထုတ်ပြရသာပ... "

ပြောကာ နှင်းဖြူ တစ်ချက်ရယ်လိုက်၏။ ရှက်ရယ် ရယ်လိုက်ခြင်းပေပဲလား။

"နှင်းဖြူ... မိန်းကလေးပါ... အိုးကမပူ စလောင်းကပူ လိုက်သဟာမျိုး မဟုတ်ဘူးပ ကိုရင်... လူမှာ အချစ်ရှိပြီး အဲ့ဒီအချစ်ကို ခွဲခွာရကာနီးမှာမို့... နှင်းဖြူ စတင်လိုက်သ ဟာပ... မိန်းမတို့ ဣန္ဒြေတော့ နှင်းဖြူမှာ ရှိလေရဲ့ ကိုရင် နှင်းဖြူကို အထင်မသေးပါနဲ့နော်... "

"ကိုယ်... နှင်းဖြူကို ဘယ်လိုမှ မထင်ပါဘူး... အချစ်ဆို တာ... တစ်ဦးက မစတင်ရင် တစ်ဦးက စတင်ရမှာပဲ ယောကျ်ားမိန်းမ ခွဲခြားမနေပါဘူး နှင်းဖြူရယ်... ကိုယ် ရွှန်းလဲ့ကို မေ့ပျောက်ပြီး... နှင်းဖြူကို နှင်းဖြူအနေနဲ့ ချစ်နိုင်တဲ့ တစ်နေ့မှာ ကိုယ်... ပြန်လာခဲ့ပါမယ်... "



စနေက နှင်းဖြူ၏ အေးစက်နေသော ပါးကလေး နှစ်ဖက်ကို ကိုင်၍ ပြောပြန်သည်။ ပါးကလေးတွေ အေးနေပေမဲ့ အသားလေးတွေ၏ ထိတွေ့မှုက ဖယောင်းသားလိုပဲ နူးညံ့သည်။

"နှင်းဖြူ... ကိုယ်ပြောတာ သဘောကျပါတယ်နော်... "

နှင်းဖြူက ပြုံးပြုံးကလေး ခေါင်းကိုညိတ်ပြသည်။

"ဒါဆိုရင်... ကိုယ့်ကို လက်ကမ်းပြီး လက်သန်းကလေး ကွေးပြ... "

"ဘာလုပ်မှာလဲ... "

"လုပ်မှာသာလုပ်ပါ... "

ပြုံးလျက်ကပင် နှင်းဖြူက သူမ၏ လက်ကလေး တစ်ဖက်ထုတ်၍ လက်သန်းကလေးတစ်ချောင်းတည်းကို ကွေးပြ သည်။ အဲ့သည်တော့ စနေက သူ၏လက်မှ လက်သန်းနှင့် လက် သန်းချင်း ချိတ်လိုက်၏။

"ဒါ... ဘာလုပ်တဲ့ အဓိပ္ပာယ်လဲ ကိုရင်... "

"ဒါ... တို့မြို့တွေမှာ လူငယ်တချို့ အချင်းချင်း... သဘော တူကျေနပ်တယ်ဆိုရင် လုပ်တတ်တဲ့ အဓိပ္ပာယ်ပဲ... တချို့ လက်ဝါးတစ်ခုပေါ် လက်ဝါးရိုက်တယ်... ဒါ... ကျေနပ် သဘောတူတဲ့ လက္ခဏာပဲ... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်တို့မြို့က… လူတွေဟာ အရူးတွေပဲ… "

"ဟုတ်တယ်… မြို့ကလူတွေဟာ အရူးတွေပဲ… မြို့မှာ ဥစ္စာရူး… မိန်းမရူး… ဆရာကြီးရူး… ရုပ်ရှင်ရူး… အနုပညာရူး အို စုံလို့စုံလို့ပဲလေ… လူဦးရေများတော့ လူတစ်ကိုယ် စိတ်ကူးတစ်မျိုးစီနဲ့ ရူးနေကြတာပဲပေါ့… မိန်းကလေးတွေက ပိုရူးသေး… ရုပ်ရှင်မင်းသမီး ဝတ်သလိုလို လိုက်ဝတ်ကြတယ်… လူတောထဲ အရှက်မရှိ ပုံစံတွေနဲ့ ရူးနေကြတာ…"

"ရုပ်ရှင်ဆိုသဟာ… ကိုရင်တို့ဆီမှာ ဘာဖြစ်လဲ… "

ဟော လာပြန်ချေပြီ။

ရှင်းပြနေလို့ကတော့ ပြီးမည်မဟုတ်။

"အဲ့ဒါတွေ… သိစေမြင်စေချင်လို့ နှင်းဖြူကို မြို့ကိုခေါ်တာပေါ့… ဒီတောနက် တောင်နက်ကြီးထဲမှာ ဘာမသိညာမသိနဲ့… ဘာလို့နေကြရတာလဲ… "

"ကိုယ့်အကြောင်းနဲ့ကိုယ် ရှိသပ ကိုရင်ရယ်… နှင်းဖြူ က… သည်တောသည်တောင်ကို အဖော်ပြုပြီး ဘာဖြစ်ရာကိုမှ သွားလို့ရသဟာ မဟုတ်ပဲပ… "

ပြောရင်းပင် နှင်းဖြူ၏ အပြုံးကလေးများပျောက်ကွယ်ကာ မျက်နှာညှိုးသယောင် ဖြစ်သွားချေ၏။



"နှင်းဖြူတို့ဟာ… ရိုးသားတဲ့လူတွေပါပဲ… နေထိုင်ကြတာတွေ… ပြောကြတာတွေဟာ… ရှေးတုန်းက မြန်မာတွေပြောခဲ့ကြသလိုပဲ… နှင်းဖြူတို့ဟာ လူမျိုးစုတစ်စုတော့ မဟုတ်ပါဘူး… ဒါပေမဲ့ ကိုယ်သိချင်တာက… နှင်းဖြူတို့ဟာ ဘယ်သူတွေလဲ… "

နှင်းဖြူ ပြန်ဖြေဖို့တောင် မလိုပါ။

ချက်ချင်းဆိုသလို မှုန်မွှားသော လရောင်အောက်ခွင်ပင် အော်မြည်သံတစ်ခုကို ကြားကြရသည်။

ဆင်အော်သံလိုလို၊ လူတော့ အော်သံလိုလို။

ချက်ချင်းပဲ အရိပ်သဏ္ဍာန်တွေက ပေါ်လာ၏။ သစ်ပင်တွေကြားထဲမှ လူနှစ်ယောက် ထွက်လာ၏။

ကျားတစ်ကောင်ကို လူနှစ်ယောက် ခွစီးလာကြ၏။ သူတို့ကို နှင်းဖြူတို့က မြင်သလို နှင်းဖြူတို့ကလည်း သူတို့ကို မြင်သည်။

လူတွေမှ ဟုတ်ပါလေစ။

ပုံပြင်ထဲ၊ ရာဇဝင်ထဲ၊ ရုပ်ထုတွေမှာ မင်းကြီးမင်းကလေး ကျားစီးတယ်လို့သာ ဖတ်ဖူးကြားဖူးမြင်ဖူးသည်။

လူနှစ်ယောက် ကျားစီးလာတာ မမြင်ဘူးပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က စနေတို့ ရှာနေသော ရွှေဖုန်းလူနှ ပန်းမွှေးသာဖြစ်သည်။

"ဟုတ်ပေ့ဟေ့... ဟုတ်ပ... ဖုတ်ပေဟေ့... တို့ရှာသူ သင်းက... ရာရာသသ ခိုးပြေးမလို့ပေါ့လေ... ဟေ့ သူခိုး မပြေးနဲ့... "

ကျားပေါ်မှ ရွှေဖုန်းလူက အော်ပြော၏။ သူ့အော် သံကြီးက ကျယ်သည်။ ကျားပေါ်မှ ခုန်ဆင်းကြသည်။ ကျား စနေနှင့် နှင်းဖြူနှစ်ယောက်အနက် နှင်းဖြူကိုမြင်တော့ ဝပ်သွား ၏။

"ဗျူ့ဃ... နင့်နေရာ နင်ပြန်... "

နှင်းဖြူသည် တစ်နေရာကို လက်ညှိုးလျက် အမိန့် အာဏာသံနှင့် ပြောသည်။ ကျားက နောက်ဘက်ကို နောက်ကျွမ်း တစ်ချက်ပစ်ကာ တောထဲဝင်ပြေးသွားသည်။

စနေသည် လူနှစ်ယောက်ကိုသာ အံ့သြဘနန်း ကြည့်နေမိ၏။

သူတို့ လူမဟုတ်ကြတာကိုတော့ ဆုံးဖြတ်ရခေ လှဘိ။

"ကိုရင်ဖုန်း... နှောင့်ယှက်ဖို့ မလုပ်နဲ့နော"



နှင်းဖြူပြောရတာ ဒေါသမပါပေမဲ့ မခံချင်စိတ်တော့ ပါနေသည်။

ရွှေဖုန်းလူနှင့် ပန်းမွှေးမှာ ကျားသာစီးလာသည်။

သူတို့၏ ပင်ကိုယ်မျက်နှာ၊ ပင်ကိုယ်ခန္ဓာရုပ်တွေက လူအတိုင်းပဲ။

ရွှေဖုန်းလူက နှုတ်ခမ်းမွှေးသပ်လိုက်သည်။

"သူခိုးကို ခိုးထုပ်ခိုးထည်နဲ့ မိသကိုး... ဟင်း... မင်းဘဏ္ဍာ သူ့ဟာမှတ်လို့ဟဲ့... "

✲✲✲✲✲

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်လမ်းစဉ် ၁၂

စနေက မပြောဘဲ လက်ထဲမှ ဓားကိုဆုပ်နေသည်။

ဟိုနှစ်ယောက်ကလည်း ယခုထိဓားကို ထုတ်ကြ
မည့်ဟန်မရှိသေး။

"အကျွန့်သဘောနဲ့... အကျွန် လိုက်လာတာပဲပ... သဟာ
ကို ကိုရင်တို့... သူ့ကို ဘာဇာမှ ပြောစရာမလိုဘူး... "

နှင်းဖြူသည် စနေ၏ရှေ့တွင် ဝင်ရပ်လိုက်သည်။
စကားကို တင်းတင်းမာမာပဲ ပြော၏။

"ရွှေ... ဟုတ်လှချည်... အမိက သူ့အတွက် ရှေ့ကစကား
ပြောသကိုး... အရပ်ကတို့ရေ... အသူက အမိကို ရှေ့နေ
လုပ်ဖို့ကောင်းသတုန်း... အမိအနေသာကြီးပ... "



"ကိုရင်တို့က တစ်နယ်သားကို နိုင်တက်စီးနင်း ပြောသဟာ
ကို... ဒါကို အကျွန်မခံနိုင်လို့ ပြောသပ... ဘယ်ရှေ့နေရှေ့
လဲမှ လုပ်ဖို့မလိုဘူး... မတရားသာ မတရားသဟာပဲ
တော်ရေ... သဟာကြီးကို... အကျွန်က ကြည့်နေရမလား
ပဲကြီးကြားထဲ သဲညှပ်တယ်ပဲဆိုဆို... အကျွန်ကတော့ ဝင်
ပါရမှာပဲ... "

"ကိုရင်ပနီးမွေးရေ... ကျုပ်တို့ရဲ့ ရွာခံမြေခံကတော့...
ထင်းရှူးကို လက်မခံဘဲ တစ်နယ်သားတမာကိုမှ... လက်
ခံပေါက်စေချင်ပါပေ့လား... ဒင်းကို ကျုပ်က ချစ်လို့သည်း
ခံခဲ့သမျှ... အခုတော့ ကျုပ်ခေါင်းပေါ် တက်ရပ်ချင်ပြီ
လေ... "

"ကောင်မလေးကို ဆုံးမမှဘဲ... ပြီးတော့ သူ့ကို... ကြေး
ထမ်းကြီးအထုက ဆွဲချရမယ်... "

"ဂေ... းသယ်... ကိုရင် ပြောသဟာ ကိုက်ညီသွဲ့စကား
ပေပဲပ... ကဲ... နှင်းဖြူ ဖယ်လိုက်... "

"တော်ရို့က... ဘာဇာလုပ်မှာလဲ... "

"ဒီကောင့်ကို သတ်မယ်... ဓားစာကျွေးမယ်... "

"အလိုတော်... စကားပြောလွယ်လှချည်လား ဟရို့ရဲ့...

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရှိတုန်း တော်ရိုလုပ်လို့ရမယ် ထင်သလား... ဗေ

စမ်း... ကိုရင်... ”

နှင်းဖြူ သွက်လှသည်။

ပြောလည်းပြောဆို ဓားကိုလည်း စနေလက်ထဲ

လှယူလိုက်သည်။ စနေငြင်းပယ်ချိန်တောင် မရဘဲ ဓားကနှင်းဖြူ

လက်ထဲပါသွား၏။ ဖုန်းရွှေလူက

“နှင်းဖြူ... ဖယ်... ”

“ဖယ်ပေါင်... အကျွန်ုပ်ကို တော်ရိုသတ်ပြီးမှ သူ့ကို ထိလို့ရ

မယ်... ”

“နှင်းဖြူနဲ့ သည်ကောင်နဲ့... ဘာဆိုင်သပ... ”

“ဆိုင်သပ ကိုရင်ရယ်... သင်းကို ကျုပ်က... ချစ်နေသလား

သင်းထိရင် ဓားကြည့်... ”

“ကောင်မ... ဖယ်နော်... ”

“မဖယ်ဘူးပ... ”

“ကိုင်းကွယ်... မဖယ်နဲ့ဦးလှပ... ”

ဓားကို ကျောဘက်မှ လျှပ်စစ်ပြက်သလို ရွှေလ

လူက ထုတ်ကာ ပန်းကုံးပြတ် ခုတ်ချလိုက်သည်။

အကွာအဝေးက သိပ်မရှိ။



ဓားတစ်ကမ်း အကွာပဲ။

သူ့ဓားကို နှင်းဖြူက မျက်နှာကာဆီးခံဓားနှင့် ဆီး

ခံလိုက်၏။ ချွင်ခနဲ မြည်သံနှင့် မီးပေါက်တစ်ပေါက် ပွင့်သွား၏။

ဒေါသဒေါသချင်းတွေ့သော် အဲ့သည်လိုပဲ မီးပွင့်

တာပဲ။ ဓားပွဲထဲကို ကိုပန်းမွှေးပါ ဝင်ပါလာသည်။

သူက စွန်ဘုတ်ထိုး ဓားချက်နှင့် ဆက်ရက်ခုန်ခုန်

ပြီး နှင်းဖြူရင်အုံထဲ ဓားမပြီးသွင်းသည်။

ရှင့်ဓားက ဘာဓားတုန်း။

လာစမ်းလေ့။

နှင်းဖြူက ယင်းဓားကို လက်ပြန် ကြက်ခေါင်းစိုက်

ဓားချက်နှင့် ဖယ်ရှား၍ ဆက်ရက်ခုန်ခုန်ကာ ဘယ်ဘက်လည်

လျှောက်၊ အသည်းထုတ်ဖောက်၊ ခေါင်းကို နောက်ရောက်အောင်

ခုတ်ပစ်၏။

ရို... ရို သည်မိန်းကလေး ဓားကြောဓားရည် မာလှ

သကော။

အတွေးနှင့် ပန်းမွှေးနောက်ဆုတ်သွားသည်။

ပန်းမွှေးမှာ တစ်ခါမှ နှင်းဖြူနှင့် ဓားပွဲမခင်းဖူးပါ။

ကောင်မက မာသယ်နော့။

www.burmeseclassic.com

www.burmeseclassic.com



ပန်းမွှေး နောက်ဆုတ်သွားသည်။ ဒါကို မြင်တော့ နှင်းဖြူ ပြုံးသွားသည်။

စနေမှာ လက်ထဲဘာမှမရှိတာကြောင့် အူကြောင်ကြောင်ကြီး ဖြစ်နေသည်။

နှင်းဖြူကို ဝင်ကူဖို့ ဘယ်လိုကူရမှန်းမသိ။

အဲ့သည်အချိန်တွင် နှင်းဖြူမှာ အကြောက်အလန့်မဲ့စွာ ယောကျ်ားသားနှစ်ဦးနှင့် ဓားပွဲကို ဖန်တီးနေချေပြီ။

သူတို့ သုံးယောက်၏ လှုပ်ရှားမှုတွေက ရိပ်ခနဲ ရိပ်ခနဲသာ မြင်ရသည်။

မြေပြင်ပေါ်တွင် တစ်ခါတစ်လေ မြေကိုခြေနင်း မထိဘဲ လေထဲခုန်လွှား ခုတ်ထစ်ရှောင်တိမ်း ဓားချက်တွေကိုယ်ကို ကိန်းအောင်းမနေကြရအောင် ကစားကြသည်။

ခုတ်လိုက်စမ်း လဟာပန်းကုံးပြတ်။

ထိုးလိုက်စမ်း ဟာလက် ကတော့ထိုး။

သုတ်လိုက်စမ်း ဟာစွန်သုတ်ကလေး။

ချင်း မိန်းကလေး ဘဇာသွဲ့တုန်း။ ခေါင်းပြတ်ချင်း ရပ်မည့်ပွဲ။

ယောကျ်ားသားနှစ်ယောက် အားကြိုးမာန်တက်



ခုတ်ကြသလို နှင်းဖြူက ကာသည်။ ဖယ်သည်။ တိမ်းသည်။ ရှောင်သည်။

လာလေရှေ့ စွန်ဘုတ်ထိုး။

သွားလေရှေ့ သက်တင့်ရေသောက် ဘယက် လည်ပျော့ပျောက်။

ပြတ်လေရှေ့ချင့်လည်ပင်း။

အားမာန်ကလေးအပြည့်နှင့် ဓားနှစ်လက်ကို တစ်သက်နှင့် အားပြိုင်၏။ ဓားသွားက နှင်းထဲမှာ ငှက်တစ်ကောင်ပျံသည်နှင့်တောင် မြန်သေး။

မည်းခနဲ သည်းခနဲ။

တစ်ချိန်တွင် ပန်းမွှေးဓားက စကောပြတ်ဝင်သည်။ သူမက ခေါင်းကလေးငုံ့ပေးသည်။ ဓားက ခေါင်းထက်ကျော် အသွားမှာ သူမ၏ဓားဦးနှင့် ပန်းမွှေးဝမ်းဗိုက်ထဲ ဆက်ထိုးထည့်လိုက်သည်။

ပန်းမွှေး နောက်ဘက်ကို ဆုတ်သည်။

ခြေကွက်မဟန်တော့ ချော်လဲသည်။ သူမက ပန်းမွှေးကို ဆင့်ကာဆင့်ကာ ခုတ်သည်။

ပန်းမွှေးက ဓားစင်းခံသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ခုတ် နှစ်ချက်ခုတ် သုံးချက်ခုတ်။

ဓားသွားချင်းထိသံ ပြင်းထန်သည်။

"ကိုရင်ဖုန်းလူရေ… ကူပါဦးဟ… ကူပါဦး… "

သူက အရေးတကြီး အကူအညီတောင်းစဉ် နှင်းဖြူနားသို့ ရွှေဖုန်းလူ ဝင်လာသည်။ ဝင်လာသည်ဆိုကတည်းက ထိုးထားနှင့်။

"နှင်းဖြူ… သတိထား… "

ရုတ်တရက်ပင် စနေက အော်ပြီး သတိပေးလိုက်သည်။ သူ သတိပေးချိန်မှာ နှင်းဖြူက ထိုးဓားကို ကိုယ်ကလေးယို့ ရှောင်သလိုလေး ကွက်ခြေပြည့် ခုန်ထွက်သွားသည်။

မိမိအဖို့ ဓားပွဲကြည့်နေလို့တော့ ဟန်မည်မထင်။ သူတို့က ဓားကောင်းတွေ၊ အားကောင်းမောင်းသန် ယောကျ်ားတွေဆိုတော့ နှင်းဖြူ ရှုံးမှာသေချာသည်။

ခေါင်းထဲ စိတ်ကူးဝင်လာသည်။

သေနတ်။ သေနတ်။ မိမိရဲ့ သေနတ်။

ကားထဲမှာ သေနတ်ထားခဲ့တာပဲ။ အဲ့သည် သေနတ်ကို ရလျှင် မိမိအတွက် လက်နက်ကောင်းတစ်ခုရတာပဲ။

သူက ကားရှိရာသို့ပြေးသည်။



ကားက သူနှင့် မဝေးလှပါ။ သူပြေးတာကို လူနှစ်ယောက်မြင်သည်။ ရွှေဖုန်းလူကပဲ အော်သည်။

"ကိုရင်ပန်းမွှေး… စနေထွန်း ပြေးပြီ… လိုက်သတ်စမ်း… "

ပန်းမွှေးကလည်း မြန်ပါရဲ့။

စနေ နောက်ကို လိုက်သည်။ ပန်းမွှေး စနေ နောက်လိုက်တာကို နှင်းဖြူမြင်သည်။ သူက ပန်းမွှေးရှေ့မှ ဆီးလင့်သည်။

"မိုင်းတာမ… "

ရေရွတ်ဆဲဆိုမှုနှင့်အတူ သူမက ဓားနှင့်ကာဆီးခံလိုက်စဉ် သူမ၏ နွားသားရေဖိနပ်စီးထားသော ခြေထောက်ဖြင့် ပန်းမွှေးဆီးခုံကို ဆောင့်ကန်ထည့်လိုက်သည်။

ပန်းမွှေး လွင့်ထွက်သွားသည်။

"ဘယ်လိုလဲ ကိုရင်ပန်း… ဓားကိုင်ရင် ဓားပိုင်မဖြစ်မယ်ပေါ့… အခုတော့ ကိုရင့်ကိုယ်က ပိန္နဲသီးအကန်ခံရသလို ပါပဲလား… "

သူမ၏ လှောင်တော့တော့အသံ။

"အေး… နင့်အတွက် ရေတံခါးသည် ဓားနှင့်ဖွင့်မပေး… "

သူမအနားသို့ ရွှေဖုန်းလူ ရောက်လာသည်။ ဓား

www.burmeseclassic.com



ချက်တွေ ဆက်ဆက်သွင်းသည်။

သည့်တစ်ခါ ဓားက ရိုးရိုးစင်းစင်းမဟုတ်ဘဲ ပရိ

ယာယ်ဓားချက်တွေပါလာသည်။

ဘယ်ကို ခုတ်မည်ပြုပြီးမှ ညာကိုခုတ်သည်။ ညာ

ကို ခုတ်မည်ပြုပြီးမှ ဘယ်ကို ခုတ်သည်။

ချင်း ရှောင်နိုင်လျှင် ရှောင်ရောပဲ။

စနေမှာ သူ့ဆီပန်းမွေး ဝင်လာခဲ့လို့ လမ်းမှ နှင်း

ဖြူက ဆီးကြိုဓားရှင်းတာကို မသိဘဲ ကားရှေ့ခန်းတံခါး ဖွင့်နေ

သည့်ကြားမှ ဒက်(ရှ်)ဘုတ်ကို လက်လှမ်းပြီး ဒက်(ရှ်)ဘုတ်ထဲမှ

ပစ္စတို(လ်)ကို ဆွဲထုတ်သည်။

အဲ့သည်မှာ အော်သံလေး တစ်ချက်ကြားလိုက်ရ

သည်။ နှင်းဖြူ အော်သံလေး။ နာကျင်လို့ အော်လိုက်သည့်အသံ။

စနေသည် ဆတ်ခနဲ လှည့်လိုက်သည်။

မြင်ကွင်းက မြင်ကွင်းကောင်း မဟုတ်တော့။

ရွှေဖုန်းလူသည် ဓားကြီးကိုင်ကာ သူ့ဘက်ကို

ကျောပေးရပ်နေသည်။

နှင်းဖြူသည်မြေပြင်ပေါ်တွင်စင်းစင်းလဲနေသည်။

ပန်းမွေးသည် ဓားကိုဆကာဆကာ ကိုင်လျက်



နေဘက်ကို တိုးလာ၏။

ပန်းမွေး၏ မျက်လုံးတွေကို စနေသည် တစ်သက်

ခုမည်မဟုတ်ပါ။

ဒေါသကြောင့် မျက်လုံးကြီးနှစ်လုံးမှာ ရဲရဲနီနေ

သည်။ ပါးစပ်ကြီးက ရွဲ့နေသည်။

စနေက သူ့ပစ္စတို(လ်) အီဂျက်တာကို ညာလက်

မနှင့် အုပ်၍ ပေါင်တွင် ခင်ကိုထောက်ကာ မောင်းတင်လိုက်

သည်။

အမြဲတန်း လေ့ကျင့်နေကြမို့ မခဲယဉ်းပါ။

ပြီးတော့ ပန်းမွေး၏ မျက်လုံးတစ်ဘက်ထဲကို

ချိန်ရွယ်ချိန်ပြီး မောင်းကို ညှစ်ချလိုက်သည်။

"ဒိုင်း... "

နှင်းထုကို ဖောက်ခွဲခြင်း၊ ညဥ့်ရဲ့လျှာတိတ်ဆိတ်မှု

ကို ဖောက်ခွဲခြင်းဖြင့် ယမ်းအား ပေါက်ကွဲမှုက နှောင့်ယှက်ပစ်

လိုက်သည်။ စူးစူးရှရှ အော်သံနှင့် ပန်းမွေးသည် မျက်လုံးများကို

လက်နှင့်အုပ်လိုက်၏။

"ဒိုင်း... "

နောက်တစ်ခါက် ပေါက်ကွဲမှု။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်တော့ ရင်အုပ်ထဲကို ကျည်ဆန်က တန်းဝင်သွားသည်။ ပန်းမွေးသည် အော်ဟစ်၍ မြေပြင်တွင်လူး လိမ့်နေ၏။

နှင်းဖြူကို ခုတ်အုံ့ဆဲဆဲမှ ရွှေဖုန်းလူက လှည့် ကြည့်၏။ အဖြစ်ကို မြင်ရသည်။

သူက ဓားကို မြှောက်ကာ စနေဘက်သို့ ပြေးလာ သည်။

"ဒိုင်း... ဒိုင်း..."

သူ့ ကျယ်ပြန့်သောရင်အုံထဲကို ကျည်ဆန်တွေ ဖောက်ဝင်သွားအောင် စနေက ဘာ့ရက်တာ ပစ္စတို(လ်)မောင်း ကို နှစ်ချက်ညှစ်ချလိုက်ပြီး ဖြစ်သည်။

မြင်းကန်ခံရသလို ရွှေဖုန်းလူမှာ နောက်ကို လန် ထွက်သွားသည်။ ဓားလည်း လွတ်သွားသည်။

ရင်အုံနှစ်ဘက်ကို လက်နှစ်ဘက်နှင့်ဖိကာ ပစ်လဲ ကျသွား၏။ သူသည်လည်း ပန်းမွေးလိုပဲ လူးလိမ့်နေသည်။

ချက်ချင်းပင် ထရပ်၍ သစ်ပင်တွေကြားထဲ ပါးစပ် မှအော်ကာ ဝင်ပြေးသည်။

ပန်းမွေးလည်း ထို့အတူပဲ။



ထို့ ဒယီးဒယိုင်နှင့် ရွှေဖုန်းလူ ဝင်ပြေးရာနောက် ဘက်ကို လိုက်ဝင်ပြေးသည်။

သူတို့ ဘယ်တော့မှ ပြန်လာကြမည်မဟုတ်တော့။

စနေသည် ပစ္စတို(လ်)ကိုင်လျက် နှင်းဖြူဘက်ကို သွား၏။ နှင်းဖြူမှာ ထရပ်နေသည်။

သူမ၏ လက်တစ်ဘက်မှာ လက်ကောက်ဝတ်မှ တိတိကြီး ပြတ်ထွက်နေသည်။

ဓားကို ဆုပ်ကိုင်ထားဆဲ ဖြစ်သောလက်ကြီးတစ် ဘက်မှာ မြေပြင်တွင် ကျနေသည်။

စနေသည် နှင်းဖြူကို ငေးကြည့်နေသည်။

ထူးဆန်းလိုက်တာ။

နှင်းဖြူ၏ ပြတ်နေသောလက်မှ သွေးတစ်စက်မှ ထွက်ကျမလာခြင်းဖြစ်သည်။ သွေးလည်း မမြင်ရ။

နှင်းဖြူသည် စနေကို မကြည့်ဘဲ ပြတ်နေသော သူမ၏ လက်ပြတ်ကြီးကို ကျန်အကောင်းပကတိလက်တစ်ဘက် နှင့် သွားရောက်ကုန်းကောက်လိုက်သည်။

"ဟာ..."

စနေ နှုတ်မှ အသံထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ပြွတ်ကြီးကိုကောက်၍ ပြွတ်နေသော
ကောက်ဝတ်တွင် သူမက ဆက်လိုက်တော့ စနေ၏ မျက်လုံး
ထဲတွင် အကောင်းပကတိ ဖြစ်သွားခဲ့တာကို မြင်လိုက်ရသည်
သူ ဗီဒီယိုကားများထဲတွင် ROBOT ခေါ် စက်
ဓာတ်ကောင်တွေကို ကြည့်ခဲ့ရာ ယခု ထိုနည်းနှင်နှင်ပုံစံပဲ။
လက်ကိုတပ်ပြီးလျှင် တပ်ပြီးချင်း နှင်းဖြူသည်
သနားဖွယ်ရာ ကြေကွဲဆို့နင့်သံလေးနှင့် အော်မြည်၍ ရွှေ
ပြေးသော သစ်ပင်တွေကြားထဲ တိုးဝင်ပျောက်ကွယ်သွားသည်
စနေက နှင်းဖြူပြေးရာဘက်ကို လိုက်ပြေးကြည့်
၏။ လရောင်က ထင်းရှူးများ၊ မိုးမခပင်များကြားထဲ ပျောက်
ပျောက်ကျား အလင်းရောင်ထိုးနေ၏။
နှင်းဖြူကို မတွေ့ရတော့ပါ။
"နှင်းဖြူရေ... နှင်းဖြူ... ညီမလေး..."
သစ်ပင်တွေကြားထဲ တကြော်ကြော်ခေါ်ရင်း
လိုက်ရှာ၏။ နှင်းဖြူကို မတွေ့ရတော့ပါ။ အရိပ်အယောင်တော
မရှိ။
"နှင်းဖြူရယ်... မင်းဘယ်သူလဲကွယ်... ဘာဖြစ်လို့ ထွက်
ပြေးတာလဲ... မင်းဘယ်သူပဲဖြစ်ဖြစ် ငါချစ်နေမှာပါ..."



နောက်ဆုံးတမ်းတခြင်းဖြင့် ရေရွတ်သည်။
သည်စဉ်မှာ အသံတစ်ခု ကြားလိုက်ရသည်။ ပထ
မတော့ တိုးတိုးလေး။ နောက် တစတစ ကျယ်လောင်လာသည်။
ကွင်းပြင်တစ်ခုထဲမှာ လေဖွေတိုက်ခတ်လာသည့်
အသံ။ ထိုအသံတွေက တဝေါဝေါ ဆူညံလာသည်။
သူရှိရာသို့ လာနေသည်။
တောချောက်တာပဲလား။
သူက တွေးထင်လိုက်ချိန်မှာ လေလုံးကြီးတစ်ခုက
သူ့ဆီပြေးဝင်တိုးဝှေ့လာတာမျိုး ခံစားလိုက်ရသည်။
လေရှိန်က သူ့ကိုတစ်ကိုယ်လုံး ပင့်မြှောက်ချီမ
လိုက်သည်။ သူ့ကိုယ်သည် မြေမှ လွတ်၍ လေထဲမှာ ယက်ကန်
ယက်ကန်ဖြစ်သွားသည်။
ဘယ်တုန်းကမှ မကြောက်ဘူးဟု သူ့ကိုယ်သူ ယူ
ဆခဲ့သော စနေတွင်နှမှာ သည်တစ်ခါ ကြောက်စိတ်ပေါ်လာသည်။
နှုတ်မှ ရောက်တတ်ရာရာ အော်ဟစ်သည်။
ထိုစဉ်မှာပဲ လေထုက သူ့ကို ပင့်လိုက်ပြန်သဖြင့်
တစ်ကိုယ်လုံး မြောက်ကြွကာ သစ်ပင်တစ်ပင်၏ ပင်စည်နှင့် သူ့
ဦးခေါင်းသွားရိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးပေါ်သို့ သူပြုတ်ကျသွား၏။

နာကျင်မှုသည် သူတစ်ကိုယ်လုံးကို လွှမ်းသ

သည်။

အမှောင်သည် သူနှင့် ဝင်ရောက်ပူးပေါင်းလ

တာကို သိလိုက်သည့်အချိန်က သူ၏ နောက်ဆုံးခံစားချက်

သိလိုက်သောအချိန်ပဲ ဖြစ်သည်။

ရွှန်းလဲ့ကို သတိမရ။

နှင်းဖြူကို သတိမရတော့။

သူ့ကိုယ်သူလည်း သတိမရတော့ပါ။

✲✲✲✲✲



## ဓာတ် လ မ်း စဉ် ၁၃

ဝိုးမွားကောင်လေးတွေ တစီစီအော်မြည်နေသည်။

သူ့ခေါင်းထဲ အဓိပ္ပာယ်ရှိသော အသိအဖြစ်

ဝင်လာတာက ဝိုးမွားကောင် တစီစီအသံပဲ ဖြစ်သည်။

ဒုတိယ သတိပြုမိသော အသိက ချမ်းအေးခြင်း

ပင်ဖြစ်သည်။

"နှင်း... နှင်းဖြူရယ်... နှင်းဖြူ..."

သတိဝင်လာလာခြင်း ဦးစွာရေရွတ်လိုက်သည်က

နှင်းဖြူ၏ အမည်ကလေးပဲ။

"အာ... ယား..."

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ညည်းလိုက်၏။ အအေးဓာတ်ကြောင့် အကြောတွေ တောင့်တင်းကာ ခေါင်းမှာ အုံနေသလို။

သူက ဝေဒနာကို ဖယ်ရှား၏။ မျက်လုံးတွေကို ဖွင့်လိုက်သည်။ ဘေးတွင် အမှောင်ကလည်းကောင်း၊ နှင်းမြူများကလည်းကောင်း ကြီးစိုးနေဆဲ။

မကောင်းဆိုးဝါးဆန်သော လေတိုက်သံတွေကိုလည်း မကြားရတော့ပါ။

သူ့ကိုယ်ကို ကုန်းရုန်းထစေလိုက်သည်။

"ဟင်... "

သူ အသံထွက်သွား၏။ အံ့ဩမှု ပိုသွားသည်။

ဦးစွာ သူရှုပြုမိတာက သူသည် နှင်းဖြူနောက်လိုက်သော သစ်ပင်တွေကြားမှာ မဟုတ်တော့ဘဲ သူ့မော်တော်ကားဘေးနားမှာပဲ ဖြစ်၏။ ချက်ချင်း သူ သတိပြန်ရ၏။

မိမိမော်တော်ကားမောင်းရာမှ တစ်စုံတစ်ခုနှင့် တိုက်မိကာ ကားပေါ်မှ လွင့်ကျလာခဲ့သည် မဟုတ်လား။

ဒါဆို သူ့ကိုယ်ကြီးက မကောင်းဆိုးဝါးဆန်သော လေထုနှင့်တွေ့ပြီး သစ်ပင်နှင့်ဆောင့်မိခဲ့တာကကော။

သူ့တစ်ကိုယ်လုံးကို စစ်ဆေးသည်။ နာကျင်ခြင်း၊



ကိုက်ခဲခြင်း၊ ဝေဒနာ မရှိပါပေ။

ဘယ်လိုတွေ ခံစားနေရတာလဲ။

ပတ်ဝန်းကျင်ကို ကြည့်တော့ အားလုံး တိတ်ဆိတ်နေ၏။ သူ သတိမရခင်က ကြုံတွေ့ခဲ့သော ဓားပွဲတွေ အော်သံတွေမရှိ။

စနေသည် ခေါင်းကို ယမ်းလိုက်၏။ သူ့လက်သည် ကားကိုယ်ထည်ကို စမ်း၏။ စက်ခေါင်းပိုင်းက အဖုံးတွေ၊ မားကတ်တွေ ရှဲလ်တွေကို မှောင်ထဲမှာ စမ်းသည်။

ဘုရားရေ ကားကအကောင်းပကတိပါလား။

ရှေ့ဘီး တစ်ဘီးအောက်ရှေ့ရှိ ကြီးမားသော ကျောက်တုံးကြီးတစ်တုံးလည်း စမ်းမိသည်။

ဒါတွေက ဘာသဘောလဲ။

ပြီးခဲ့တဲ့ လေးငါးရက်က သည်မှာ သူ့ကားက သစ်ပင်တစ်ပင်ကို ဝင်တိုက်ပြီး ရှေ့ဘေးခန်း ပျက်စီးသွားတာပဲ။ ကလေးနှစ်ဦးကို ကားမီးရောင်ရှေ့မှာ ရုတ်ခနဲ တွေ့ရလို့ ရှောင်လိုက်ကာမှ သူ့ကားက သစ်ပင်တစ်ပင်ကို တိုက်ခဲ့၏။ ကားလည်း ပျက်စီးခဲ့၏။

သူလည်း တောနက်ထဲရောက်၍ နှင်းဖြူတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆုံဆည်းခဲ့ရသည်။ ခုဖြစ်တာက တစ်မျိုး။

မူလ ပထမက သတိမေ့ခဲ့ပြီးမှ ပြန်သတိဝင်လာ သည်။ ဘယ်လိုလဲဟာ။

အိပ်မက်ပဲလား။

သူ့မေးရိုးကို လက်သီးနှင့် ခပ်နာနာ ထိုးလိုက် အား... နာလိုက်တာ အိပ်မက်မဟုတ်ပါ။ တကယ်သတိရနေ၏။ ဒါဆို နှင်းဖြူတို့နှင့် တွေ့ခဲ့တာကော။

တွေဝေသောစိတ်သည် သူ့ကို ဖုံးသွား၏။

နှင်းဖြူကြောင့် ခံစားရသော ဝေဒနာက ရင်ထဲ နာကျင်နေဆဲပဲ။

မှောင်ထဲမှာ ငိုင်ရပ်နေသည်။ တကယ်ဖြစ်ခဲ့သော အဖြစ်ဆိုလျှင် သူသည်တောထဲမှာ ရှိနေရမည်။ ယခုလမ်းဘေး က သစ်ပင်နား ကားနားမှာ ရှိမည်မဟုတ်ပါ။

ရှုပ်ထွေးသော စိတ်နှင့် ကားရှေ့ခန်းက မီးခလုတ် ကို ဖွင့်ကြည့်၏။

အံ့အားသင့်သွားသည်။

ကားမီးက ကားထဲမှာလာနေသည်။ တစ်ဖန် ရှေ့မီးတွေကို ဖွင့်ကြည့်၏။



ကားရှေ့မီးတွေကလည်း လင်းထွက်သွားသည်။

ဟင် စောစောပိုင်းကတော့ ကားပျက်လို့ မီး တောင်မလာ။

သူက ကားရှေ့ပိုင်းကို စစ်ဆေးရာ ကားအခန့်ဝါနား အနည်းငယ် ခွက်ဝင်သွားတာကလွဲလို့ ဆူပါဆလွန်းတစ်ခုလုံး အကောင်းပကတိ။

ကားရှေ့ဘီးတစ်ခုက ကျောက်တုံးကြီးတစ်ခုကို နင်းမိပြီး ကားက ထိုကျောက်တုံးနှင့် တိုက်မိခြင်းသာဖြစ်သည်။

သူသည် နှင်းဖြူနှင့် တွေ့ခဲ့တာကို သူ့ သတိမေ့ပြီး အိပ်မက်လို မက်ခဲ့တာလား၊ တကယ်ပဲ ဖြစ်ခဲ့သလားဆိုတာကို ဝေခွဲနိုင်ဖြစ်နေ၏။

တကယ်ဖြစ်ခဲ့တာဆိုလျှင် ယခု သူ့ကားသည် အကောင်းပကတိ ရှိနေမည်မဟုတ်။

ကားစက်ပျက်ကာ မီးလည်းမလာ၊ ကားကိုယ် ထည်လည်း ပျက်စီးနေမည်သာ ရှိရမည်။

ယခု လက်ငင်းက ကားက ကောင်းနေသည်။

ချက်ချင်း တစ်ခုကို သတိရ၏။ သူ နှင်းဖြူဆီကို သွားခဲ့စဉ်က လက်ပတ်နာရီသည် ဆယ့်နှစ်နာရီခွဲလောက်မှာ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



၏။ နာရီစက်ပါ ချွတ်ယွင်းပြီး နာရီလက်တံတွေ မသွားခဲ့တော့။

ကားမီးရောင် အောက်မှာ သူ့ရိုးလက်(စ်)လက် ပတ်နာရီ ပတ်ထားသော လက်ကို ထောင်ကြည့်၏။

"ဟင်... "

နာရီ လက်တံတွေက ဆယ့်နှစ်နာရီခွဲ တိတိမှာပဲ ရပ်နေခဲ့သည်။ နာရီစက်က မသွားတော့ပါ။

"ဘုရားရေ... "

သူက စိတ်ထဲမှ မြည်တမ်းလိုက်၏။ နောက်တစ်ခု ကို သတိရပြန်သည်။

ဒက်(ရှ်)ဘုတ်ထဲကို ကုန်းကာ လက်နှိပ်ဓာတ်မီး ကို ရှာလိုက်ပြန်သည်။ သူတို့နှစ်ယောက် လာခဲ့စဉ်က တော ချောက်တော့ နှင်းဖြူက လက်နှိပ်ဓာတ်မီးတစ်ခုလုံးကို တော ချောက်ရာကို ပစ်ခဲ့၏။

ဟ ဘယ်လိုလဲ။

ဒက်(ရှ်)ဘုတ်ထဲတွင် လက်နှိပ်ဓာတ်မီးကို ဆွဲယူ လိုက်သည်။ သူ တုန်လှုပ်သွားသည်။

အကြောင်းက သည်လို။

လက်နှိပ်ဓာတ်မီးကို တွေ့ရလို့ ဆွဲယူစဉ်မှာ သူစိတ်



ထဲ ဇဝေဇဝါ ဖြစ်သွားစဉ်/ လက်နှိပ်ဓာတ်မီးကို ဖွင့်ကြည့်တော့ ဘက်ထရီအားကြောင့် မီးအလင်းရနိုင်ပါလျက်နှင့် မရဘဲ မီးလုံး တွင် မှေးမှိန်သော မီးမျှင်ကြိုးကလေးကိုပဲ တွေ့ရ၏။

ဘက်ထရီဓာတ်ခဲ အားကုန်နေချေပြီ။

ဒါဆို သူသည် လက်နှိပ်ဓာတ်မီးကို သုံးခဲ့လို့ပေါ့။

ဒါဆို နှင်းဖြူနဲ့ တွေ့ခဲ့ရတာ သေချာပါပြီ။

ပိုပြီး သေချာအောင် သူ့ဘောင်းဘီဘေးအိတ်ထဲ ကို စမ်းကြည့်၏။ မာကြောကြော ခိုးလိုးခုလို့အရာကလေးကို တွေ့ ရသည်။

ကပျာကယာ ဆွဲထုတ်၍ မီးရောင်အောက်တွင် ကြည့်လိုက်၏။

နီရဲသော ပတ္တမြားလုံးလေး။

ဒါ... ဒါဆို နှင်းဖြူပေးခဲ့တဲ့ လက်ဆောင်။

ပတ္တမြားကို ကြည့်ကာ ဝမ်းသာသွားသည်။ နှင်း ဖြူနဲ့ တွေ့ခဲ့တာ အမှန်ပဲပေါ့။

သည်ပတ္တမြားကို နှင်းဖြူက သူ့အား ပေးခဲ့တော့ သူက နှင်းဖြူအား ရွှေဆွဲကြိုးကို အမှတ်တရ ပြန်ပေးခဲ့၏။

လည်ပင်းတွင် ရွှေဆွဲကြိုးကို သူပြန်စမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ကျယ်သွားတော့သည်။ နှင်းဖြူကို ပေးလိုက်ခဲ့တဲ့ သူ့ရွှေဆွဲကြိုးက သူ့လည်ပင်းမှာ ရှိနေဆဲ ဆွဲထားဆဲပါကလား။

စနေ ရှူးကို ရှူးချင်သွားသည်။

နှင်းဖြူနဲ့ တွေ့ခဲ့ရသော အဖြစ်အပျက်တို့သည် တကယ်ပဲလား၊ အိပ်မက်ပဲလား၊ သူ့စိတ်တွေ လွင့်ပါးလို့ ကယောင်ချောက်ချား အတွေးနှင့် ထင်ဟပ်ခဲ့တာပဲလား။

"နှင်းဖြူရေ... ကိုယ်တော့ ရူးပြီဟေ့... "

သူက အမှောင်ထဲမှာ အော်လိုက်မိ၏။ ပို၍ သေချာစေရန် သေနတ်ရှိသော ဒက်(ရှ်)ဘုတ်ကို စမ်း၍ သေနတ်ကို ဆွဲယူလိုက်၏။

ဒက်(ရှ်)ဘုတ်ထဲမှာ သေနတ်ရှိသည်ဆိုကတည်းက စိတ်ထဲ တစ်မျိုးဖြစ်သွား၏။ သေနတ်ကို သူသုံးခဲ့သောကြောင့် သေနတ်သည် ဒက်(ရှ်)ဘုတ်ထဲမှာ ရှိနိုင်မည် မဟုတ်ပါ။

အပြင်မှာပဲ ရှိရမည်။

ဒါဆိုလျှင် သေနတ်ကို သူမသုံးခဲ့လို့ ဖြစ်မည်။

ပိုသေချာအောင် သေနတ်ကျည် ကလစ်ကို ဖွင့်ချလိုက်၏။ လက်ထဲရောက်လာသော ခင်ထဲမှ ကျည်ကပ်ကို တစ်



တောင့်ချင်းတစ်တောင့်ချင်း ကျည်ဆန်တွေ ထွက်ရန် နှိပ်ကြည့်၏။

ကျည်ဆန်တွေ ထွက်လာ၏။

သူထည့်ထားခဲ့တာ ဆယ်တောင့်။

ရေတွက်ကြည့်တော့ ခြောက်တောင့်ပဲ ရှိသည်။ လေးတောင့်လျော့နေ၏။ လူနှစ်ယောက်ဖြစ်သော ရွှေဖုန်းလူနှင့် ပန်းမွှေးကို တစ်ဦးလျှင် နှစ်တောင့်စီကျနှင့် ပစ်ခဲ့ပြီးချေပြီ။

"ဘုရား... ဘုရား... ငါတော့ ရူးတော့မှာပဲ... "

သေနတ်ပြောင်းကို နမ်းကြည့်တော့လည်း ယမ်းခိုးစော်နံနေသည်။ သေနတ်ကို သုံးခဲ့တာ သေချာသည်။

ဒါပေမဲ့ သည်သေနတ်က ဒက်(ရှ်)ဘုတ်ထဲ ဘာကြောင့် ပြန်ရောက်နေသလဲ။

မဝေခွဲနိုင်သောအဖြစ်။

မရှင်းနိုင်သော ပြဿနာ။

တွက်လို့ အဖြေရှာမရသော ပုစ္ဆာတစ်ခု။

"နှင်းဖြူရေ... မင်းတကယ်ရှိတယ်ဆိုရင်... ကိုယ့်ဆီလာပါဦး... "

သူက ကျယ်လေ ... ၁ တမ်းတမ်းသာတ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူ မလာခဲ့ပါ။

သူ့ရင်ထဲ ဆွေးလျှမှုနှင့်အတူ သူ့ခေါင်းဘေးကို လက်နှစ်ဖက်နှင့် ထုမိ၏။

"နှင်းဖြူရေ… ကိုယ့်ရင်တွေ ကွဲနေပြီ… "

သူသည် ကားဘေးတွင် မျက်နှာအပ်ခေါင်းတင်ကာ တစ်ချက်ရှိုက်လိုက်သည်။

မျက်ရည်ပေါက် နှစ်ပေါက်သည် မျက်ဝန်းထဲမှ ယိုစီးထွက်လာသည်။

နှင်းဖြူနှင့် သူတွေ့ခဲ့သည် ထင်သည်။ နှင်းဖြူသည် သူ့အိပ်မက်ထဲမှ ထွက်ပြေးသွားသည်။

သူက ကားထဲဝင်ထိုင်သည်။ ကားစက်ကို နှိုး၏။ အအေးဒဏ်ကြောင့် ဘက်ထရီမီး မလိုက်သော်လည်း သုံးလေးချိန် တဂျုံဂျုံနှိုးပြီး လီဗာကို ကစားလိုက်တော့ ကားစက်က နိုးလာ၏။

သူ့ကိုယ်သူ ဝေခွဲလို့ မရသော စိတ်နှင့်ပင် ကားဦးကိုနောက်ကြောင်းပင် ခက်ခက်ခဲခဲ ပြန်လှည့်ကာ မောင်းလာ၏။

နှင်းဖြူကို လူလို့ပဲ သူ့စိတ်ထဲ သတ်မှတ်ထားသည်။

မကောင်းဆိုးဝါး နာနာဘာဝဆိုတာ သူ့စိတ်ထဲ



လက်ရှိအချိန်အထိ မယုံကြည်ပါ။

လမ်းတစ်လမ်းလုံး တိတ်ဆိတ်နေသည်။ လေးငါးရက်အတွင်း ဖြစ်ခဲ့သောအဖြစ်သည် သူ့ရင်ထဲတည်ရှိပေမဲ့ ထိုအဖြစ်ကို သူကလွဲပြီး တခြားဘယ်သူမှ သိမည်မဟုတ်ပါ။

သူဖြစ်ခဲ့တာတွေကို ကိုခင်မောင်ဆွေတို့အား ပြောပြခဲ့လျှင် ကိုခင်မောင်ဆွေတို့ လင်မယား အတော်အံ့ဩသွားရှိမည်။ သည်တောနက်ထဲမှ လူတွေအကြောင်း ယခင်က သူတို့သိရှိမည်မဟုတ်ပါ။

သူတို့ လင်မယားက ရက်အတန်ကြာအောင် ပျောက်နေသော မိမိကို စိတ်ပူနေမှာ သေချာသည်။

သူက ကားကို မြို့ရောက်သည်အထိ မောင်းခဲ့၏။

လက်ပတ်နာရီက ရပ်နေတော့ ဘယ်နှစ်နာရီ ထိုးပြီဆိုတာတောင်မသိ။

သူ ရောက်လာသောအခါ မြို့မှာ တိတ်ဆိတ်နေ၏။

ညဈေးတန်းတောင် မရှိတော့။

သူ ဗိုက်ထဲမှာ မဆာပါ။ ပြည့်နေသလိုတောင်။

ကားကို တိုက်ရှေ့မှာ ထိုးရပ်လိုက်၏။ ကိုခင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဆွေတို့ အခန်းကို မော်ကြည့်လိုက်၏။

အခန်းမှာ မီးပိတ်ထား၏။

သူက ကားတံခါးတွေကို သေချာစွာ ပြန်ပိတ်ကာ အခန်းရှိရာသို့ တက်လာသည်။

သေနတ်ကိုတော့ ယူလာ၏။

တံခါး ဘဲ(လ်)ကို နှိပ်လိုက်၏။ အခန်းထဲမှာ မီးတွေ ပွင့်သွားသည်။

"ဘယ်သူလဲ... "

ဒါ ကိုခင်မောင်ဆွေရဲ့အသံ။

"ကျွန်တော်ပါဗျ... စနေထွန်းပါ... "

တံခါးပွင့်သွားသည်။

ကိုခင်မောင်ဆွေရော အန္တီပါ ရပ်နေကြ၏။

"ကိုစနေထွန်း... အမလေး... ခင်ဗျားဗျာ... ပြန်လာမှလာပါ့မလားလို့ စိတ်ပူနေတာ... "

"ကျွန်တော်... ကြာသွားတယ်ဗျာ... ဒါလောက် ရက်ကြာမှာတော့... ခင်ဗျားတို့ စိတ်ပူနေမှာပဲလို့... "

"ဗျာ... "

ခင်မောင်ဆွေက တစ်ခွန်းသာပြော၍ သူ့မိန်းမကို



လှည့်ကြည့်လိုက်သည်။ အန္တီက

"ကိုစနေထွန်း... ရှင် ဘာတွေပြောနေတာလဲ... "

"ဩော်... ကျွန်တော် လေးငါးခြောက်ရက်ပျောက်သွားလို့ ခင်ဗျားတို့ စိတ်ပူနေမှာပဲလို့... "

"ကိုစနေထွန်း... ခင်ဗျား ဘာတွေလာကြောင်နေတာလဲ... မနေ့ညက... ခင်ဗျား ရှစ်နာရီမှာ ထွက်သွားတယ်... ဆယ့်နှစ်နာရီထိ ခင်ဗျား... ပြန်မလာဘဲ အခုမနက် မိုးလင်းကာနီးမှ... ခင်ဗျား ရောက်လာတာ... အခု လေးနာရီ ထိုးပြီးနေပြီဗျ... နာရီလည်း မော်ကြည့်ပါဦး... "

"ဗျာ... "

သည်တစ်ခါ ဗျာတာက စနေရယ်။

သူက တိုင်ကပ်နာရီကို မော်ကြည့်လိုက်သည်။ မှတ်ပါရဲ့။ လေးနာရီထိုးပြီးလို့ ဆယ်မိနစ်။

"ဟင်... ဒါဆို မနေ့ညရှစ်နာရီက ထွက်တာ... ဒီမနက် လေးနာရီမှ ဒီကိုရောက်လာတယ်ပေါ့... "

"ဒါပေါ့ဗျ... "

"ရှင်... ဘာတွေဖြစ်လာတာလဲ ကိုစနေထွန်း... ရှင် ပြန်

www.burmeseclassic.com

www.burmeseclassic.com



မလာသေးလို့… မလာမလာနဲ့ ကျွန်မတို့က စောင့်နေကြတာ… အခုမှပဲ အိပ်ကြတော့မလို့ မီးပိတ်လိုက်ကြတာပဲ ရှင့် တံခါးခေါက်သံကြောင့် ပြန်ဖွင့်လိုက်တာရှင်… ”

အန္တဲ့က စနေကို စူးစူးစိုက်စိုက် ကြည့်ဆို၏။

“ဒါဆို… ရက်တွေ မကြာခဲ့ဘူးပေါ့… ”

“ခင်ဗျား… ရူးနေသလားကိုစနေထွန်း… မနေ့ည (၈)နာရီမှာ… ခင်ဗျား ထွက်သွားတာ… အခု မနက်လေးနာရီ ပြန်လာတယ်… စုစုပေါင်း ရှစ်နာရီပဲ ခင်ဗျား… ကြာခဲ့တာ ဘယ်လိုလုပ် ရက်တွေကြာခဲ့မှာလဲ… ”

“ကိုစနေထွန်း… ရှင် သွားတာ မဟုတ်တဲ့နေရာသွားတာ စဉ်းစဉ်းစားစားလည်း လုပ်ပါနော်… ”

အန္တဲ့ကတော့ မိန်းမပီပီ ခပ်ကြောက်ကြောက် ပြောသည်။ စနေ ငိုင်ကျသွားသည်။

သူ့ လက်ပတ်နာရီကို ပြန်ကြည့်လိုက်၏။

ဆယ့်နှစ်နာရီခွဲမှာ ရပ်နေဆဲ။

အဲ့သည် ရပ်သွားသည့်အချိန်မှာ သူကြုံတွေ့ခဲ့ရတာတွေက ပြန်စဉ်းစားကြည့်လျှင် အံ့ဩထိတ်လန့်ဖို့ကောင်း



သည်။

တကယ်ပဲလား။ အိပ်မက်ပဲလားဆိုတာ ဝေခွဲလို့ မရပါ။

တွေ့ရှိသော အထောက်အထားတွေကလည်း မှန်တာလည်းရှိသည်။ မမှန်တာလည်း ရှိသည်။

အားလုံး ကမောက်ကမတွေ။

စနေက သက်ပြင်းချသည်။ သက်ပြင်းနှင့်အတူ လေးတွဲ့စွာ ပြောလိုက်သည်။

“ကျွန်တော်… ထူးထူးဆန်းဆန်းတွေ ကြုံတွေ့ခဲ့ရတယ်ဗျာ… ”

“ဗျာ… ဘယ်လို… ထူးထူးဆန်းဆန်း… ”

ကိုခင်မောင်ဆွေ မျက်လုံးတွေ ကျယ်လာ၏။ စနေက နီးရာကုလားထိုင်တွင် ထိုင်ချလိုက်သည်။

ရင်ထဲမှာ ကျဉ်နေဆဲ၊ နာဆဲ။

နှင်းဖြူရယ်။ ခွဲလာခဲ့တာ ခွင့်လွှတ်ပါကွယ်။

“ကိုစနေထွန်း… ရှင် ဘာတွေပြောမလို့လဲ… ကျွန်မ ကြောက်တယ်နော်… ”

သရဲတစ္ဆေဆိုလျှင် စိတ်ဝင်စားသလောက် ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တတ်သော အနွံ့ကဆိုသည်။

စနေက ရယ်သည်။

လင်မယားနှစ်ယောက်လုံးက သူ့ကို ခပ်ကြောင်ကြောင် ကြည့်နေကြသည်။

"ကျွန်တော် ပြောမှာ... ကြောက်စရာ လန့်စရာတွေ မပါပါဘူး... သရဲတစ္ဆေလည်း မပါဘူး .. လူတွေအကြောင်းပါ ထူးထူးဆန်းဆန်း တွေ့ခဲ့ရတဲ့ လူတွေအကြောင်းပါ... "

"လူတွေ... လူတွေပဲဗျာ... ဘာထူးဆန်းတာလိုက်လို့..."

"အဲဒီလူတွေက ထူးဆန်းတယ်ဗျ... ခင်ဗျားတို့ အိပ်ချင်ရင် အိပ်တော့လေ... မနက်မှပြောပြမယ်... "

"ခင်ဗျားကို မြင်ရတာနဲ့... မအိပ်ချင်တော့ပါဘူးဗျာ... အနွံ့ သွားအိပ်ချင် အိပ်တော့... "

"ဟင့်အင်း... အနွံ့လည်း မအိပ်ချင်ဘူး... သူပြောတာ နားထောင်ချင်တယ်... "

"မနက်ဘက် ဆိုင်ထွက်ရဦးမယ်... "

"ရပါတယ် ကိုဆွေရယ်... နေ့တစ်ဝက်ပဲ ဆိုင်ထွက်လိုက်မယ်... "

"ကဲဗျာ... ခင်ဗျားတို့ နားထောင်ချင်ရင်... ကျွန်တော် ပြော



ပြမယ်... "

စနေကလည်း ခံစားချက်သမားမို့ ပြောပြချင်နေသည်။

စနေပြောတာ နားထောင်ရင်း အံ့သြကြရသည်။ ထူးဆန်းကြရသည်။ မယုံကြည်အောင် ဖြစ်ကြရသည်။

လုံးဝပဲ ဇာတ်ကိုချုပ်သောအခါ မယုံကြည်မှုက လင်မယားနှစ်ယောက် ရင်ထဲမှာ တင်ကျန်ရစ်ခဲ့၏။

လေးနာရီကျော်မှ ပြောသော နှုတ်တိုက်ဇာတ် လမ်းက ငါးနာရီထိုးမှ ပြီးချေသည်။

"ခင်ဗျား... ဘယ်လိုယူဆသလဲ... "

ဇာတ်လမ်း အဆုံးသတ်ပြီးမှ စနေက မေး၏။ ခင်မောင်ဆွေက ငိုင်နေ၏။ ခဏနေမှ

"ခင်ဗျားကကော... "

"ကျွန်တော်က ခင်ဗျားကို မေးနေတာဗျ... "

"ခင်ဗျားပြောတာ ကျွန်တော် မယုံဘူး... လူဟာဒီလောက် အစွမ်းမထက်ဘူး... စဉ်းစားကြည့်ဗျာ... မားနုတ်လို့ မသေဘူး... သွေးမထွက်ဘူး... လက်ပြတ်ကြီးကိုပြန်တပ်

www.burmeseclassic.com

www.burmeseclassic.com



တာ အကောင်းဆုံးပကတိဖြစ်သွားတယ်ဆိုတာ ရုပ်ရှင်တို့ ဗီဒီယိုတို့ထဲမှာ ရှိတာပဲ… အထူးသဖြင့် နိုင်ငံခြားက စာတ်လမ်းတွေထဲမှ ဒါတွေဖြစ်တာပဲဗျ… ”

“ကျွန်တော်လည်း မယုံကြည်နိုင်စရာကောင်းအောင် ဒါတွေဖြစ်ခဲ့တာပဲ… ”

“စိတ်မဆိုးနဲ့ဗျာ ကိုစနေထွန်း… ခင်ဗျား စိတ်ကူးယဉ်ပြီး လာပြောတာတော့ မဟုတ်ပါဘူးနော်… ”

“ကျွန်တော် ကြုံတွေ့ခဲ့ရတာပါ… ဒါပေမဲ့ ကျွန်တော့်အဖို့ တကယ်တွေ့ခဲ့တာလား… သတိမေ့နေတုန်း ကျွန်တော့် ဝိညာဉ်က ပျံ့လွင့်ပြီး အိပ်မက်လို ဖြစ်ခဲ့တာလားဆိုတာ ဝေခွဲမရအောင် ဖြစ်နေတယ်… ”

“ခင်ဗျားဝိညာဉ် ပျံ့လွင့်ပြီး ထင်ရာမြင်ရာတွေ မြင်မက်ခဲ့တာ ဖြစ်ပါလိမ့်မယ်ဗျာ… ပြီးတော့… ခင်ဗျားတွေ့ခဲ့တာတွေဟာ တွေ့ခဲ့ရင်တောင်မှ လူတော့ဟုတ်ဟန်မတူဘူး… မကောင်းဆိုးဝါး နာနာဘာဝတွေ ဖြစ်မယ်… ”

“ဒါတွေကို ကျွန်တော် အယုံအကြည် မရှိဘူး… ခုလည်း မယုံဘူး… ကျွန်တော်တွေ့ခဲ့ရင်တောင် သူတို့ဟာ လူတွေ



ပဲ… ကြည့်ရတာ ရှေးမင်းတွေလက်ထက်ကတည်းက ဒီတောဒီတောင်ထဲ ရောက်လာကြပြီး သူတို့ရဲ့မျိုးနွယ် တစ်စု ကျန်ခဲ့တာဖြစ်မယ်… ပြီးတော့ သူတို့က အင်္ဂလိပ်ဆိုရင် မုန်းတယ်ဗျ… ”

“ဒီလိုလည်း လူဆိုပြီး တရားသေပြောလို့မရဘူး ကိုစနေထွန်းရယ်… ရှင်သွားတာက တောကြီးမျက်မည်းထဲပဲ… ရှင်တွေ့တာ တောထဲကကြပ်တို့ ဥစ္စာစောင့်တို့ ဖြစ်မှာပေါ့… သူတို့က လူယောင်ဆောင်တယ်လို့ ကျွန်မ ကြားဖူးတာပဲ… ဒါပေမဲ့ ရှင် အိပ်မက်မက်တာဖြစ်မယ်… ”

“ကျွန်တော်တော့ ဝေခွဲမရဘူးလေ… ခင်ဗျားတို့ပြောတော့လည်း ခင်ဗျားတို့က မယုံ… ”

“မဖြစ်မှ မဖြစ်နိုင်ဘဲ… ”

စနေက သူ ဇဝေဇဝါဝေခွဲမရပုံ ဖြစ်ရတာက လက်နှိပ်စာတ်မီး၊ သေနတ်ကျည်ဆန် လျော့နေတာတွေအကြောင်း ပြောရင်း တစ်စုံတစ်ခုကို သတိရသည်။

“ခင်ဗျားတို့က မယုံဘူး… တကယ်ဖြစ်ခဲ့ပါတယ်ဆိုတာ သက်သေပြလိုက်ရင် ကျွန်တော့်ကို ခင်ဗျားတို့ ဟားလို့

www.burmeseclassic.com

www.burmeseclassic.com



ရမှာ မဟုတ်တော့ဘူး ကိုခင်မောင်ဆွေ… ”

“ဒါဆိုရင် ပြလေ… ”

“ကျွန်တော့်ကို နှင်းဖြူက အမှတ်တရလက်ဆောင်လေး တစ်ခုတော့ ပေးလိုက်တယ်… အဲဒါဟာ ပတ္တမြားပဲ… ပတ္တကမြားတစ်ခုပေါ့… ဒီပတ္တမြားက ကျွန်တော့်ဆီပါ လာတယ်… ”

“ဟုတ်သားပဲ… ခင်ဗျားပြောခဲ့တဲ့ အကြောင်းထဲမှာ ဒီပတ္တမြားပေးတာ ပါလာတာပဲ… ပြစမ်းဗျာ… ကြည့်ရအောင်… ”

“ဟုတ်တယ် ကိုစနေထွန်း… ရှင်ပြောတာ ကျွန်မ ကြားခဲ့ပါတယ်… ရှင့်ပတ္တမြားကို ပြစမ်းပါဦး… ”

အန္တိကာပါ တိုက်တွန်းစကားပြောလာသည်။

စနေက သူ့ပေါင်တစ်ဖက်ကိုဆန့် ကိုယ်ကိုစောင်းကာ ဘောင်းဘီဘေးအိတ်ထဲမှ ပတ္တမြားကို ထုတ်လိုက်၏။

“ကိုင်း… အဲဒါသက်သေပဲ… ”

နီယွန်မီးချောင်းရောင်အောက်တွင် မြင်ရသော စနေ၏လက်ဝါးပြင်ပေါ်ကို လင်မယားနှစ်ယောက်လုံးက အံ့ဩ



တွေဝေစွာကြည့်နေ၏။

စနေကိုယ်တိုင် လင်မယားနှစ်ယောက် အမူအရာကိုကြည့်ကာ အားပါးတရ ပြုံးလိုက်သည်။

“တွေ့တယ် မဟုတ်လား… ”

သူက ပြော၍ ပတ္တမြားကို ကြည့်လိုက်၏။

“ဟင်… ”

သူ တုန်လှုပ်သွားသည်။

သူ့လက်ဝါးပြင်ပေါ်မှာ သူတွေ့ခဲ့ရတာက နီရဲရွှန်းစိုသော အရည်ရှိသည့် ပတ္တမြားမဟုတ်ဘဲ ကျောက်ခဲလုံးကလေးဖြစ်နေသောကြောင့်ပင်တည်း။

ခင်မောင်ဆွေသည် ကြောက်ရွံ့တုန်လှုပ်သော မျက်နှာနှင့် အန္တိကိုကြည့်သလို အန္တိကလည်း ထို့အတူ အဓိပ္ပာယ်သက်ရောက်သောအကြည့်နှင့် ခင်မောင်ဆွေကို ပြန်ကြည့်မိသည်။

“ကိုစနေထွန်း… ခင်ဗျားဟာ ကျောက်ခဲကြီးပဲ… ဘယ်လိုဖြစ်ရတာလဲဗျာ… ”

ခင်မောင်ဆွေ့အသံမှာ တုန်လှုပ်သံပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စနေပင် ဘာပြောရမှန်းမသိတော့ပါ။

သူပြောတာတွေကို တစ်ဘက်က ယုံကြည်ပါစေတော့ဟု သက်သေအထောက်အထားပြကာမှ ပဏ္ဍမြားက ကျောက်ခဲဖြစ်နေသည်။

သူတွေ့ခဲ့တာ ဘယ်သူတွေလဲ။

ဘယ်လိုလူတွေလဲ။

နှင်းဖြူဆိုတာကကော သည်လောကကြီးမှာ တကယ်ရှိတဲ့လူပေပဲလား။

သို့မဟုတ်...

သူ စိတ်ကူးခဲ့တာ အိပ်မက်မက်ခဲ့တာပေပဲလား။

လတ်တလောမှာ စနေ မဝေခွဲနိုင်တော့။

ခင်မောင်ဆွေနှင့် အဖွဲ့ကတော့ စနေကို တူညီသော ထင်မြင်ချက်နှင့်သာ မှတ်ချက်ချလိုက်တော့၏။

စနေ ရူးသွားပြီဆိုတာပဲ။

တကယ်တော့ သူတို့စိတ်ထဲမှာလည်း စနေလို ဝေခွဲမရသော အတွေးနှင့်မေးခွန်းက ရှိနေ၏။

သူတို့ ဘယ်သူတွေလဲ။



စာရှုသူကကော သူတို့ကို ဘယ်သူတွေဟု ထင်ပါသလဲ။

ကိုယ့်ကိုယ်ကို ဖြေကြည့်ပါ။

သံလွင်ဦးမယ်ကွယ်
စောညို
၂၃-၆-၂၀၀၃

www.burmeseclassic.com



## ဤဝတ္ထုဇာတ်လမ်း၏ နောက်ဆက်တွဲဖြစ်ရပ်များ

စနေ၏အဖြစ်သည် ပြီးခဲ့သောဇာတ်လမ်းနှင့်ဝင် အခုံးသတ်ပြီဟု ထင်မှတ်စရာရှိသည်။

သူ့စကားကို သူမှတစ်ပါး မည်သူမှမယုံကြည် သည်ကို သိရှိနားလည်သွားပြီးနောက် စနေက မြုံနေလိုက်သည်။

အကယ်၍ ယုံလျှင်လည်း စနေသည် မကောင်း ဆိုးဝါးနာနာဘာဝများနှင့်သာ တွေ့ဆုံခဲ့လိမ့်မည်ဟု ယူဆကြမ် မလွဲ။

အဲသည်လို ယူဆတာကိုတော့ စနေ လက်မခံနိုင် ပါ။

သူကိုယ်တိုင်က နာနာဘာဝ ပရဗိဉာဉ်လော



ကို လက်စံယုံကြည်ထားသူ မဟုတ်တာကြောင့် သူတွေ့ခဲ့သော နှင်းဖြူတို့ရွာသူ ရွာသားတစ်သိုက်သည် ရှေးရိုးကို မစွန့်ပစ်နိုင် သောလူများ ဖြစ်သလို ရှေးရိုးစဉ်ဆက်မှ ဆင်းသက်ပြီးအကြောင်း တစ်ခုခုကြောင့် ဤတောကြီးမျက်မည်း လူသူမနီးနေရာတွင် ရွာ တည်ကာ တံခါးပိတ်နေလိမ့်မည်။

ဒါကြောင့် သူတို့သည် ခေတ်၏ပြောင်းလွဲမှုကို မသိ။

ခေတ်၏တိုးပွားကြီးမြင့်မှု၊ လူနေစနစ်တွေ၊ ယဉ် ကျေးမှုတွေ တိုးတက်ပြောင်းလွဲလာသည်ကို မသိဘဲနေကြပေ လိမ့်မည်။

ပတ္တမြားမှ ကျောက်ခဲဖြစ်တာကိုတော့ သူ ပထမ အံ့ဩတုန်လှုပ်ခဲ့သည်။ နောက်မှ သူ ပြန်စဉ်းစားမိ၏။

သူ အိပ်မက်မက်လို့ပဲ ယောင်ပေါင်ပြီး ထိုကျောက် ခဲကို ပတ္တမြားအမှတ်နှင့် ယူလာမိသလား။

တကယ်ဖြစ်ခဲ့လို့လည်း ကျောက်ခဲကို တစ်ဘက်က အမြင်မှားအောင် မျက်လှည့်သဘောတရားနှင့် သူ ယုံကြည် အောင် လုပ်ခဲ့လေသလား။

အဲဒါကို သူဝေခွဲမရ။

နှင်းဖြူနှင့်ဆုံခဲ့တာကိုလည်း တကယ့်အဖြစ်လား

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်ခဲ့တာလားဆိုတာကို ဝေခွဲမရ။

သူ့ရင်ထဲ အမှတ်ထင်ထင်ရှိနေတာကတော့ နှင်းဖြူပဲဖြစ်သည်။ နှင်းဖြူ ဘယ်ကိုရောက်သွားလေသလဲ။

ဟိုနှစ်ကောင်ကတော့ သေလိမ့်မည်ဆိုတာ ယုံကြည်သည်။ အိပ်မက်ပဲထားဦးတော့။

ထိုအိပ်မက်သည် ပျက်ပြယ်သွားပြီး နောက်ဆုံးပြန်လည် ဆက်စပ်မက်လို့မရသလို နှင်းဖြူနှင့် ရွှေဖုန်းလူတို့သည်လည်း ပျောက်ကွယ်သွားပြီဟု ယူဆမိ၏။

အဖြစ်မှန် ဟုတ်မဟုတ် စူးစမ်းရန်ကတော့ သူ အဲသည်နေရာကိုသွားပြီး ထပ်မံရှာဖွေရန်ပဲ ဖြစ်၏။

သူ ထပ်မံသွားရန်ကို ဘယ်သူ့ကိုမှ မပြောရန်လည်း အမိန့်ချက်ကာ မှတ်ထားခဲ့၏။

သူ့ကိုအကြောင်းသိလျှင် ဗိုင်းဟားနေကြမှာကို မခံရစ်နိုင်ပါ။

သူ ကိုခင်မောင်ဆွေတို့ရောက်၍တွေးငေးနေသော နောက်တစ်နေ့မှာပဲ ဖေဖေ့ဆီက တယ်လီဖုန်းလာသည်။

ခင်မောင်ဆွေတို့ တစ်ဘက်ခန်းမှာ ဖုန်းရှိသဖြင့် ခင်မောင်ဆွေ့အကြံပေးချက်အတိုင်း အကြောင်းရှိ ဖုန်းခေါ်ရန် ဖုန်းနံပါတ်ပေးထားသည်။



သူ့ဆယ်လူလာဖုန်းကိုတော့ ရန်ကုန်မှာပဲ ထားခဲ့သည်။ ဖေဖေက အရေးတကြီး အလုပ်ကိစ္စတိုင်ပင်ရအောင် ရန်ကုန်ကို ပြန်ခေါ်သည်။

စနေက ကိုခင်မောင်ဆွေတို့လင်မယားကို ဖေဖေက ပြန်ခေါ်နေကြောင်း ပြောသည်။

အဲသည်နောက် ရန်ကုန်ကို သူ့ကားနှင့်ပဲ ပြန်သွားတော့၏။ စနေ့အကြောင်းကို တစ်ခါတစ်ခါ လင်မယားနှစ်ယောက် ရယ်စရာပြောဖြစ်သည်။ ကိုခင်မောင်ဆွေက

"သည်ကောင်က တစ်ယူသန်ပဲ… လောကမှာ သူ မယုံဘူးဆိုရင် မယုံဘူးဘဲ… အခု သူတွေ့ခဲ့တယ်ဆိုတာ စိတ်ကူးယဉ်ဖြစ်ချင်ဖြစ်… မဖြစ်လို့ တကယ်ဆိုလည်း ပရလောကက အကောင်တွေနဲ့ တွေ့တာဖြစ်မယ်… ဒီလူကြောင်တာပါ… "

ဟု သူ့မိန်းမကို ပြောသည်။ အနွံ့က

"ဒီတစ္ဆေသရဲ ကြပ်တို့ ဥစ္စာစောင့်တို့ဆိုတာ တကယ်ပဲရှိသလား… တချို့ကရှိတယ် ပြောတယ်… တချို့ မရှိဘူးပြောတယ်… ယုံရခက်ခက်… မယုံရခက်ခက်ပဲ… "

"အနွံ့ရေ… မင်းပဲ ဒီစကားတွေပြောပြောပြီး ကြောက်ခဲ့တာပဲ… "

www.burmeseclassic.com

www.burmeseclassic.com



"အို… ဒါက ဗွီဒီယိုနိုင်ငံခြားရုပ်ရှင်တွေထဲမှာ ခဏခဏ ကြည့်ဖူးတော့ ကြောက်တာပေါ့… "

"မိရိုးဖလာ အစွဲအလန်းနဲ့ဆို ရှိတယ်ပြောရမှာပေါ့ ရှေးလူကြီးတွေက တစ္ဆေသရဲ ရှိတယ်လို့ ပြောခဲ့တာကို အေး… ခေတ်အမြင်နဲ့ကျတော့ ဒါတွေကို ခေတ်ပညာတတ်တွေက(REJECT) ရီဂျက်လုပ်ပစ်လိုက်ကြတယ် (SUPERNATURAL)ခေါ်တဲ့ သဘာဝလွန်မှုကိုလက်မခံဘူး ဒါပေမဲ့ (OCCULT)ခေါ်တဲ့ ဂမ္ဘီရပညာတွေကျတော့ လက် လို့မရဘူး… အင်မတန်လျှို့ဝှက်နက်နဲတဲ့ အဖြစ် ရှိတယ်… အင်မတန် ဆန်းကြယ်တဲ့အဖြစ်တွေ ရှိတ အန္တရာ… "

"ဒါဆို ကိုစနေထွန်း တကယ်ကြုံခဲ့တယ်ဆိုတာ ဂမ္ဘီရ ပျက်တဲ့သဘောပေါ့… "

"တို့အမြင်ကတော့ ဒီကောင်ကြီး စိတ်ကူးယဉ်ပြီး ကြ သွား ပေါက်သွားတာနဲ့တူပါတယ်ကွာ… "

သည်သို့ပဲ သူတို့က သဘောထား ပြောလိုက် သည်။ စနေ ပြန်သွားပြီး သူ့ဆီမှ ဖုန်းနှစ်ခါလာသည်။

နောက်ထပ်မလာတော့ပါ။

သည်လိုနှင့် နှစ်လလောက် ကြာသွားပြီးနော



ခင်မောင်ဆွေရော အန္တုပါ သူတို့အိမ်မှာ ရှိနေကြချိန်တွင် တိုက်အောက်ဘက်မှာ SURF ကားတစ်စီး ထိုးဆိုက်လာသည်။

ထိုဇိမ်ခံကားထဲမှ အသက်လေးဆယ်ကျော် ခန့်ညားသည့် လူကြီးတစ်ယောက် ဆင်းလာ၏။

ခင်မောင်ဆွေတို့၏အခန်းကို စုံစမ်းပြီး တက်လာသည်။

တံခါးခေါက်သဖြင့် အန္တုကဖွင့်ပေးလိုက်၏။

"ဒါ ကိုခင်မောင်ဆွေတို့အခန်းလား… "

ထည်ဝါသော ဧည့်ခန်းကို လူကြီးက မျက်လုံးကစားပြီးမေးသည်။

"ဪ… ဟုတ်ကဲ့ရှင့်… ကျွန်မတို့အခန်းပါရှင်… "

ပြောပြီး အတွင်းဘက်သို့လှမ်း၍

"ကိုဆွေရေ… ဧည့်သည်လာတယ်… "

ခင်မောင်ဆွေတို့နှင့် သည်လူကြီးက တွေ့သော် လူကြီးက သူဘယ်သူဖြစ်ကြောင်း ပြောပြသည်။

"အန်ကယ်(လ်)က စနေထွန်းရဲ့အဖေ ဦးခင်မော်ထွန်းပါ… စနေထွန်းက ငါ့တူတွေအိမ်မှာ လွန်ခဲ့တဲ့နှစ်လလောက်က တည်းသွားတယ်လို့ သိရတယ်… "

"ဪ… ဟုတ်ပါတယ်… အန်ကယ်(လ်)… ဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်… ကျွန်တော်နဲ့ကိုစနေထွန်းက စကူးနှလ်မိတ်(SCHOOL MATE) တွေပါ… တက္ကသိုလ်မှာလည်း အတူတက်ခဲ့ကြတာပါ… ”

“ထိုင်ပါရှင် အန်ကယ်(လ်)… ”

ရိုရိုသေသေ လေးလေးစားစားပင် ပြောသည်။

စနေထွန်းလောက် လူကြီးက မချောပေမင့် ခန့်ညားမှုကတော့ အရုပ်အမောင်းချော၊ ရုပ်ရည်ချော စနေထက် ပိုအံ၊

မျက်နှာကတော့ ညှိုးလျှလျှ။

“စနေထွန်း နေကောင်းရဲ့လား… ”

ခင်မောင်ဆွေက အကဲခတ်မေးသည်။ ဦးခင်မော်ထွန်းက ခေါင်းကို ညင်သာစွာယမ်းပြသည်။

“သိပ်နေမကောင်းဘူးကွယ်… သူ မင်းတို့ဆီက ပြန်လာပြီးတဲ့နောက် မှိုင်နေ ငိုင်နေတယ်… စက်ရုံကိုသွားခိုင်းတာလည်း မသွားဘူး… တစ်ချိန်က အင်မတန် ဖျတ်ဖျတ်လတ်လတ်ရှိတဲ့သားဟာ အမြဲငိုင်နေမှိုင်နေတတ်တယ်… ညဘက်ဆိုလည်း မအိပ်ဘူး… အိပ်ပြန်ရင်လည်း ပါးစပ်က ယောင်ယမ်းပြောဆိုနေတာပဲ… ”

“ဘာတွေပြောတာလဲ အန်ကယ်(လ်)… ”



“သူ့စကားတွေထဲမှာ နှင်းဖြူဆိုတဲ့အမည်လည်း ပါတယ် မင်းမလာခဲ့နဲ့… မင်းဟာ ရှုန်းလွဲပါပဲတဲ့… မင်းဆီ ငါလာမယ်… အဲဒီလိုပဲ သူပြောတတ်တယ်… ”

လင်မယားနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။ ဦးခင်မော်ထွန်းက သက်ပြင်းချ၍…

“အဆိုးဆုံးကတော့ သူ့ကျန်းမာရေးပဲ… မကြာခဏဆို သလိုဖျားတယ်… စိတ်တွေ ဂယောက်ဂယက်လည်း ဖြစ်ဟန်တူတယ်… ထူးခြားတာက သူ့ဝမ်းဗိုက်ဟာ တစ်နေ့တခြား ပူပူလာတာ မိန်းမတစ်ယောက် ကိုယ်ဝန်ဆောင်ထားသလိုပါပဲ… အန်ကယ်(လ်)တို့လည်း စိုးရိမ်မိတာကြောင့် အိပ်စရေးတွေ စီတီစကဲန်တွေ ရိုက်တော့… သူ့ဗိုက်ထဲမှာ အရာဝတ္ထုတစ်ခုရှိနေတယ်လို့ ဆရာဝန်တွေကဆိုတယ်… ဝမ်းဗိုက်ထဲမှာ အသားလုံးတစ်လုံးရှိနေတယ်တဲ့… သူတို့ကတော့ ကင်ဆာလို့ တွက်တယ်… အဲဒါ ခွဲစိတ်ကုသမှု ဆေးရုံကို မတင်ရသေးဘူး… အန်ကယ်(လ်)အသွားမှာ တော့ ဆေးရုံတင်ပြီး ခွဲရမယ်… အသားစကို သူတို့စစ်ကြည့်မယ်ပြောတယ်… ”

“ကြားရတာ စိတ်မကောင်းစရာပါပဲလား အန်ကယ်(လ်)

www.burmeseclassic.com

www.burmeseclassic.com



ရယ်… သူ ဒီမှာနေတုန်းက ကောင်းနေတာ… ဘယ်လိုက ဘယ်လို ဖြစ်သွားတာလဲ… ”

“ဟုတ်ပါရဲ့ရှင်… အန္တီတို့ စိတ်မကောင်းဘူး… ”

“အန်ကယ်(လ်)ကတော့ ဘယ်လိုမှ မထင်ပေမဲ့… သူ့အမေကတော့ ဘစ်မျိုးထင်တယ်… သူက မိန်းမသားစိုဗီစုန်းတို့ နတ်တို့ယုံတယ်… စနေ ဒီကိုလာရင်း အမှားတစ်ခုခုများ လုပ်မိသလားပဲတဲ့… အဲဒါ မင်းတို့ကို သွားမေးပါဆိုလို့ အန်ကယ်(လ်) လာမေးတာပါ… ”

“ဖြစ်ရလေ အန်ကယ်(လ်)ရယ်… ရန်ကုန်က ဒီကိုလာတာ ပင်ပန်းလိုက်တာ… ဖုန်းဆက်လိုက်ရင် ပြီးရော… ”

“ဖုန်းနဲ့ဆိုတော့ စကားပြောရတာ အားမရဘူး… ပြီးကောင် စနေကို မေးလို့လည်း ဘာမှပြန်မပြောဘူး— မဖြေဘူး… သူ့အကြောင်း မောင်ခင်မောင်ဆွေတို့များ သိမလားလို့… ”

ဖခင်အနေနှင့် သိထိုက်ကြောင်း သူတို့သိသည်… ဒါကြောင့် စနေ၏အိပ်မက်လား တကယ့်အဖြ… လားဆိုသည့် ဝေခွဲမရသော ဇာတ်လမ်းကိုပြောပြပါတော့၏…

ဦးခင်မော်ထွန်းက နားထောင်ပြီး သက်ပြင်းချ…

“ဒါမျိုးဆိုတာ ယုံနိုင်ရ အင်မတန်ခက်တာပဲ… မယုံ…



လည်း မရဘူး… ယုံလို့လည်း မဖြစ်ဘူး… ဒါပေမဲ့… ယုံရခက်ခက်၊ မယုံရခက်ခက်စကားကို ယုံတယ်လို့ပဲ သဘောထားရမှာပေါ့… ဒါလောက်ဆို အန်ကယ်(လ်) နားလည်ပါပြီ… သူဟာ ချစ်သူသေသွားခဲ့တဲ့ အစွဲအလန်းနဲ့ စိတ္တဇဖြစ်ချင်လည်း ဖြစ်နေမှာပါ… ”

“သူ့ရောဂါက အရေးကြီးပါတယ် အန်ကယ်(လ်)… ”

“တတ်နိုင်ရင် မင်းတို့ ရန်ကုန်လိုက်ပြီး ကြည့်နိုင်မလား… ငါ့တူ… ”

လင်မယားနှစ်ယောက် တိုင်ပင်ကြသည်။ သူတို့က စိတ်ဝင်စား၏။

လိုက်ပါဖို့ သဘောတူပြီးနောက် လင်မယားနှစ်ယောက်လုံး ဦးခင်မော်ထွန်း၏ကားနှင့်ပဲ ရန်ကုန်ကို လိုက်သွားကြသည်။

စနေထွန်းကိုတွေ့သည်။ စိတ်မကောင်းဖြစ်ကြရသည်။

စနေထွန်းမှာ နဂိုရ်ရုပ်ထက် အများကြီးကျသွားသည်။ လူလည်း ပိန်ချုံးကာ တောင့်တင်းသော ခန္ဓာကိုယ်အသွယ်ပိုင်းတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများလို ဝမ်းဗိုက်ကြီးပူထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ လေဖျဉ်း၊ သို့မဟုတ် ရေဖျဉ်းတစ်ခုခုဖြစ်နိုင်သည်ဟု အန္တီ့ကပြောသည်။ သည်လိုရောဂါမျိုးသည် အရက်ကို အလွန်အကျွံသောက်သောသူများ နှစ်ရှည်လများ ကြာလျှင်ဖြစ်တတ်သည်။ စီးကရက်ဆေးလိပ် အသောက်လွန်လျှင်လည်း ဖြစ်တတ်သည့်ရောဂါဟု အန္တီ့က ဆို၏။

ဒါပေမဲ့ စနေမှာ အရက်လည်းမသောက်၊ ဆေးလိပ်လည်းမသောက်ပါ။

သူ့ကိုကုသော ဆရာဝန်ကတော့ စနေ၏ကျန်းမာရေးစစ်တမ်းကိုယူရာတွင် စနေသည် နှစ်ခါသုံးခါဝမ်းကိုက်ဖူးသည်။

ထိုဝမ်းကိုက်မှုတွင် ဝမ်းကိုက်ရောဂါပိုးအမီးဘား (AMIBAS)များသည် ဝမ်းကိုက်ရောဂါပျောက်ပြီး မသေဘဲ တချို့အူသိမ်အူမတွင် ကျန်ရစ်ခဲ့မည်။

နှစ်လကြာတော့ ထိုရောဂါပိုးများ ကြီးထွားပွားများကာ တချို့ အသည်းထဲရောက်သွားလိမ့်မည်။

ဝမ်းကိုက်ရောဂါပိုး၊ အသည်းထဲရောက်တော့ အသည်းမှာ အလုပ်မလုပ်နိုင်သဖြင့် ကျောက်ကပ်နှင့် နွယ်ကာ နောက်ဆုံး ဝမ်းဗိုက်ပူလာသည်အထိ ရောဂါဖြစ်လာနိုင်စရာရှိသည်ဟု ဆို၏။



ဒါကြောင့် အသည်းတွင် ရောဂါပိုးရှိမရှိ စမ်းသပ်ကြ၏။

အံ့သြဖွယ်ပါသည်။

နောက်ဆုံး အဖြေက အသည်းတွင် ရောဂါပိုးမတွေ့ရပါ။

သူတို့သည် ဒါကိုပဲ အဖြေထားပြီး စနေကို ငွေကိုရေလိုစက်ပြီး ပေးရသော နာမည်ကြီး ဆေးရုံတစ်ခုတွင်တင်ကာ ခွဲစိတ်ကုသကြ၏။

အံ့သြဖွယ်ရာကောင်းသည်က စိတ်စကင်ရိုက်သလို ဝမ်းထဲတွင် အသားလုံးကြီးတစ်လုံးကို တွေ့ကြရ၏။

ထိုအသားလုံးကို သူတို့စစ်ဆေးအဖြေရှာ၏။

ကင်ဆာလည်း မဟုတ်။

ရောဂါပိုးလည်း မဟုတ်။

သာမန်အသားလုံးတစ်လုံးသာ ဖြစ်တော့၏။

ထူးခြားတာကတော့ ခေတ်မီနည်းဖြင့် စနေ၏ရောဂါကို ခွဲစိတ်ကုသပြီးသည့်နောက်မှာ စနေ ပြန်လည်ကျန်းမာသာခြင်းဖြစ်၏။

စနေသည် နှုတ်မှ ယခင်လို ကယောင်ကတမ်းတွေ မပြောသော်လည်း ငေးငိုင်မှိုင်တွေကာ တွေးနေသည်က

www.burmeseclassic.com

www.burmeseclassic.com



များသည်။

သူ့ကို ဦးခင်မော်က စိတ်အထူးကုဆရာဝန်များ လက်သို့အပ်လိုက်သည်။

စိတ်အထူးကုဆရာဝန်တစ်ယောက်က စနေ၏ မျိုးရိုးဗီဇ၊ သူ့ကိုယ်ရေးရာဇဝင်၊ ကျန်းမာရေးအခြေအနေ၊ စိတ်ဓာတ်အခြေအနေကို စစ်ဆေးသည်။

စနေသည် တစ်ခါတလေ စိတ်ကူးယဉ်တတ်ကာ တစ်ယူသန် တစ်ဇွတ်ထိုး လုပ်တတ်သည်ကိုလည်း ဦးခင်မော်ထွန်းနှင့် စနေ၏မေမေက ပြောပြသည်။

တစ်ခါတွင် သူရေးထားသော စာအုပ်တစ်အုပ်ကို သူပြ၏။

နေ့စဉ်သုံးဒိုင်ယာရီတွင် ဘာအကြောင်းမှရေး မထားဘဲ ရွှန်းလဲ့၊ နှင်းဖြူဆိုသော အမည်တွေကို တွေ့ရ၏။

ထိုအမည်များကြားတွင် ရွှန်းလဲ့ = နှင်းဖြူ = အချစ် ဆိုတာညီမျှခြင်းလက္ခဏာများနှင့် ဖော်ပြပြီး တစ်ဘက်စာမျက်နှာတွင် ရွှန်းလဲ့ = နှင်းဖြူ – ဘယ်သောအခါမှတွေ့ရမည်မဟုတ်ဟု နာမည်နှစ်ခုကြားတွင် ညီမျှခြင်းလက္ခဏာရော အနုတ်လက္ခဏာပါ ရေးထား၏။

အဲဒါကို စိတ်အထူးကုဆရာဝန်က စနေအား



အမိပ္ပာယ်ကို မေးတော့ စနေက မဖြေ။

ဖြေတော့လည်း ခေါင်းယမ်းပြခြင်းသာ သူ့အဖြေ။

ဆရာဝန်က စနေထွန်းကို စိတ်ကျရောဂါဖြစ်နေသည်ဟု မှတ်ချက်ချသည်။ စနေစားတာတော့ ကောင်းကောင်းစားသည်။

အိပ်တာတော့ အိပ်ချိန်နည်း၏။

သည်သားလေးတစ်ယောက်တည်းရှိပြီး သည်သားလေးမွေးလာပြီးကတည်းက စီးပွားတက် ချမ်းသာလာခဲ့ကြတာ သည်အထိပဲ။

သားကလည်းလိမ္မာသည်။ မိဘစိတ်ဆင်းရဲအောင် မလုပ်ခဲ့။ မိဘ၏အလိုကျအတိုင်းလုပ်သည်။

ဒါပေမဲ့ သူ စိတ်ထင်လျှင် မိဘကလွဲလို့ ဘယ်သူဘာပြောပြော တစ်ဇွတ်ထိုးလုပ်တတ်၏။

ဓာနည်တိုကို ဖမ်းစဉ်ကတည်းက တစ်ဇွတ်ထိုးပင် တစ်ယောက်တည်းသွားကာ အသေဖမ်းချခဲ့သည်။

မော်တော်ဆိုင်ကယ်စီးတာ ရည်းစားကိုတင်မစီးပါနှင့် ပတ်ဝန်းကျင်ကပြောသော်လည်း တစ်ဇွတ်ထိုးပဲစီးတာကြောင့် သူ့လက်တစ်ဘက် ကျိုးခဲ့ရသည်။ ရွှန်းလဲ့ သေခဲ့ရသည်။

ခင်မောင်ဆွေတို့ညကြီးအချိန်မသွားပါနှင့်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် တစ်ဖွတ်ထိုးသွားခဲ့လို့ ကားတိုက်ခံရသေးသည်။ ကံကောင်းလို့ မသေကောင်း မပျောက်ကောင်း။

ပြီးတော့ မယုံနိုင်လောက်သော အဖြစ်တွေနှင့် တွေ့လာခဲ့ပါသည်ဟုလည်း သူက ဆိုသည်။

သြော်… သားကိုချစ်တော့လည်း သူတို့သားလေး ထိခိုက်တိမ်းပါးမှာ စိုးသည်။

တစ်နေ့…

စနေ အလုပ်သွားမည်ဆိုကာ ထွက်သွားသည်။ သူ ပြန်မလာဘဲ သူ့ကားသာ ရန်ကုန်မြို့တစ်နေရာမှာ တွေ့လိုက်ရပြီး သူ့ကို မတွေ့တော့။

ဦးခင်မော်ထွန်း ဗျာများရပြန်ပြီလေ။

စနေ့အမေက တငိုငို။

ဦးခင်မော်ထွန်းမှာ သားပျောက်စနေကို ရှာရတာ တစ်ဘက်။ မိန်းမကို နှစ်သိမ့်ရတာတစ်ဘက်။

ဟင်း… ရင်မောလိုက်တာ။

စနေကို သတင်းစာထဲ ထည့်ခေါ်သည်။ ပြန်မလာပါ။ စိတ်ဖောက်ပြီး သွားချင်ရာသွားပြီဟု ထင်သည်။

ငွေကြေးချမ်းသာသူမို့ ခင်မောင်ဆွေ၏အကြံပေးချက်အရ လူတချို့ကိုခေါ်ကာ နှင်းဖြူနေထိုင်သည်ဆိုသော ရွာကို



တောနင်းရှာကြသည်။

ထိုရွာကို စုံစမ်းကြသည်။

လုံးဝမတွေ့ပါ။ ခါးကုန်းကြီးတောင်ခြေနားတွင် ယင်းရွာကို လုံးဝမတွေ့ပါ။ သည်ရွာသို့ စနေထွက်သွားသည်ဟု သူတို့ ယူဆသော်လည်း ရွာကိုလည်းကောင်း လူတွေကိုလည်းကောင်း မတွေ့ရပါ။

ထူးခြားတာတစ်ခုကတော့ ခါးကုန်းကြီးတောင်ခြေနားတွင် ဂူတစ်ဂူတွေ့ရတာ ထိုဂူထဲတွင် ဆွေးမြေ့နေသော လူရိုးတချို့၊ မဆွေးမြေ့ထားသော လူရိုးတချို့နှင့် ရှေးအသုံးအဆောင်တချို့ကို ဦးခင်မော်ထွန်းတို့ တွေ့ခဲ့ကြရ၏။

ထိုလူရိုးများသည် တစ်ချိန်က အင်္ဂလိပ်မျက်နှာဖြူတွေကို တော်လှန်တိုက်ခိုက်ခဲ့သော လူအချို့၏ အလောင်းမှ လူရိုးများဖြစ်နိုင်သည်ဟု ဦးခင်မော်ထွန်းနှင့် လိုက်ပါလာသော သူတချို့ ထင်မြင်ချက်ပေးကြသည်။

ဒါပေမဲ့ အဲသည်ထင်မြင်ချက်ကို ဦးခင်မော်ထွန်း စိတ်မဝင်စားနိုင်ပါ။

သူသည် သမိုင်းသုတေသီလည်း မဟုတ်ပါ။

ဘူမိဗေဒပညာရှင်လည်း မဟုတ်ပါ။

သားပျောက်ကိုရှာနေသော ဖခင်တစ်ဦးသာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တာမို့ သူ့သွားကိုပဲ သူ စိတ်ဝင်စားသည်။

စနေထွန်း မင်း ဘယ်မှာလဲကွယ်။

တကယ်တော့ စနေထွန်းသည် ဖခင်နှင့်မိခင်၏ ရင်ခွင်သို့ ပြန်မလာနိုင်အောင် ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ဦးခင်မော်ထွန်း၏ရင်ထဲမှာတော့ ဝမ်းနည်းဝက် လက်အော်မြည်နေသည်။

မင်းဘယ်မှာလဲ စနေထွန်း။

ဒါပါပဲနော်။

စောညို